# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အကျိုးထူးတရားလေးပါး**

အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအားဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)


၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက် ၂၀၂၁ ခုနှစ်၊ ဧပြီ ၂၄ ရက်၊ စနေနေ့ အတွဲ (၆၀)၊ အမှတ် (၂၀၃)


# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၃ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ကချင်ပြည်နယ်၊ ဆွမ်ပရာဘွမ်မြို့နယ်၊ ရွှေကူမြို့နယ်နှင့် ဗန်းမော်မြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေး ကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်း ဖြင့် မဲစာရင်း ၃ ကြိမ်နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေး ကတ်တစ်ခု တည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင် နေသူများ |
|---|---|---|---|---|---|---|
| ၁ | ကချင်ပြည်နယ် ဆွမ်ပရာဘွမ်မြို့နယ် မဲရုံ ၁၂ ရုံ | ၂၇၈၆ | ၄၂၉၇ | ၈ | | ၇၂ |
| ၂ | ကချင်ပြည်နယ် ရွှေကူမြို့နယ် မဲရုံ ၅၄ ရုံ | ၆၅၆၈၈ | ၅၆၃၄၇ | ၄၆၄၈ | ၁၇၈ | ၄၃၅၈ |
| ၃ | ကချင်ပြည်နယ် ဗန်းမော်မြို့နယ် မဲရုံ ၆၉ ရုံ | ၉၄၂၄၄ | ၇၆၇၈၈ | ၄၃၄၄ | ၄၅၃ | ၈၁၅၄ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ကချင်ပြည်နယ်၊ ဆွမ်ပရာဘွမ်မြို့နယ်၊ ရွှေကူမြို့နယ်နှင့် ဗန်းမော်မြို့နယ်တို့၏ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကို သက်ဆိုင်ရာမြို့နယ်အလိုက် ယခင်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ သက်ဆိုင်ရာမြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၃ မြို့နယ်တွင် မဲရုံပေါင်း ၁၃၅ ၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၈၁၅၂၈ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၂၆၂၈၃ ၊ ကျန်ရှိရမည့်အရေအတွက်မှာ ၅၅၂၄၅ ၊ မြေပြင်လက်ကျန် ၅၅၁၂၂ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့် အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၂၀၁ ဖြစ်ပြီး *စာမျက်နှာ ၁၀ ကော်လံ ၁* ❖



နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေး(၂/၂၀၂၁) ကျင်းပစဉ်။

# နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ၂၀၂၀ -၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အားလုံး၏ ပျမ်းမျှ ၇၂ ရာခိုင်နှုန်းပြီးစီး

**နေပြည်တော် ဧပြီ ၂၃**

နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေး(၂/၂၀၂၁) ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး/ ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေး တွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က နယ်စပ်ရေးရာ ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် ၅ ရပ်၊ ဦးတည်ချက် ၉ ရပ် တို့နှင့်အညီ ဝန်ကြီးဌာန၏ အဓိကလုပ်ငန်းနှစ်ခုဖြစ်သည့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသများရှိတိုင်းရင်းသားလူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ပြည်နယ်/ ပြည်မ အကြားအလပ်မရှိ ဟန်ချက်ညီညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ နယ်စပ်ဒေသများ ဖွံ့ဖြိုးရေးအတွက် အဓိကကျသည့် နယ်စပ်ဒေသများ *စာမျက်နှာ ၃ ကော်လံ ၁* ❄

**ယနေ့ မာတိကာ**


အမေရိကန်ဦးဆောင်သည့် ထိပ်သီးအစည်းအဝေးပွဲတွင် ရာသီဥတုပြောင်းလဲမှုအတွက် ကမ္ဘာ့ခေါင်းဆောင်များ ဆွေးနွေး (စာ-၁၂)

ထိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ထပ်မံဖြစ်ပွားမှုကြောင့် အတည်ပြုလူနာပေါင်း ၅၀၀၀၀ ကျော်အထိ ရှိလာ (စာ-၁၃)

ကိုဗစ်-၁၉ ကူးစက်မှု စံချိန်သစ် တင်လိုက်ပြီး အောက်ဆီဂျင် ပြတ်လပ်မှုတွေ ဖြစ်ပေါ်နေတဲ့ အိန္ဒိယ (စာ-၁၄)

မြန်မာ့အလင်း

# ကျောင်းဖွင့်ပါလျက် ကျောင်းမတက်ခဲ့သော်

မကြာမီကာလအတွင်း ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် နိုင်ငံတော်က စီမံဆောင်ရွက်လျက်ရှိသည်။ တက္ကသိုလ်အဆင့်များကို မေလဆန်းတွင်လည်းကောင်း၊ အခြေခံပညာကျောင်းများကို ဇွန်လဆန်းတွင်လည်းကောင်း ပြန်လည်ဖွင့်လှစ်သွားရန် စီစဉ်လျက်ရှိကြောင်း သတင်းများတွင် တွေ့ရှိရသည်။ ပြီးခဲ့သည့် စာသင်နှစ် တစ်နှစ်လုံး ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု အခြေအနေကြောင့် ကျောင်းများကို မဖြစ်မနေ ပိတ်ခဲ့ရာတွင် စာမေးပွဲဖြေဆိုလျက် တန်းလန်းနှင့်ပင် ပိတ်ထားခဲ့ရသည့် အတန်းများလည်း ရှိခဲ့သည်။ စာသင်နှစ်တစ်နှစ် ရပ်နားလိုက်ရခြင်းက ကျောင်းသူကျောင်းသားများ၊ မိဘများအတွက်သာမက နိုင်ငံတော်အတွက်လည်း နစ်နာမှုဖြစ်သည်။

ယခုအခါ ကိုဗစ်-၁၉ ရောဂါသည် ကမ္ဘာမြေပေါ်မှ ပျောက်ကွယ်သွားဦးမည်မဟုတ်သေးဘဲ နှစ်ကာလအတိုင်းအတာတစ်ရပ်အထိ ကြာမြင့်နေဦးမည်ဟု ယူဆလာကြခြင်းကြောင့် ရောဂါကူးစက်ပျံ့နှံ့မှုကို တားဆီးထိန်းချုပ်နိုင်ရေးအတွက် ပြုလုပ်ခဲ့ရသည့် အကန့်အသတ်၊ အာတားအဆီးများ၊ စည်းမျဉ်းစည်းကမ်းများကို ပြန်လည်သုံးသပ်လာရသလို ကပ်ရောဂါနှင့်အတူ ယှဉ်တွဲနေထိုင်ကာ အသက်မွေးဝမ်းကျောင်းပြုနိုင်ရေး၊ အလုပ်လုပ်ကိုင်နိုင်ရေး၊ ပညာသင်ကြားနိုင်ရေး၊ စက်ရုံအလုပ်ရုံများ လည်ပတ်နိုင်ရေး၊ ခရီးသွားလာနိုင်ရေးတို့အတွက်လည်း စဉ်းစားဆောင်ရွက်လာရသည်။ စည်းမျဉ်းစည်းကမ်းအသစ်များ ချမှတ်ပြီး အသိပညာပေးမှုများ ပြုလုပ်လာရသည်။ ကိုဗစ်-၁၉ ကပ်ရောဂါ ကျရောက်ခံရသည့် ကမ္ဘာ့နိုင်ငံများအားလုံး ဤကဲ့သို့ပင် ဆောင်ရွက်ခဲ့ကြရခြင်းဖြစ်ပြီး ယခုအခါ ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ် တစ်ကျော့ပြန် အန္တရာယ်ကို ရင်ဆိုင်ကာကွယ်နိုင်ရန် ပြင်ဆင်နေကြရပြီဖြစ်သည်။

ကျောင်းများ ပြန်လည်ဖွင့်လှစ်ရန် ပြင်ဆင်မှု ပြုလုပ်သည့်အခါ အဖျက်အမှောင့်များလည်း ပေါ်လာသည်။ အခြေခံပညာကျောင်းဆရာ ၊ ဆရာမများအား သင်ကြားမှု သင်ယူမှုဆိုင်ရာ အထောက်အကူပြုသင်တန်းများ အမြို့မြို့ အနယ်နယ်၌ ဖွင့်လှစ်သင်ကြားပို့ချရာတွင် ဆူပူအကြမ်းဖက်သမားများက နည်းအမျိုးမျိုးဖြင့် နှောင့်ယှက်ခဲ့ကြခြင်းဖြစ်သည်။ သင်တန်းဖွင့်လှစ်ထားသည့် ကျောင်းများကို လက်လုပ်မိုင်းဖြင့် ပစ်ပေါက်ခြင်း၊ အမှိုက်များ၊ အတားအဆီးများချ၍ ပိတ်ဆို့ခြင်း၊ ကျောင်းရှေ့တွင်သွား၍ ဆဲရေးတိုင်းထွာခြင်း၊ ဖေ့စ်ဘွတ်မှတစ်ဆင့် စော်ကားပြောဆိုအရှက်ခွဲခြင်း စသည်တို့အပါအဝင် နည်းလမ်းမျိုးစုံသည်။ ယခုကျောင်းများပြန်လည်ဖွင့်လှစ်မည့် အချိန်အခါကိုပါ ထုတ်ဖော်ပြောကြားလိုက်သည့်အခါ ကျောင်းပြန်တက်မည့် ကျောင်းသားများကို "ကျောင်းမတက်နဲ့ ကျောင်းထွက်"ဟူ၍ လှုံ့ဆော်လာကြသည်ကို တွေ့လာရသည်။ ကျောင်းတက်ခြင်းသည် တော်လှန်ရေးကို သစ္စာဖောက်ခြင်းဖြစ်ကြောင်း၊ ကျဆုံး/ဖမ်းဆီးခံလူငယ်များကို ထောက်ထားရန်လိုကြောင်း၊ ကျောင်းဖွင့်ခြင်းသည် စစ်အစိုးရ၏ စစ်ကျွန်မွေးမြူရေးစီမံချက်ဖြစ်ကြောင်း စသည်ဖြင့် ဝါဒမှိုင်းတိုက် လှုံ့ဆော်နေခြင်းဖြစ်ပြီး ကျောင်းဖွင့်ချိန်တွင်လည်း အေးချမ်းစွာ ပညာသင်ကြားမှုကို နှောင့်ယှက်ဖျက်ဆီးမည့် အရိပ်လက္ခဏာပြ ခြိမ်းခြောက်မှုတို့လည်း ပါဝင်သည်။

ကျောင်းသား ကျောင်းသူများ ကျောင်းမတက်ခြင်းဖြင့် ဦးစွာထိခိုက်နစ်နာသူမှာ ကာယကံရှင် ကျောင်းသား ကျောင်းသူပင်ဖြစ်သည်။ ရှေ့တွင်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စာသင်နှစ် တစ်နှစ် နစ်နာခဲ့ရပြီး အသက်တစ်နှစ်ကြီးခဲ့ရပြီးပြီဖြစ်သည်။ ပြည်တွင်းပြည်ပ အဖျက်အမှောင့်သမားတို့၏ လှုံ့ဆော်မှုကို နားယောင်ပြီး ကျောင်းမတက်ပါက မည်သူတို့ ထိခိုက်နစ်နာမည်နည်း၊ မည်သည့်အတိုင်းအတာအထိ ထိခိုက်နစ်နာမည်နည်း။ ဉာဏ်ပညာကိုသုံး၍ မှန်ကန်စွာ စဉ်းစားဆင်ခြင်ကြပါကုန်။ ။

## ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၁၁၆ / ၂၀၂၂
၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်
(၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၃ ရက်)

### ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဦးအေးထွန်း
(၂) ဦးထွန်းအုံ

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် ဧပြီ ၂၃

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင် တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးအား အမြဲတမ်းအတွင်းဝန်တာဝန်များကို ပူးတွဲထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## လသာမြို့နယ်တွင် ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံ

ရန်ကုန် ဧပြီ ၂၃

လသာမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ဦးဆောင်မှုဖြင့် မြို့နယ်အတွင်းရှိ အသက်(၆၅)နှစ် အထက် သက်ကြီးဘိုးဘွားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို ယနေ့နံနက် ၉ နာရီတွင် အမှတ်(၃)ရပ်ကွက် လမ်း ၂၀ ရှိ မြို့နယ်ဓမ္မာရုံ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံသည့်လုပ်ငန်းကို ဧပြီ ၂၀ ရက်မှ ၂၉ ရက်အထိ စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များမှအပ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ ဆောင်ရွက်ပြီး ပထမအကြိမ်ကာကွယ်ဆေးထိုးနှံသည့်လုပ်ငန်းကို မတ် ၂၂ ရက်တွင် စတင်ခဲ့ကြောင်း၊ လူဦးရေ စုစုပေါင်း ၁၅၆၇ ဦးကို ထိုးနှံပေးခဲ့ကြောင်းနှင့် ဒုတိယအကြိမ်ကာကွယ်ဆေးထိုးနှံပေးရာတွင် ယနေ့အထိ လူဦးရေ ၈၉၆ ဦး ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## အချိန်အခါမဟုတ် မိုးရွာနိုင်

နေပြည်တော် ဧပြီ ၂၃

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းတာချက်များအရ ကပ္ပလီပင်လယ်ပြင်ဘက်မှ ရေခိုးရေငွေ့ပါသည့် လေများတိုက်ခတ်လာခြင်းကြောင့်လည်းကောင်း၊ အနောက်ဘက်မှ ရွေ့လျားလာသော လေဖိအားနည်းချိုင့်ဝှမ်း၏ အရှိန်ကြောင့်လည်းကောင်း၊ (၂၅.၄.၂၀၂၂) ရက်မှ (၂၇.၄.၂၀၂၂) ရက်အတွင်း တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး (၂၈.၄.၂၀၂၂) ရက်မှ (၃၀.၄.၂၀၂၂) ရက်အတွင်း တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

ပြည်သူများအနေဖြင့် အချိန်အခါမဟုတ် မိုးရွာခြင်းနှင့်အတူ လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့် ရေကြောင်းခရီးစဉ်များအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ မိုး/ဇလ

❍ **လူငယ်အချို့ဟာ နယ်ချဲ့လက်ပါးစေရဲ့ လှည့်စားသွေးဆောင်ဖြားယောင်းမှုကို နားယောင်ပြီး တိုင်းပြည်ကို ဖျက်ဆီးမယ့် စီမံကိန်းကြီးထဲ Country Destructive Movements မှာ ပါဝင်ချင်ကြတယ်။ ရှေ့က အမှားသင်ခန်းစာတွေကို ကြည့်ပါ။**

**နားမယောင်လေနဲ့ သမီးတို့ သားတို့ မိဘများက နားဝင်အောင် တားဆီးနိုင်ကြပါစေ၊ ရှယ်တူသူငယ်ချင်းတွေက မမှားခင် ကယ်တင်ဆွဲခေါ်ကြပါလေ။**

## စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စနစ်တကျစီမံဆောင်ရွက်သွားရမည်

မြေပေါ်မြေအောက် သဘာဝသယံဇာတများ ထုတ်ယူရောင်းချမှုကို ထိန်းသိမ်းသွားရမည်ဖြစ်ကြောင်း၊ သစ်တောများ စိမ်းလန်းစိုပြည်စေရေးအတွက် တစ်ပင်စိုက် တစ်ပင်ရှင်စနစ်ဖြင့် သစ်တောများစိုက်ပျိုးခြင်းကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နောင်အနာဂတ်တွင် သဘာဝသယံဇာတပစ္စည်းများကို တန်ဖိုးမြင့်ထုတ်ကုန် အချောထည်များအဖြစ်သာ တင်ပို့ရောင်းချခွင့်ပြုသွားမည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အား တိုးတက်ရရှိရေးကိုလည်း ဆောင်ရွက်သွားရမည်ဖြစ်ပြီး ဆိုလာနည်းပညာဖြင့် လျှပ်စစ်ထုတ်ယူနိုင်ရေးကို ခွင့်ပြုပေးလျက်ရှိကြောင်း၊ စိုက်ပျိုးရေရရှိရေးအတွက် မြစ်ရေတင်လုပ်ငန်းများကို ပေါင်းစပ်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်း လုပ်ဆောင်သူများကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများက အားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စနစ်တကျစီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ တက္ကသိုလ်များ တစ်ခုစီသာရှိသဖြင့် ကောလိပ်များ၊ သိပ္ပံကျောင်းများ ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၆-၄-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသစီမံအုပ်အုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌများနှင့် တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

❊ ရှေ့ဖုံးမှ

တည်ငြိမ်အေးချမ်းရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကိုလည်း ကျရာကဏ္ဍမှ ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီစေရေး၊ အချိန်မီပြီးစီးရေးတို့ကို ချမှတ်ထားသည့် မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ အဆင့်ဆင့်သောဝန်ထမ်းများ အားလုံးက တာဝန်သိ၊ တာဝန်ယူ၊ တာဝန်ခံမှုများဖြင့် စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း။

**ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေး**

မိမိတို့ဝန်ကြီးဌာန အနေဖြင့် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ဆောင်ရွက်လျက်ရှိသော တည်ဆောက်ရေးလုပ်ငန်းများကို ကန့်သတ်ချက်များရှိနေသော်လည်း အရှိန်အဟုန်မပြတ် ဆောင်ရွက်အကောင်အထည်ဖော်နိုင်သည်ကို တွေ့ရှိရကြောင်း၊ လုပ်ငန်းများဆောင်ရွက်ကြရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ အားနည်းချက်၊ အားသာချက်များ၊ လိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းပေးနိုင်ရေးအတွက် ယနေ့ အစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း။

**မှတ်တမ်းတင်ဂုဏ်ပြု**

မိမိတို့ ဝန်ကြီးဌာနတွင် လက်ရှိ တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများအနေဖြင့် အတွေးအမြင် မှန်ကန်စွာဖြင့် နိုင်ငံ့ဝန်ထမ်းများ လိုက်နာကျင့်ကြံရမည့် စည်းမျဉ်း၊ စည်းကမ်း၊ ကျင့်ဝတ်များနှင့်အညီ မိမိတို့၏ လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြခြင်းအပေါ် အလေးအနက် မှတ်တမ်းတင် ဂုဏ်ပြုပါကြောင်း၊ ဆက်လက်၍ နိုင်ငံတော်အပေါ် သစ္စာရှိရှိ တာဝန်ကျေပွန်စွာ ဆောင်ရွက်သွားကြရန်နှင့် မည်သည့်ကိစ္စမဆို နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို ရှေးရှု၍ ဆင်ခြင်တုံတရားများဖြင့် သတိပြုဆောင်ရွက်ကြစေလိုကြောင်း၊ တစ်ဦးနှင့် တစ်ဦး ယုံကြည်မှုရှိရှိဖြင့် အဂတိတရားကင်းရှင်းစွာ ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဝန်ထမ်းများ၏ အခက်အခဲများနှင့် သက်သာချောင်ချိရေးတို့ကိုလည်း မူဝါဒများနှင့်အညီ အမြဲဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုများကို အကျဉ်းချုပ် ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး၊ ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးများက ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုများကို Online စနစ်ဖြင့် ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဖြစ်သည့် လမ်း၊ တံတား၊ ပညာရေး၊ ရေရရှိရေး၊ အိမ်ရာဆောက်လုပ်ရေး စသည့် လုပ်ငန်းစုစုပေါင်း ၅၆၀ ကို ခွင့်ပြုရန်ပုံငွေကျပ် သန်းပေါင်း ၆၂၃၄၃ ဒသမ ၇၆၃ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယနေ့အချိန်ထိ လုပ်ငန်းအားလုံး၏ ပျမ်းမျှ ၇၂ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး ရန်ကုန်၊ ပုသိမ်လမ်းမကြီး ရေမြောင်းရှင်းလင်းနေမှုနှင့် ပြည်လမ်းမြေအောက်လမ်းကူး လူသွားဥမင်ရှေ့ ကတ္တရာကွန်ကရစ် ခင်းကျင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၃

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရန်ကုန်၊ ပုသိမ်လမ်းမကြီးဘေးရှိ Detention Basin ရေစုကန်နှင့် ရေမြောင်းတစ်လျှောက် ရှင်းလင်းနေမှုနှင့် အမှိုက်ဆယ်ယူရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ (ဓါတ်ပုံ)



ကြည့်ရှုစစ်ဆေးစဉ် မြို့တော်ဝန်က "ရန်ကုန်၊ ပုသိမ်လမ်း ရေမြောင်းသည် လှိုင်သာယာမြို့နယ်နှင့် စက်မှုဇုန်အတွင်းမှ စွန့်ထုတ်သောရေများကို Detention Basin ဖြင့် လက်ခံပြီး လှိုင်မြစ်အတွင်းသို့ စီးဆင်းစွန့်ထုတ်စေခြင်းဖြစ်၍ ရေစီးရေလာကောင်းမွန်ပါမှ လှိုင်သာယာမြို့နယ်အတွင်း ရေလျှံမှုကို ကာကွယ်နိုင်မည် ဖြစ်ကြောင်း၊ ရေမြောင်းအတွင်း လုပ်ကိုင်ဆောင်ရွက်ရခြင်း ဖြစ်သဖြင့် ရောဂါကူးစက်မှု မရှိစေရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို ဂရုစိုက် ဆောင်ရွက်သွားကြရန် လိုကြောင်း၊ မြောင်းတစ်လျှောက် အသုံးမပြုတော့သည့် အဆောက်အအုံဟောင်းများနှင့် အမြင်မတင့်တယ်သည်များကို ရှင်းလင်းပြီး မြေယာရှုခင်း သာယာလှပရေး တစ်ဆက်တည်း ဆောင်ရွက်သွားကြရန်လိုကြောင်း" မှာကြားသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့် အဖွဲ့သည် နံနက် ၈ နာရီတွင် ကမာရွတ်မြို့နယ် ပြည်လမ်း ရန်ကုန်ပညာရေး တက္ကသိုလ်အနီးရှိ မြေအောက်လမ်းကူး လူသွားဥမင် ( Underpass) တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိရာ တာဝန်ခံအင်ဂျင်နီယာက ဥမင်အတွင်း ဆိုင်ခန်းများ ဆောက်လုပ်နေမှုနှင့် ဓာတ်လှေကားနှင့် စက်လှေကား တပ်ဆင်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ မြို့တော်ဝန်က လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ရန်ကုန်မြို့တော်ဝန်သည် ပြည်လမ်းမြေအောက်လမ်းကူးအား မူလခြောက်လမ်းသွားရရှိအောင် ကတ္တရာကွန်ကရစ် (AC) ခင်းကျင်းနေမှု လုပ်ငန်းအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နေပြည်တော် ဥတ္တရသီရိမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများအား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဧပြီ ၂၃**

နေပြည်တော် ဥတ္တရသီရိမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများအား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ဆွမ်းဆန်တော်လှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် မဏိဇောတိက ကျွဲရှင်းကျောင်းတိုက် ဓမ္မဝိစယသာသနာ့ဗိမာန်တော်၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော် ဥတ္တရသီရိမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ မဏိဇောတိက ကျွဲရှင်းကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တပဒုမ အမှူးပြုသော ဆရာတော်ကြီး ငါးပါး ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ အမြဲတမ်းအတွင်းဝန်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နေပြည်တော် ဥတ္တရသီရိမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ မဏိဇောတိက ကျွဲရှင်းကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တပဒုမ ဆရာတော်ကြီးထံမှ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို အမှူးပြုသော ဌာနဆိုင်ရာ အကြီးအကဲများက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ရတနသုတ်၊ မေတ္တသုတ်၊ ပုဗ္ဗဏှသုတ် ပရိတ်တရားတော်များကို နာယူကြည်ညိုတော်မူကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် ဝန်ကြီးဌာနအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ၊ မတ်နှင့် ဧပြီလများတွင် နေပြည်တော် ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇေယျာသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်များအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများသို့ ဆွမ်းဆန်တော် ၉၀၄ အိတ်ကို ဆက်ကပ်လှူဒါန်းခဲ့ပြီး ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ကမ္ဘာ့အလယ်တွင် ထေရဝါဒ ဗုဒ္ဓသာသနာ့ ဂုဏ်ရောင်ထွန်းပြောင်နေရခြင်းသည် သာသနာ့အရေး ရှေ့တန်းပေးလျက် အလေးအနက် ဆောင်ရွက်တော်မူကြသော သာသနာ့ဝန်ဆောင် ဆရာတော် သံဃာတော်များ၏ ဂန္ထဓုရ၊ ဝိပဿနာဓုရ နှစ်ဖြာကို သေချာတိကျ ဆောင်ရွက်တော်မူကြခြင်းကြောင့် ဖြစ်ပါကြောင်း၊ ဆရာတော်များ ဆွမ်းကွမ်းဘောဇဉ် မျှတပြီး သက်ရှည်ကျန်းမာစွာဖြင့် ဗုဒ္ဓမြတ်စွာ၏ ဓုရနှစ်ဖြာ သာသနာတော်ကို ဆတက်ထမ်းပိုး သယ်ပိုးထမ်းဆောင်နိုင်ကြပါစေကြောင်းနှင့် ဗုဒ္ဓမြတ်စွာသာသနာတော် မြတ်ကြီး အနှစ်မြားမြောင်စွာ တည်တံ့ထွန်းလင်းဝေစည်နိုင်ပါစေကြောင်း လျှောက်ထားသည်။

ထို့နောက် နေပြည်တော်၊ ဥတ္တရသီရိမြို့နယ် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်၊ ရာဇဓာနီ သာမဏေကျော်ကျောင်းတိုက်၊ ပဓာနနာယကဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတေဇောဘာသ မထေရ်မြတ်ကြီးထံမှ အနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ယနေ့တွင် ဥတ္တရသီရိမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၆၂ ကျောင်းတွင် သီတင်းသုံးနေထိုင်တော်မူကြသော ရဟန်း၊ သာမဏေ ၆၂၃ ပါးတို့အား ဆွမ်းဆန်တော် ၁၂၃ အိတ် လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဘွဲ့လွန်အသုံးချရှေးဟောင်းသုတေသနပညာဒီပလိုမာနှင့် ပြတိုက်ပညာဒီပလိုမာ ဒုတိယနှစ်ဝက်သင်တန်း ပြန်လည်ဖွင့်လှစ်

**နေပြည်တော် ဧပြီ ၂၃**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနအနေဖြင့် ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် မိမိတို့၏ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ချစ်ခင်မြတ်နိုးတန်ဖိုးထား ထိန်းသိမ်းလိုစိတ် မြင့်မားလာစေရေးနှင့် ရှေးဟောင်းအမွေအနှစ်များကို စနစ်တကျ ထိန်းသိမ်းနိုင်စေရေးအတွက် လေ့ကျင့်ပျိုးထောင်ပညာပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် ရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းရေးလုပ်ငန်းများ ပြန့်ပွားရေးအတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့် အမျိုးသားယဉ်ကျေးမှုအနုပညာတက္ကသိုလ်တို့ပူးပေါင်းကာ ရှေးဟောင်းသုတေသနပညာရပ်အတွက် ဘွဲ့လွန်အသုံးချရှေးဟောင်းသုတေသန ပညာဒီပလိုမာ(၁)နှစ်သင်တန်းကို ၂၀၀၅-၂၀၀၆ ပညာသင်နှစ်မှစတင်၍ လည်းကောင်း၊ ပြတိုက်ပိုင်းဆိုင်ရာပညာရပ်များအတွက် ပြတိုက်ပညာဒီပလိုမာ(၁)နှစ် သင်တန်းကို၂၀၀၂-၂၀၀၃ ပညာသင်နှစ်မှစတင်၍လည်းကောင်း သင်တန်းကျောင်းမှ ဆရာ ဆရာမများ၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနမှ သက်ဆိုင်ရာကဏ္ဍအလိုက် ကျွမ်းကျင်ပညာရှင်များအပြင် ပြည်တွင်း/ပြည်ပမှ ကျွမ်းကျင်ပညာရှင် ပုဂ္ဂိုလ်များကို ဖိတ်ခေါ်၍ ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကြောင့် ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း(ပြည်)၌ ဖွင့်လှစ်သင်ကြားလျက်ရှိသော ဘွဲ့လွန်အသုံးချရှေးဟောင်းသုတေသနပညာဒီပလိုမာ (၁)နှစ်သင်တန်း ဒုတိယနှစ်ဝက် စာသင်ကာလသင်တန်းနှင့် အမျိုးသားပြတိုက်(ရန်ကုန်)၌ ဖွင့်လှစ်သင်ကြားလျက်ရှိသော ဘွဲ့လွန်ပြတိုက် ပညာဒီပလိုမာ(၁)နှစ် သင်တန်းဒုတိယနှစ်ဝက် စာသင်ကာလသင်တန်းတို့ကို ၂၀၂၀ ပြည့်နှစ် မတ် ၂၄ ရက်တွင် အသီးသီးရပ်နားထားခဲ့ရသည်။

ယခုအခါ အဆိုပါ ၂၀၁၉-၂၀၂၀ ပညာသင်နှစ် ဘွဲ့လွန်ပြတိုက် ပညာဒီပလိုမာ (၁)နှစ် ဒုတိယနှစ်ဝက် စာသင်ကာလ သင်တန်းကို ဧပြီ ၂၀ ရက်မှစ၍ အမျိုးသားပြတိုက် (ရန်ကုန်)၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ကာကွယ်၊ တားဆီးရေးဆိုင်ရာ စီမံချက်များ၊ အကြံပြုချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်ခဲ့ပြီး ၂၀၁၉-၂၀၂၀ ပညာသင်နှစ် ဘွဲ့လွန်အသုံးချရှေးဟောင်းသုတေသနပညာ ဒီပလိုမာ(၁)နှစ် ဒုတိယနှစ်ဝက် စာသင်ကာလသင်တန်းကို မေ ၄ ရက်တွင် ရှေးဟောင်းသုတေသနနည်းပညာသင်တန်းကျောင်း(ပြည်)၌ ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေသွေးဂျာနယ် ထွက်ရှိ

**ရန်ကုန် ဧပြီ ၂၃**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ဧပြီလ ၂၄ ရက် (စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် တိရစ္ဆာန်ပင်ဖြစ်သော်လည်း သိတတ်လိမ္မာလွန်းသော ခွေးလေးဒိုးဒိုးအကြောင်းကို တင်ဆက်ထားသည့် "လိမ္မာတဲ့ ဒိုးဒိုး" မျက်နှာဖုံး ဇာတ်လမ်း၊ အမှိုက်များကို စနစ်တကျ စွန့်ပစ်ပါက ကျန်းမာရေးအတွက် ကောင်းမွန်ပြီး မိမိပတ်ဝန်းကျင်ပါ သာယာလှပမည်ဖြစ်ကြောင်း ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် "အမှိုက်ကောက်ခြင်းသည် ရှက်စရာမဟုတ်ပါ" သုတဆောင်းပါးနှင့် နွေရာသီရောက်လာပြီဖြစ်၍ အပူဒဏ်ကို ကာကွယ်နိုင်မည့်နည်းလမ်းများကို ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် "နွေရာသီ အပူဒဏ်ကို ကာကွယ်ကြစို့" သုတဆောင်းပါး၊ မိမိကိုယ်ကိုယ်အထင်ကြီး၍ မာန်တက်နေသော လိပ်ကလေးအကြောင်းကို တင်ဆက်ထားသည့် "မာန်တက်သော လိပ်" နှစ်မျက်နှာကာတွန်း၊ မိမိထက် အင်အားနည်းပါးသည့် သတ္တဝါလေးများကို ရန်ပြုတတ်သော ကျားဆိုးကို အမြင်မှန်ရရှိစေရန် ပညာပေးပြောဆိုနိုင်သော ပညာရှိယုန်လေးအကြောင်းနှင့် မိမိ၏ ဆိုးမိုက်မှုကို နောင်တရသွားသော ကျားဆိုးအကြောင်းကို တင်ဆက်ထားသည့် "မေတ္တာစိတ်"ပုံပြင်၊ ကလေးများပေးပို့သော ကာတွန်းများကို ဖော်ပြထားသည့် "ရွှေသွေးတို့




လက်ရာ" ကဏ္ဍ၊ သူတစ်ပါးကို မိမိ၏ ထင်မြင်ယူဆချက်ဖြင့် မပြောဆိုသင့်ကြောင်းကို ပညာပေးတင်ဆက်ထားသည့် "ရွှေပိုး-အထင်နှင့်အမြင်" နှစ်မျက်နှာကာတွန်း၊ နာမ်ရှေ့တွဲသုံး စကားလုံးများကို (Determiner) အကြောင်းကို လေ့ကျင့်ခန်းများနှင့်တကွ တင်ဆက်ထားသည့် "ရွှေသွေး အင်္ဂလိပ်သဒ္ဒါ" အင်္ဂလိပ်စာ သင်ခန်းစာကဏ္ဍ အပါအဝင် ကဗျာကဏ္ဍ စုံလင်စွာဖြင့် ဖတ်စရာ မှတ်စရာများ ပါရှိကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## သူနာပြုနှင့် ဆေးဘက်ဆိုင်ရာအထောက်အကူပြုလုပ်ငန်းများ ပုံမှန်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၂၃**

သူနာပြုနှင့် ဆေးဘက်ဆိုင်ရာ အထောက်အကူပြု လုပ်ငန်းများ ပုံမှန်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ပြည်သူလူထုအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအတွက် ပြည်သူ့ဆေးရုံများကို အဓိက အားကိုးအားထားပြုနေရပါကြောင်း၊ ပြည်သူ့ဆေးရုံများတွင် ဆေးကုသမှုဆောင်ရွက်ရာတွင် ဆရာဝန်များအပြင် သူနာပြုများ၊ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ဝန်ထမ်းများ၏ အခန်းကဏ္ဍမှာ မရှိမဖြစ် အရေးကြီးပါကြောင်း၊ ယခုအချိန်ကာလတွင် အကြောင်းအမျိုးမျိုးကြောင့် ပုံမှန်လည်ပတ်နိုင်မှု မရှိသည့် ဆေးရုံများရှိသော်လည်း ဆရာဝန်များ၊ သူနာပြုများ၊ ဆေးဘက်ဆိုင်ရာကျွမ်းကျင်ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်မပျက် တာဝန်ထမ်းဆောင်နေသူများလည်းရှိပြီး ရှိသည့်အင်အားဖြင့် လူနာများ၏ ရောဂါရှာဖွေရေး၊ ဆေးကုသရေးတို့ကို အထောက်အကူပြုနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေသည်ကို သိရှိရသည့်အတွက် အထူးချီးကျူးဂုဏ်ယူပါကြောင်း၊ ဆေးရုံဝန်ထမ်းများနည်းတူ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများသည်လည်း မိမိတို့တာဝန်ကျရာနေရာများတွင် ဆက်လက်ကြိုးပမ်းဆောင်ရွက်နေကြသည်ကို သိရှိရပါကြောင်း။



**လူနာအများအပြား အခက်အခဲတွေ့**

နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အတွက် ဝန်ထမ်းကျင့်ဝတ်နှင့်အညီ နိုင်ငံတော်နှင့် ပြည်သူလူထုအပေါ် သစ္စာစောင့်သိရန် လိုအပ်သလို ကျန်းမာရေးဝန်ထမ်းများသည် မိမိတို့ Professional အလိုက် ထိန်းသိမ်းရမည့် ကျင့်ဝတ်များနှင့်အညီ လိုက်နာဆောင်ရွက်ကာ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဆေးရုံများ ပုံမှန်လည်ပတ်နိုင်ခြင်းမရှိသည့်အတွက် လူနာအများအပြား အခက်အခဲတွေ့ရှိကာ ထိခိုက်နစ်နာမှုများ ရှိနေကြပါကြောင်း၊ အထူးသဖြင့် ဆေးကုသမှုရရှိရန် နှောင့်နှေးခြင်းကြောင့် ကိုယ်ဝန်ဆောင်မိခင်များ အသက်ဆုံးရှုံးခြင်း၊ မွေးကင်းစကလေးများ အသက်ဆုံးရှုံးခြင်းတို့ ဖြစ်ပေါ်ပါက ဝမ်းနည်းဖွယ်ရာ ဖြစ်ပါကြောင်း၊ နာတာရှည် ကျောက်ကပ်ရောဂါ လူနာများအတွက် ကျောက်ကပ်သွေးသန့်စင်ခြင်းကဲ့သို့ ကျန်းမာရေးဝန်ဆောင်မှုများမှာ ပုံမှန်ဆောင်ရွက်နေရမည့် လုပ်ငန်းများဖြစ်ပြီး အဆိုပါလုပ်ငန်းများကို သင်တန်းရရှိပြီး သူနာပြုများက ကျွမ်းကျင်စွာဖြင့် ဆောင်ရွက်နိုင်ကြသဖြင့် လူနာများအကျိုးအတွက် မိမိတို့ရှိသည့်အင်အားဖြင့် ဆက်လက်ဆောင်ရွက်ကြစေလိုပါကြောင်း။

**အမျိုးမျိုးတိုက်ခိုက်ဟန့်တားလျက်ရှိ**

ဝန်ကြီးဌာနအနေဖြင့် ဆေးနှင့်ဆေးပစ္စည်းလိုအပ်ချက်များကို ပံ့ပိုးနိုင်ရေးဆောင်ရွက်ထားပါကြောင်း၊ သူနာပြု/သားဖွားသင်တန်းကျောင်းများရှိ ကျောင်းအုပ်ကြီးများ၊ သူနာပြု ဆရာမကြီးများသည် မိမိတို့၏ ညီမငယ်သူနာပြုများ၊ သင်တန်းသူ/သင်တန်းသားများအတွက် အနန္တဂိုဏ်းဝင်ဆရာများဖြစ်ကြပါကြောင်း၊ အခြားဝန်ထမ်းများအတွက် Role Model များဖြစ်သည့်အလျောက် ပြည်သူများ၏ ကျန်းမာရေးကို စောင့်ရှောက်နိုင်သော Profes-sional ပီသသော စိတ်ဓာတ်များ၊ အပြုအမူများကို လက်ဆင့်ကမ်းပေးကြရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ယခုအချိန်ကာလ၌ မမှန်ကန်သော သတင်းစကားအမျိုးမျိုးကို နားယောင်ကာ မိမိတို့ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်မှု ပျက်ပြားကြရသည်ကိုလည်း တွေ့ရှိရပါကြောင်း၊ ပြန်လည်တာဝန်ထမ်းဆောင်လိုသူများ မဝင်ရောက်နိုင်အောင် တာဝန်ထမ်းဆောင်နေသူများကို သတင်းအမှားများဖြင့် အမျိုးမျိုးတိုက်ခိုက် ဟန့်တားလျက်ရှိပါကြောင်း။

ကိုဗစ်-၁၉ ကာကွယ်ဆေးနှင့် ပတ်သက်၍ သတင်းမှားများကို ဖြန့်ဝေခဲ့ကြသော်လည်း မိမိတို့အနေဖြင့် မိမိတို့ ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ကာ လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ကြပါကြောင်း၊ မိမိတို့ ပတ်ဝန်းကျင်ရှိ လုပ်ဖော်ကိုင်ဖက်များကိုလည်း လုပ်ငန်းခွင်သို့ ပြန်လည်မဝင်ရောက်အောင် ဖြန့်ဝေနေသည့် သတင်းအမှားများကို အမှန်မြင်အောင် ရှင်းလင်းပြောပြကာ မိမိတို့ ကျန်းမာရေးဝန်ထမ်းများ၏ စည်းလုံးညီညွတ်မှုကို ပြန်လည်တည်ဆောက်၍ ထိန်းသိမ်းရမည်ဖြစ်ပါကြောင်း၊ အလုပ်တာဝန်ပြန်လည်ထမ်းဆောင်လိုသော ဝန်ထမ်းများကို လုပ်ငန်းခွင်သို့ ဝင်ရောက်နိုင်အောင် ပံ့ပိုးကူညီပေးစေလိုပါကြောင်း၊ ၂၀၂၁ ခုနှစ် မတ်လမှစတင်၍ ကမ္ဘာ့နိုင်ငံများ၌ ကိုဗစ်-၁၉ ရောဂါလူနာများ ပြန်လည်များပြားလာပြီး New Variant ရောဂါပိုးပျံ့နှံ့မှုများလည်းရှိနေသဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး၊ ကုသရေးလုပ်ငန်းများကိုလည်း မပေါ့လျော့စေလိုပါကြောင်း၊ ကိုဗစ်-၁၉ ကြောင့် ရပ်ဆိုင်းခဲ့ရသော နိုင်ငံတော်၏လုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေးအတွက် ကိုဗစ်-၁၉ ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ဖြေလျှော့ပေးခဲ့ရသည်များရှိရာ တစ်ဦးချင်း တစ်ယောက်ချင်းက သတ်မှတ်ချက်များအတိုင်း စည်းကမ်းလိုက်နာကြရန်မှာ ပိုပြီးအရေးကြီးလာပါကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့်လည်း စံပြအဖြစ် ပါးစပ်နှာခေါင်းစည်း တပ်ဆင်ခြင်း၊ စနစ်တကျ လက်ဆေးခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေခြင်း စသည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာကြစေလိုပါကြောင်း ပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိန်ဝင်း၊ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုး၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွန်း၊ ကုသရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ပြည်သူ့ဆေးရုံများမှ ဦးစီးအရာရှိ/ သူနာပြုအုပ်/ သူနာပြုဆရာမကြီးများ၊ သူနာပြု/ သားဖွားသင်တန်းကျောင်းကျောင်းအုပ်ကြီး၊ ဓာတ်ခွဲ/ ဓာတ်မှန်/ ဆေးဝါး/ အကြော/မျက်မှန်/နား စသည့် ဆေးဘက်ဆိုင်ရာအထောက်အကူပြုလုပ်ငန်းဆိုင်ရာ လုပ်ငန်းအရာရှိ/ ဆေးဘက်ကျွမ်းကျင်ဝန်ထမ်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည့် တိုင်းဒေသကြီး/ ပြည်နယ်များဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးများ၊ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်မြို့)တို့နှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဝန်ကြီးရုံး အစည်းအဝေးခန်းမတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

**ဆွေးနွေး**

အဆိုပါအစည်းအဝေးတွင် နယ်စပ်ဂိတ်များ/ နယ်စပ်ဝင်ပေါက်များမှ ဝင်ရောက်လာသူများမှ တစ်ဆင့် မျိုးဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်ပိုးများ မိမိတို့နိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှုအား ထိရောက်စွာ ကာကွယ်တားဆီးရေးနှင့် ကိုဗစ်-၁၉ ရောဂါ နောက်ထပ်လှိုင်းတစ်ခုအသွင် ဖြစ်ပွားမှုမရှိစေရေးအတွက် ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ယခုထက်ပိုမိုအားဖြည့်ဆောင်ရွက်မည့် အစီအစဉ်များ၊ ပြည်သူလူထုအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားသူ သံသယလူနာများအား ရှာဖွေဖော်ထုတ်၍ ဓာတ်ခွဲစစ်ဆေးမှုများကို အားဖြည့်မြှင့်တင်ဆောင်ရွက်ရမည့် အစီအစဉ်များ၊ ရောဂါကာကွယ်နှိမ်နင်းရေးအတွက် လိုအပ်သည့်ဆေးဝါးနှင့် ဆေးပစ္စည်းများ အလုံအလောက်ဖြန့်ဖြူးပေးမည့် အစီအစဉ်များ၊ ပြည်သူ့ဆေးရုံများတွင် ကိုဗစ်-၁၉ ရောဂါ လူနာများလက်ခံကုသပေးမည့် အစီအစဉ်များ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး/ ကုသရေးလုပ်ငန်းများတွင် လိုအပ်သည့် အရင်းအမြစ်များ ယခုထက်ပိုမိုလုံလောက်စွာရရှိစေရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များအလိုက်ပူးပေါင်းဆောင်ရွက်မည့်အစီ အစဉ်များ၊ ကျန်းမာရေးပညာပေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးကြသည်။

**သတင်းစဉ်**

# အာဃာတအမုန်းတရားများ မကုန်ဆုံးသည့်တစ်နေ့ ...

## (မြန်မာ့အရေးဆွေးနွေးဖလှယ်-၂)

စာချစ်သူ

**ခါတိုင်းဆို စာပေကိစ္စရေးရာများကိုသာ ဦးစားပေးဆွေးနွေးလေ့ရှိသော ကျွန်တော်၏ စာပေမိတ်ဆွေကြီးသည် ယခုများ လူတိုင်း၏ ရာသီစာဖြစ်နေသော နိုင်ငံရေးတော့ပစ်များကိုသာ ဆွေးနွေးရန် စိတ်အားထက်သန်နေလေသည်။ နိုင်ငံရေးဝိညာဉ် ပူးကပ်ပြီဆိုမှဖြင့် စားလည်းသည်စိတ်၊ သွားလည်းသည်စိတ်ဖြင့် ခက်သားလား။**

- **၁၉၇၆ ခုနှစ်တွင် ဆီးရီးယားတပ်များ လက်ဘနွန်နိုင်ငံအတွင်းသို့ ဝင်ရောက်လာခဲ့သည်။ အာရပ်အဖွဲ့ချုပ် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးက ဆီးရီးယားတပ်များ ရုပ်သိမ်းရန်၊ ယင်းတပ်များ၏ နေရာတွင် အာရပ်ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့များဖြင့် အစားထိုးရန်နှင့် အပစ်အခတ်ရပ်စဲရန် ဆုံးဖြတ်ခဲ့ကြသည်။ ထိုဆုံးဖြတ်ချက်အရ ဇွန်လတွင် အာရပ်ငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်များ၏ ရှေ့ပြေးအဖြစ် လစ်ဗျားတပ်တစ်တပ်နှင့် ဆီးရီးယားတပ်တစ်တပ်ကို လက်ဘနွန်နိုင်ငံသို့ စေလွှတ်ပြီး ဘေရွတ်လေဆိပ်ကို ပြန်လည်ဖွင့်လှစ်ခဲ့သည်**
- **ထိုပြည်တွင်းစစ်ကြောင့် လူပေါင်း ၁၂၀၀၀ ခန့် သေကျေပျက်စီးခဲ့ရပြီး လူပေါင်း သုံးသောင်းမှ လေးသောင်းအထိ ဒဏ်ရာရရှိခဲ့ကြသည်။ လူပေါင်း တစ်သိန်းကျော်မှာ အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ကြရသည်**

ယခုလည်း ယခုလို အခါကြီးရက်ကြီးမှာပင် သူ့မှာမြင့်မြတ်သော ဗြဟ္မာစရိယ မေတ္တာတရားများ၊ ဒါန၊ သီလ၊ ဘာဝနာတရားများကို ပွားများအား မထုတ်နိုင်ရှာ။ နိုင်ငံရေးကိစ္စများ ပြောဆိုဆွေးနွေးရန် စိတ်စော၍ ကျွန်တော့်အိမ်သို့ စောစောစီးစီး ရောက်ချလာသည်။ သူ့ကိုကြည့်ရသည်မှာ တဖြည်းဖြည်း နိုင်ငံရေးသတ္တဝါနှင့် တူလာလေ၏။

"လာဗျာ၊ မိတ်ဆွေကြီး။ လမ်းထိပ်တော့ မထွက်ချင်တော့ဘူး။ အိမ်မှာပဲ အသင့်ဖျော် ကော်ဖီမစ်၊ တီးမစ်အထုပ်လေးတွေပဲ ဖျော်သောက်ကြတာပေါ့"

"လက်ဖက်ရည်တွေ၊ ကော်ဖီမစ်တွေက အဓိက မဟုတ်ဘူးဗျ။ ကျွန်တော် သိချင်တာက ဟိုတစ်နေ့က သတင်းစာမှာ ခင်ဗျားရေးလိုက်တဲ့ "အာဃာတအမုန်းတရားများ ကုန်ဆုံးသည့်တစ်နေ့" ဆောင်းပါးကို ဖတ်မိရင်း တွေးစရာတွေ၊ ပြောစရာတွေပေါ်လာလို့"

"ဘာများလဲဗျ"

"ဒီလိုဗျ၊ ခင်ဗျားက အာဃာတအမုန်းတရားများ ကုန်ဆုံးတဲ့တစ်နေ့၊ အမျိုးသားရင်ကြားစေ့ရေး အမှန်တကယ်ဖြစ်တည်လာတဲ့ တစ်နေ့မှာ ရေခံမြေခံကောင်းမွန်တဲ့ မြန်မာဟာဒေသတွင်းမှာ ကျားတစ်ကောင်လို စီးပွားရေးဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတစ်နိုင်ငံအဖြစ် ထွက်ပေါ်လာနိုင်လိမ့်မယ်လို့ ရေးထားတယ်"

စာပေမိတ်ဆွေကြီး၏ သို့ကလို ချီပြီးမေးလာသည့် မေးခွန်းကြောင့် ကျွန်တော့်မှာ တွေဝေသွားလေသည်။ ဘာကြောင့်များလဲလို့ တွေးလိုက်မိသည်။

သို့နှင့် ...

"ဟုတ်တယ်လေဗျာ၊ ကျွန်တော်ဒီလိုပဲ ယုံကြည်လို့ရေးလိုက်တာပဲ။ မိတ်ဆွေကြီးက သဘောမတူလို့လား"

"မဟုတ်ပါဘူးဗျာ၊ ကျွန်တော် ဆက်တွေးမိလိုက်တာက အာဃာတအမုန်းတရားများ မကုန်ဆုံးတဲ့ တစ်နေ့မှာရော ဘာတွေများ ဆက်ဖြစ်လာနိုင်မလဲဆိုတာပါပဲ။ ဒီအတွက် ခင်ဗျားဆီကို အခါကြီးရက်ကြီးမှာ မနေနိုင်မထိုင်နိုင် ထွက်လာတာပဲဗျ"

စာပေမိတ်ဆွေကြီး၏ ဆန့်ကျင်ဘက်မေးခွန်းအား ကျွန်တော်မျှော်လင့်မထားမိချေ။ သူမေးသလို မျိုး ဘာတွေဆက်ဖြစ်လာနိုင်မလဲ။

၂၀၁၁ ခုနှစ် ဝန်းကျင်က တူနီးရှား၊ အီဂျစ်၊ လစ်ဗျား၊ ဆီးရီးယားစသည့် နိုင်ငံများတွင် ဆက်တိုက်နီးပါးဖြစ်ပေါ်ခဲ့သော အာရပ်နွေဦး လူထုအုံကြွမှုတော်လှန်ရေး ဒီလှိုင်းများ၊ အာရပ်နွေဦး တော်လှန်ရေး၏ နောက်ဆက်တွဲအဖြစ် ပေါ်ပေါက်လာသည့် မြို့ပြတိုက်ပွဲများ၊ နေ့ညမရွေး တစ်ဖက်နှင့်တစ်ဖက် လက်နက်ကြီး၊ လက်နက်ငယ်တို့ဖြင့် မီးကုန် ယမ်းကုန် ပစ်ခတ်နေသောမြင်ကွင်းများ၊ တစ်ချိန်က သာယာလှပခဲ့သည့် ဒမတ်စကတ်၊ ထရီပိုလီနှင့် ဘင်ဂါဇီမြို့ပြများနှင့် ပစ္စက္ခ သွေးအလိမ်းလိမ်းနှင့် မြို့ပျက်များ။

ပြီးတော့ ၁၉၇၀ ကျော်၊ ၈၀ ကျော်လွန်နှစ်များက ဆယ်စုနှင့်ချီ၍ ပြည်တွင်းစစ် ဖြစ်ပွားခဲ့သော လက်ဘနွန်နိုင်ငံလေး။

### ဘေရွတ်မြို့ တိုက်ပွဲများ

မိမိတို့ခေတ်ပြိုင် မျိုးဆက်များ၏ ခေတ်ကာလ တစ်လျှောက်တွင် ကမ္ဘာ့ထိပ်တန်း သတင်းများအဖြစ် နေ့စဉ်မြင်တွေ့နေခဲ့ရပါသော ဘေရွတ်မြို့ တိုက်ပွဲများ။

အမေရိကန်နှင့် အစ္စရေးကတစ်ဖက်၊ အီရန်၊ ဆီးရီးယားနှင့် အာရပ်အုပ်စုနိုင်ငံများက တစ်ဖက်၊ တစ်ဖက်နှင့်တစ်ဖက် အားပြိုင်မှုကြားတွင် အမြဲတစေ မြေစာပင် ဖြစ်ခဲ့ရသော လက်ဘနွန်နိုင်ငံငယ်လေးကို ပြန်လည်မြင်ယောင်လာမိပြန်သည်။

လက်ဘနွန်နိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသတွင်တည်ရှိပြီး အနောက်ဘက်တွင် မြေထဲပင်လယ်၊ မြောက်ဘက်နှင့် အရှေ့ဘက်တွင် ဆီးရီးယားနိုင်ငံ၊ တောင်ဘက်တွင် အစ္စရေးနိုင်ငံတို့ ဝန်းရံထားသည်။

ပထမကမ္ဘာစစ် မတိုင်မီက အော်တိုမင်တူရကီ အင်ပါယာအတွင်း ကျရောက်ခဲ့ပြီး ပထမကမ္ဘာစစ်ပြီးနောက်ပိုင်းတွင် နိုင်ငံပေါင်းချုပ်အသင်းကြီး၏ အစောင့်အရှောက်ခံ နယ်မြေအဖြစ် ပြင်သစ်က ကြီးကြပ်အုပ်ချုပ်ခဲ့သည်။ ၁၉၄၁ ခုနှစ်တွင် ဗြိတိသျှတို့က ပြင်သစ်တပ်များကို ဖယ်ရှားပြီး သိမ်းသွင်းခဲ့သည်။ ထိုနှစ် နိုဝင်ဘာ ၂၆ ရက်တွင် လွတ်လပ်ရေးကို ကြေညာခဲ့သည်။

လက်ဘနွန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဘာသာရေးအခြေခံဖြင့် ၁၉၃၂ ခုနှစ်တွင် ရေးဆွဲခဲ့သည်။ မူလက ခရစ်ယာန်ဦးရေက အနည်းငယ်များခဲ့သော်လည်း ၁၉၄၈ ခုနှစ်တွင် အစ္စရေးနိုင်ငံ ထူထောင်မှုကြောင့် ပါလက်စတိုင်းဒုက္ခသည်များ နိုင်ငံအတွင်း ဝင်ရောက်ခဲ့ခြင်းနှင့် ၁၉၇၀ ပြည့်နှစ်တွင် ဂျော်ဒန်နိုင်ငံက ပါလက်စတိုင်းများကို မောင်းထုတ်ခဲ့ခြင်းကြောင့် ၁၉၇၅ ခုနှစ်တွင် မူဆလင်ဦးရေက ရာခိုင်နှုန်းအားဖြင့် ၆၀ အထိ ရှိလာသည်။

လက်ဘနွန်နိုင်ငံ၌ နိုင်ငံရေးပါတီအသီးသီးသည် ကိုယ်ပိုင်လက်နက်ကိုင်တပ်ဖွဲ့များဖြင့် ရပ်တည်ကြသည်။ လက်ဘနွန်နိုင်ငံ အနောက်ဘက်ကမ်းခြေဒေသများတွင်ရှိသော ပါလက်စတိုင်းဒုက္ခသည်စခန်းများကို အခြေပြုလျက် ပါလက်စတိုင်းပြောက်ကျားများကလည်း လက်ဘနွန်နိုင်ငံအတွင်း စစ်ရေးအရ လှုပ်ရှားခဲ့ကြသည်။ ခရစ်ယာန် လက်ဘနွန်များနှင့် ဆန့်ကျင်ဘက် တိုက်ခိုက်မှုများရှိခဲ့သလို အစ္စရေးနှင့် ပါလက်စတိုင်းတို့ တိုက်ခိုက်မှုများလည်း လက်ဘနွန်နိုင်ငံအတွင်း ဖြစ်ပွားလာသည်။

ခရစ်ယာန်နိုင်ငံရေး အဖွဲ့အစည်းများအား အစ္စရေးနိုင်ငံက လက်နက်နှင့် အခြားအကူအညီများ ပေးခဲ့ပြီး မူဆလင်အဖွဲ့အစည်းများအား ဆီးရီးယားနှင့် အခြားအာရပ်နိုင်ငံများက အကူအညီပေးခဲ့သည်။

### ပြည်တွင်းစစ်များနှင့် ရင်ဆိုင်

ထိုသို့သော ဘာသာရေးနှင့် နိုင်ငံရေးကွဲပြားမှုများကြောင့် လက်ဘနွန်နိုင်ငံ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် ခရစ်ယာန်နှင့် မူဆလင်အုပ်စုများ၏တိုက်ပွဲများ အဆက်မပြတ် ဖြစ်ပွားလာခဲ့ပြီး ပြည်တွင်းစစ်များနှင့် ရင်ဆိုင်လာခဲ့ရသည်။

၁၉၇၅ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ပြည်တွင်းစစ်မှာ ပြင်းထန်ခဲ့သည်။ ဝန်ကြီးချုပ် ကာရာမီ၏ အစိုးရက အပစ်အခတ်ရပ်စဲရေးအတွက် ကြိုးပမ်းခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့ပေ။ ခေတ္တအပစ်အခတ်ရပ်စဲမှုများ ၂၆ ကြိမ် ရရှိခဲ့သော်လည်း ပစ်ခတ်မှုများ ဆက်လက် ဖြစ်ပွားလာခဲ့သည်။

၁၉၇၆ ခုနှစ်တွင် ဆီးရီးယားတပ်များ လက်ဘနွန်နိုင်ငံအတွင်းသို့ ဝင်ရောက်လာခဲ့သည်။ အာရပ်အဖွဲ့ချုပ် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးက ဆီးရီးယားတပ်များ ရုပ်သိမ်းရန်၊ ယင်းတပ်များ၏နေရာတွင် အာရပ်ငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်ဖွဲ့များဖြင့် အစားထိုးရန်နှင့် အပစ်အခတ်ရပ်စဲရန် ဆုံးဖြတ်ခဲ့ကြသည်။ ထိုဆုံးဖြတ်ချက်အရ ဇွန်လတွင် အာရပ်ငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်များ၏ ရှေ့ပြေးအဖြစ် လစ်ဗျားတပ်တစ်တပ်နှင့် ဆီးရီးယားတပ်တစ်တပ်ကို လက်ဘနွန်နိုင်ငံသို့ စေလွှတ်ပြီး ဘေရွတ်လေဆိပ်ကို ပြန်လည်ဖွင့်လှစ်ခဲ့သည်။

ထိုပြည်တွင်းစစ်ကြောင့် လူပေါင်း ၁၂၀၀၀ ခန့် သေကျေပျက်စီးခဲ့ရပြီး လူပေါင်း သုံးသောင်းမှ လေးသောင်းအထိ ဒဏ်ရာရရှိခဲ့ကြသည်။ လူပေါင်း တစ်သိန်းကျော်မှာ အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ကြရသည်။

ထိုပြည်တွင်းစစ်ကြောင့်ပင် ဘေရွတ်မြို့တော်အား အရှေ့နှင့်အနောက်ခွဲခြားကာ သုံးမိုင်ခန့်ရှည်လျားပြီး မီတာ ၅၀၀ ကျယ်သည့် "အစိမ်းရောင်မျဉ်းကြောင်း" ခေါ် နယ်ခြားမျဉ်းကို ရေးဆွဲခဲ့သည်။ ဘေရွတ်မြို့၏ အရှေ့ဘက်ခြမ်းနှင့် အနောက်ခြမ်းကို ပြိုင်ဘက်အုပ်စုများအလိုက် ပိုင်းခြားသတ်မှတ်ခဲ့သည်။

၁၉၇၈ ခုနှစ်တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် အထွေထွေညီလာခံတို့၏ ဆုံးဖြတ်ချက်အရ လက်ဘနွန်နိုင်ငံသို့ ကုလသမဂ္ဂကြားခံတပ်ဖွဲ့များကို စေလွှတ်ခဲ့သည်။ ယင်းတပ်ဖွဲ့များတွင် ဒတ်ချ်၊ ဖီဂျီ၊ အိုင်ယာလန်၊ နီပေါ၊ နိုင်ဂျီးရီးယား၊ နော်ဝေနှင့် ဆီနီဂေါ်နိုင်ငံတို့မှ တပ်များပါဝင်သည်။

စာမျက်နှာ ၉ သို့

**ဒါကြောင့်မို့ မျိုးဆက်သစ်မြန်မာလူငယ်မောင်မယ်တွေထံက ခေတ္တခဏ ငှားရမ်းယူထားတဲ့ အမိမြန်မာနိုင်ငံတော်ကြီးကို ဆင်ခြင်တုံတရားကင်းမဲ့တဲ့ လုပ်ရပ်ကြောင့် တစ်စစီ ကျိုးပဲ့နေတဲ့နိုင်ငံငယ်လေးအဖြစ် ပြန်အပ်လို့မရဘူးဗျ။ တို့ခေတ်ထက်သာတဲ့၊ ကောင်းမွန်တဲ့၊ သာယာဝပြောတဲ့ နိုင်ငံတော်ကြီးအဖြစ် ပြန်လည်လွှဲပြောင်းပေးအပ်ဖို့ တာဝန်ကိုယ်စီရှိတယ်။ ဒါဟာ လက်ရှိမျိုးဆက်တစ်ဦးချင်းရဲ့ သမိုင်းပေးတာဝန်ပါပဲ။ ကဲ၊ ဒီလောက်နဲ့ပဲ တော်ကြစို့**

# ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ၊ အခန်း(၈) ကလေးသူငယ်ကို မွေးစားခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေး



**နေပြည်တော် မေ ၂၃**

ကလေးသူငယ်များကို မွေးစားခွင့်ပေးရာတွင် ကလေးသူငယ်အခွင့်အရေး (၄) ရပ်ဖြစ်သည့် ရှင်သန်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ပိုင်ခွင့်၊ ကာကွယ် စောင့်ရှောက်ခံပိုင်ခွင့်နှင့် ပါဝင်ခွင့်များရရှိအောင် အတတ်နိုင်ဆုံး ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံရှိ ပကတိအခြေအနေများ၊ တိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်းစဉ်လာများနှင့် နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကိုက်ညီစေရေးဆောင်ရွက်ရန် အရေးကြီးပါကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ပြောကြားသည်။

ယနေ့ နံနက် ၁၀ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေ၊ အခန်း(၈) ကလေးသူငယ်ကို မွေးစားခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲနှင့် မူလတန်းကြိုကျောင်းများ၊ နေ့ကလေးထိန်းဌာနများပြန်လည်ဖွင့်လှစ်နိုင်ရေး အတွက် ကြိုတင်ညှိနှိုင်းဆွေးနွေးပွဲတွင် **(အပေါ်ပုံ)** ပြည်ထောင်စုဝန်ကြီးက ထိုကဲ့သို့ ပြောကြားခြင်းဖြစ်သည်။

**သေချာစိစစ်ရန်လိုအပ်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အကြောင်းအမျိုးမျိုးကြောင့် မိဘမဲ့ဖြစ်နေသည့်ကလေးသူငယ်များနှင့် မိဘနှင့် ကွဲကွာနေထိုင်နေရသည့် ကလေးသူငယ်များအား မိသားစုဘဝရရှိရေးအတွက် မွေးစားခွင့်ပေးရခြင်းဖြစ်ပါကြောင်း၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာဥပဒေ(၂၀၁၉) အခန်း(၈)ပါ ကလေးကို မွေးစားခြင်းနှင့်စပ်လျဉ်း၍ နည်းဥပဒေထဲတွင် အသေးစိတ်ထည့်သွင်းရန်၊ စကားလုံး၊ အသုံးအနှုန်းများ၊ အဓိပ္ပာယ်ဖွင့်ဆိုချက်များကိုသေချာစိစစ်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးက ကလေးသူငယ်များ၏ အကောင်းဆုံး အကျိုးစီးပွားကို အဓိကဦးတည်၍ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းချက်များအား နိုင်ငံတကာစံချိန်စံနှုန်းများနှင့်အညီ မိမိနိုင်ငံ၊ မိမိလူမျိုးနှင့် ဆီလျော်မှုရှိစေရန် အလေးထား စေလိုပါကြောင်း၊ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ နည်းဥပဒေရေးဆွဲနေစဉ်ကာလအတွင်း ကလေးသူငယ်မွေးစားခြင်းကိစ္စများကို ဆောင်ရွက်နေရသဖြင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအရ ကလေးသူငယ်မွေးစားခြင်းဆိုင်ရာ အမိန့်ကြော်ငြာစာ(၃)မျိုးကို ထုတ်ပြန်ဆောင်ရွက်နေရပါကြောင်း၊ ခေတ်ကာလနှင့် လျော်ညီမှုရှိသည့် လုပ်ထုံးလုပ်နည်းများဖြစ်ရန် လိုအပ်ပါကြောင်းနှင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကို လိုအပ်ပါက ပြန်လည်သုံးသပ်ရန်နှင့် ရေးဆွဲလျက်ရှိသော နည်းဥပဒေတွင်ပါဝင်သင့်သည့် အချက်အလက်များကို ထည့်သွင်းဖော်ပြရန် ပြောကြားသည်။

**ဝိုင်းဝန်းဆွေးနွေး**

ထို့နောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ ပုဒ်မ ၂၅ မှ ပုဒ်မ ၃၂ အထိ ပြဋ္ဌာန်းထားချက်များအရ ကလေးမွေးစားခွင့်နှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်းဦးစီးဌာနက ထုတ်ပြန်ထားသည့် လုပ်ထုံးလုပ်နည်း (၂/၂၀၂၀) ပါ အပိုဒ် (၄၊၅၊၆၊၇)တို့ကို တာဝန်ရှိသူက ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသူများက ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေ၊ ကလေးသူငယ်မွေးစားခြင်းနှင့် ပတ်သက်၍ အကြံပြုဝိုင်းဝန်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် စတုတ္ထ(၃)လပတ်တွင် ဖွင့်လှစ်ရန်လျာထားသည့် ဌာနတွင်း မူလတန်းကြိုကျောင်းများ၊ ကိုယ့်အားကိုယ်ကိုးနှင့် ပုဂ္ဂလိကမူလတန်းကြိုကျောင်းများ၊ အထူးပညာသင် ကျောင်းများအတွက် လက်ရှိ မြေပြင်အခြေအနေအရ ဖွင့်လှစ်ဆောင်ရွက်နိုင်မှု အခြေအနေများကို နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများကတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များက လိုအပ်သည်များကို မှာကြားသည်။ **သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ စက်မှု/စီးပွားရေးလုပ်ငန်းရှင်များတွေ့ဆုံ တပ်ကုန်းမြို့နယ်အတွင်းရှိ ကန်ကြီးကျေးရွာမွေးမြူရေးဇုန်သို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ဒေသအတွင်းရှိ စက်မှုလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်စေရန်၊ လုပ်ငန်းများ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်စေရန်၊ စက်မှုလုပ်ငန်းရှင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ လတ်တလောရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများ တတ်အားသရွေ့ ကူညီပေးနိုင်ရေးတို့အတွက် ရည်ရွယ်၍ စက်မှု/စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာနယ်ပယ်အသီးသီးမှ Stakeholder များပါဝင်ကာ နည်းလမ်းကောင်းများ ဖော်ထုတ်ဆွေးနွေး၍ အမျိုးသားစက်မှုဖွံ့ဖြိုးမှုမူဝါဒတစ်ရပ်ကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နေချိန်ဖြစ်ပါကြောင်း၊ စက်မှုကဏ္ဍတွင် ကျင့်သုံးနေသော မူဝါဒများအား ခေတ်နှင့်အညီ ပြဋ္ဌာန်းဆောင်ရွက်ခြင်း၊ လက်ရှိကျင့်သုံးနေသည့် မူဝါဒများ၊ ဥပဒေ စည်းမျဉ်းစည်းကမ်းများကို ခေတ်စနစ်နှင့် ညီညွတ်မှုရှိ/မရှိ ပြန်လည်သုံးသပ်၍ လိုအပ်သလို ပြုပြင်ပြောင်းလဲဆောင်ရွက်သွားရန်၊ လက်ရှိစက်ရုံအလုပ်ရုံများ၏ ကုန်ထုတ်လုပ်မှုအခြေအနေကို ပြန်လည်သုံးသပ်၍ ကုန်ထုတ်လုပ်မှုနှင့် စီမံအုပ်ချုပ်မှုစနစ်များကို ခေတ်နှင့်အညီ လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုကို အားပေးအားမြှောက်ဆောင်ရွက်ရန်၊ နည်းပညာကောင်းများရရှိရန်၊ နည်းလမ်းရှာဖွေရန်လိုအပ်ခြင်း၊ စီးပွားရေးဝန်းကျင်ကောင်းများ ဖန်တီးပေးနိုင်ရေးအတွက် အားပေးရန်လိုအပ်သကဲ့သို့ ဘဏ္ဍာရေးစနစ်၊ ငွေကြေးစနစ်၊ အခွန်ကောက်စနစ်၊ ထောက်ပံ့ပို့ဆောင်ရေးစနစ်စသည်တို့ကို ပြန်လည်သုံးသပ်၍ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန်၊ ထုတ်လုပ်သည့်ကုန်ပစ္စည်းများ ဈေးကွက်တွင် စံနှုန်းမီယှဉ်ပြိုင်နိုင်ခြင်းရှိစေရန်၊ ဈေးကွက်တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရန်၊ စက်မှုကဏ္ဍဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေမည့် ပွင့်လင်းမြင်သာမှုရှိသော အဖွဲ့အစည်းများနှင့် စည်းမျဉ်းစည်းကမ်းများရှိရန် လိုအပ်ပါကြောင်း။

**ထောက်ပံ့မှုများ စဉ်ဆက်မပြတ်ဆောင်ရွက်**

ဈေးကွက်ရရှိနိုင်မှု အလားအလာကောင်းများရှိသည့် စီးပွားရေးလုပ်ငန်းများ ဖော်ဆောင်ပေးနိုင်ခြင်း၊ နည်းပညာရရှိမှု ပံ့ပိုးကူညီပေးနိုင်ခြင်းနှင့် ငွေကြေးထောက်ပံ့မှုများ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနိုင်ခြင်းဖြင့် စက်မှုလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများကို တိုးတက်စေမည့် အထိရောက်ဆုံးနည်းလမ်းများ ရှာဖွေနိုင်ရေးအတွက် နေပြည်တော်ကောင်စီ၊ နေပြည်တော်အဆင့် ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်ကြီး အားလုံးပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များက သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့် စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီး မင်းနောင်၊ ဦးဇေယျာလင်းနှင့် ဦးမြင့်စိုးတို့သည် မွန်းလွဲ ၂ နာရီခွဲတွင် တပ်ကုန်းမြို့နယ် ကန်ကြီးကျေးရွာ မွေးမြူရေးဇုန်ရှိ ဖန်ဟွန်နို့စားနွားမွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ **(ဝဲပုံ)** နေပြည်တော် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာကျော်ကျော်က နေပြည်တော်ရှိ မွေးမြူရေးဇုန်များတွင် တိရစ္ဆာန်များ မွေးမြူထားရှိမှုများ နို့ပေါင်းစက်၊ အခြေပြုနို့စားနွားမွေးမြူရေးနှင့် နို့ပေါင်းစက်လည်ပတ်မှုအခြေအနေများ၊ ဖန်ဟွန်နို့စားနွားမွေးမြူရေးခြံ၏ နို့ထုတ်လုပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မွေးမြူရေးခြံအတွင်း နို့စားနွားများ မွေးမြူထားရှိမှုနှင့် နို့ထွက်ပစ္စည်းများ ထုတ်လုပ်နေမှုများကို လှည့်လည်ကြည့်ရှုရာ ဖန်ဟွန်နို့စားနွားမွေးမြူရေးခြံတာဝန်ခံ ဦးတွမ်ခင်ဝင်းက နို့စားနွားများမွေးမြူရေးထားရှိမှုနှင့် ဒိန်ချဉ်နှင့်နို့ ထုတ်လုပ်မှုအခြေအနေများကို မွေးမြူရေးခြံအတွင်း လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# နိုင်ငံ့အနာဂတ်အတွက် လက်တွဲကူညီပါ

— — ကနောင် — —

❀ **အနယ်နယ်အရပ်ရပ်က တပ်မတော်ဆေးရုံတွေနဲ့ တပ်မတော်ဆေးတပ်သားတွေက ကုသပေးနေကြတဲ့ ဆေးကုခန်းတွေ၊ နယ်လှည့်ဆေးခန်းတွေမှာ လူနာတွေတိုးမပေါက်အောင် များပြားနေပါတယ်။ သို့သော် ဒေသဝေးလံတဲ့အတွက် အချိန်မီမရောက်ရှိနိုင်တဲ့ လူနာတွေဟာ အသက်ဆုံးရှုံးနေကြရပါတယ်။ ပြည်သူတွေရဲ့ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆရာဝန်တွေ၊ သူနာပြုတွေ၊ ကျန်းမာရေးဝန်ထမ်းတွေ အမြန်ဆုံး အသိတရားဝင်ကြဖို့ အထပ်ထပ် တိုက်တွန်းချက်တွေကို နိုင်ငံတော်အစိုးရက ဆောင်ရွက်ခဲ့ပါတယ်။ တစ်ဖက်မှာလည်း CDM လုပ်ကြဖို့ ဖိအားပေးသူတွေ၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုမရှိအောင် မြှောက်ထိုးပေးနေသူတွေကိုလည်း ဖော်ထုတ်အရေးယူနေပြီ ဖြစ်ပါတယ်။ သတင်းစာနဲ့ ရုပ်သံလိုင်းတွေမှာ နိုင်ငံတော်နဲ့ပြည်သူတွေကို ထိခိုက်အောင် လုပ်ဆောင်နေသူတွေကို အမည်၊ ဓာတ်ပုံနှင့်တကွ ဖော်ထုတ်ပြီး အရေးယူမှုတွေ လုပ်ဆောင်ရာမှာ ယခုအခါ ဆရာဝန်တွေကိုလည်း စတင်ဖော်ထုတ်နေပါပြီ။ ထို့အတူ ယင်းဆရာဝန်များကို လက်ခံပြီး ဆေးကုသခွင့်ပေးနေမယ့် ဆေးကုခန်းတွေကိုလည်း လိုင်စင်ပိတ်သိမ်းသွားမယ်ဆိုပြီး ကြေညာထားပါတယ်**

လက်ရှိအစိုးရကို ဝန်ထမ်းတွေက အလုပ်မဆင်းဘဲ ဆန့်ကျင်တဲ့ CDM လှုပ်ရှားမှုဟာ အဆုံးသတ်ရတော့မယ့်နေ့စွဲများဆီ ရောက်လာနေပြီဖြစ်ပါတယ်။

ပြင်းထန်တဲ့ စိတ်ခံစားမှု၊ အုပ်စုလိုက်ဖြစ်ပေါ်တတ်တဲ့ စိတ်ခံစားမှုကို မသမာသူတွေက အဆင်းမှာ ဘီးတပ်ပေးလိုက်တဲ့အခါ CDM ဆိုတာဖြစ်လာခဲ့ပါတယ်။ နိုင်ငံ့ဝန်ထမ်းတွေရဲ့ ငါးပုံတစ်ပုံခန့်က CDM ကမ်ပိန်းကို ဆင်နွှဲခဲ့ကြပါတယ်။ CDM ကြောင့် မိသားစုတွေ တကွဲတပြားဖြစ်ကြရ၊ ပုန်းရှောင်ကြရ၊ စားဝတ်နေရေးနဲ့ အလုပ်အကိုင်ခက်ခဲကြဆိုတာတွေ ကြုံနေကြရပါပြီ။ အချို့ကလည်း ဌာနဆီပြန်လည်ရောက်ရှိလာကြသလို၊ အချို့ကတော့ အခုအချိန်အထိ CDM ဝဲဂယက်မှာ တဝဲလည်လည်နဲ့ ရှိနေကြတုန်းပါပဲ။

ဘယ်လိုပဲဖြစ်ဖြစ်၊ သေချာတာကတော့ CDM လုပ်ဖို့အတွက် လက်ရှိတာဝန်ထမ်းဆောင်နေတဲ့ နိုင်ငံ့ဝန်ထမ်းတွေကို ထပ်ပြီးမဆွဲဆောင်နိုင်တော့တာ အသေအချာပါပဲ။ ဒါတင်မကသေးပါဘူး။ CDM လုပ်သွားတဲ့ ဝန်ထမ်းတွေကို အဆုံးထိတောင့်ခံပေးပါဆိုတဲ့ စကားရပ်ကလွဲလို့ အခြားအာမခံချက်ကို မပေးနိုင်ခဲ့တဲ့အတွက် CDM လုပ်သူအချို့ ထိခိုက်ခံစားနေကြရပါပြီ။

CDM ကြောင့် ဌာနအချို့ထိခိုက်မှုတွေရှိတာကတော့ အမှန်ပါပဲ။ သို့သော်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ စနစ်တကျကွပ်ကဲဆောင်ရွက်မှုတွေ၊ နည်းလမ်းမှန်စွာ၊ စေတနာမှန်စွာနဲ့ကြိုးပမ်းမှုတွေကြောင့် ဌာနဆိုင်ရာလုပ်ငန်းတွေဟာ နှစ်လတာအတွင်း ပုံမှန်ပြန်လည်လည်ပတ်လာနိုင်ခဲ့ပါပြီ။ ပုံမှန်အတိုင်းမဖြစ်သေးတဲ့ ကဏ္ဍအချို့ရှိနေသေးပေမယ့် အမြန်ဆုံးပြန်လည်လည်ပတ်နိုင်မယ့် နည်းလမ်းများကိုလည်း စတင်ကိုင်တွယ်နေတာကို မြင်တွေ့နေရပါပြီ။

**NLD ဘာကြောင့် အသံတွေ တိတ်ခဲ့ရသလဲ**

ရွေးကောက်ပွဲမဲစာရင်းမသမာမှုကြောင့် အကြိမ်ကြိမ်ညှိနှိုင်းဖြေရှင်းဖို့ တပ်မတော် ရဲ့ တောင်းဆိုချက်တွေကို မလိုက်လျောခဲ့ဘဲ အာဏာရှင်ဆန်ဆန် အခမ္မဆောင်ရွက်မှုတွေကြောင့် လမ်းကြောင်းမှန်တည့်မတ်ရခြင်းဖြစ်ပါတယ်။ လက်ရှိမှာ အခုလိုဆောင်ရွက်နေပါတယ်ဆိုပြီး ပွင့်လင်းမြင်သာစွာနဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ထုတ်ပြန်ကြေညာခဲ့ပြီးသားပါ။ မဲစာရင်းတွေ ပိုနေ၊ ထပ်နေတာတွေက ၁၀ သန်း ကျော်နေပါတယ်ဆိုတာ ဘယ်သူမှငြင်းမရတဲ့ အမှန်တရားဖြစ်သလို၊ ဖေဖော်ဝါရီလဆန်းပိုင်းကတည်းက ယနေ့အထိ အသစ်ပြန်လည်ခန့်အပ်လိုက်တဲ့ ရွေးကောက်ပွဲကော်မရှင်ကနေ မဲဆန္ဒနယ်အလိုက် မဲစာရင်းတွေပြန်လည်ပြီး ပွင့်လင်းမြင်သာစွာနဲ့ စစ်ဆေးရာမှာလည်း တရားမဝင်တဲ့ မဲလက်မှတ်အပိုတွေ တွေ့ခဲ့ရပါပြီ။ ဒါဟာ ဘာကြောင့် မဲလက်မှတ်အပိုတွေကို ဖောဖောသီသီ တရားမဝင် ကြိုတင်ယူဆောင်ထားတာလဲဆိုတာကို ပြည်သူတွေ မေးခွန်းထုတ်ကြည့်ဖို့ လိုအပ်ပါတယ်။

မှတ်ကျောက်တင်ခံနိုင်တဲ့ လုပ်ရပ်တွေသာ ဖြစ်မယ်ဆိုရင် အခုလို မဲမသမာမှုကို ဖော်ထုတ်ပေးဖို့ တောင်းဆိုရာမှာ ဝမ်းပန်းတသာနဲ့ ပူးပေါင်းပြီး အမှန်တရားပါဆိုတာကို ပြသရမယ့်အစား အသံတိတ်ပြီး အာဏာရှင်ဆန်စွာနဲ့ NLD အစိုးရက ရွေးကောက်ပွဲ ကိစ္စကို လုံးဝအစစ်အဆေးမခံရဲခဲ့တာရဲ့ အဖြေရလဒ်ဖြစ်မယ်လို့ ကောက်ချက်ချရမှာ ဖြစ်တဲ့အတွက် လက်ရှိ CDM ကမ်ပိန်းကို ဆက်လက်ပြီး ဖက်တွယ်ထားမယ်ဆိုတဲ့ နိုင်ငံ့ဝန်ထမ်းတွေ မိမိယုံကြည်မှု၊ ပေးဆပ်မှုအတွက် တန်ဖိုးက ထိုက်တန်ရဲ့လားဆိုတာကို ကိုယ်တိုင်မေးခွန်းထုတ်ကြဖို့ အရေးတကြီးလိုအပ်နေပြီဖြစ်ပါတယ်။

**ကျန်းမာရေးဝန်ထမ်းတွေပြန်လာစေချင်**

စနစ်တကျနဲ့ ဝန်ထမ်းတွေကို သွေးထိုးမြှောက်ပင့်တဲ့အခါ ဝန်ထမ်းအချို့ဟာ ဌာနတွေကို စွန့်ခွာပြီး အလုပ်မဆင်းကြတော့ပါဘူး။ အပြင်းထန်ဆုံး၊ အမာကြောဆုံး CDM လုပ်သွားသူတွေကတော့ ပြည်သူတွေကို ကျန်းမာရေး စောင့်ရှောက်မှုပေးအပ်နေတဲ့ ဆရာဝန်တွေနဲ့ ကျန်းမာရေးဝန်ထမ်းတွေ ဖြစ်ပါတယ်။ တိုင်းပြည်ရဲ့ ကျန်းမာရေးစောင့်ရှောက်သူအချို့ဟာ တိုင်းပြည်ကြီးကို အသက်ရှည်ရာ အနာမဲ့ကြောင်း နည်းလမ်းရှာ ကုစားပေးရမယ့်အစား တိုင်းပြည်ထိခိုက်ဒဏ်ရာရအောင် သွေးဆူဆူနဲ့ မျက်ကန်းနိုင်ငံရေး လှုပ်ရှားသူတွေအဖြစ် နောက်ကွယ်က သွေးထိုးသူတွေရဲ့ စေစားရာအတိုင်း လုပ်ဆောင်နေတာကိုလည်း ဝမ်းနည်းဖွယ်မြင်တွေ့နေရပါတယ်။

အနယ်နယ်အရပ်ရပ်က တပ်မတော်ဆေးရုံတွေနဲ့ တပ်မတော်ဆေးတပ်သားတွေက ကုသပေးနေကြတဲ့ ဆေးကုခန်းတွေ၊ နယ်လှည့်ဆေးခန်းတွေမှာ လူနာတွေတိုးမပေါက်အောင် များပြားနေပါတယ်။ သို့သော် ဒေသဝေးလံတဲ့အတွက် အချိန်မီမရောက်ရှိနိုင်တဲ့ လူနာတွေဟာ အသက်ဆုံးရှုံးနေကြရပါတယ်။ ပြည်သူတွေရဲ့ ကျန်းမာရေး စောင့်ရှောက်မှုအတွက် ဆရာဝန်တွေ၊ သူနာပြုတွေ၊ ကျန်းမာရေးဝန်ထမ်းတွေ အမြန်ဆုံး အသိတရားဝင်ကြဖို့ အထပ်ထပ် တိုက်တွန်းချက်တွေကို နိုင်ငံတော်အစိုးရက ဆောင်ရွက်ခဲ့ပါတယ်။ **တစ်ဖက်မှာလည်း CDM** လုပ်ကြဖို့ ဖိအားပေးသူတွေ၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုမရှိအောင် မြှောက်ထိုးပေးနေသူတွေကိုလည်း ဖော်ထုတ်အရေးယူနေပြီ ဖြစ်ပါတယ်။ သတင်းစာနဲ့ ရုပ်သံလိုင်းတွေမှာ နိုင်ငံတော်နဲ့ပြည်သူတွေကို ထိခိုက်အောင် လုပ်ဆောင်နေသူတွေကို အမည်၊ ဓာတ်ပုံနှင့်တကွ ဖော်ထုတ်ပြီး အရေးယူမှုတွေလုပ်ဆောင်ရာမှာ ယခုအခါ ဆရာဝန်တွေကိုလည်း စတင်ဖော်ထုတ်နေပါပြီ။ ထို့အတူ ယင်းဆရာဝန်များကို လက်ခံပြီး ဆေးကုသခွင့်ပေးနေမယ့် ဆေးကုခန်းတွေကိုလည်း လိုင်စင်ပိတ်သိမ်းသွားမယ်ဆိုပြီး ကြေညာထားပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ဆေးရုံများ အမြန်ဆုံးပုံမှန်ပြန်လည် လည်ပတ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နေတာတွေကိုလည်း ဝမ်းမြောက်ဖွယ်တွေ့ရှိနေရပြီ ဖြစ်ပါတယ်။ ဆေးရုံကြီးတွေကို မဖြစ်မနေ ပြန်လည်ဖွင့်လှစ်ပေးနိုင်ဖို့ဟာ နိုင်ငံတော်နဲ့ပြည်သူတွေအတွက် အလွန်အရေးကြီးတဲ့ ကိစ္စရပ်ဖြစ်ပါတယ်။ နှစ်ပေါင်းများစွာ နိုင်ငံတော်ကနေ လူ့စွမ်းအားအရင်းအမြစ်ဖြစ်တဲ့ ဆရာဝန်တွေ၊ သူနာပြုတွေ၊ ကျွမ်းကျင်တဲ့ ကျန်းမာရေးဝန်ထမ်းတွေကို မွေးထုတ်ခဲ့ရပါတယ်။ ဒါ့အပြင် ကျန်းမာရေးကဏ္ဍအတွက် လိုအပ်တဲ့ အထောက်အကူပြုပစ္စည်းတွေ၊ ဆေးနဲ့ ဆေးပစ္စည်းတွေကို ဖြည့်တင်းပေးထားရတာပါ။ သန်းပေါင်းများစွာသော ပြည်သူများအတွက် ပြည်သူ့ဆေးရုံတွေပုံမှန်လည်ပတ်နိုင်ဖို့ လိုအပ်တာ အမှန်ပဲဖြစ်ပါတယ်။ ပြည်သူတွေရဲ့ အားကိုးမှု၊ နိုင်ငံတော်ရဲ့ ပံ့ပိုးကူညီပေးမှုတွေကို လျစ်လျူရှုနေကြတဲ့ ကျန်းမာရေးနယ်ပယ်က တတ်သိပညာရှင်တွေအနေနဲ့ နိုင်ငံတော်နဲ့ ပြည်သူတွေကို မိမိတို့ကျွမ်းကျင်ပိုင်နိုင်တဲ့ ဆေးပညာကို သမားကျင့်ဝတ်နဲ့အညီ ပြန်လည်ကျေးဇူးဆပ်ကြမယ်လို့ မျှော်လင့်မိပြီး လနဲ့ချီပိတ်ထားရတဲ့ ပြည်သူ့ဆေးရုံတွေဆီ ပြန်လာသင့်ပါပြီ။

☆ **အမည်တူအောင်ယူထားတဲ့ အာရပ်နွေဦးတော်လှန်ရေးကတော့ သူတို့တိုင်းပြည်ရဲ့ ကြမ္မာဆိုးအစ ဖြစ်ခဲ့ရတယ်ဆိုတာ လူငယ်တွေကို သိစေလိုပါတယ်။ အာရပ်ကမ္ဘာက အာဏာရှင်တွေ ပြုတ်ကျဖို့ဆိုတဲ့ တိုက်ပွဲမှာ သူတို့ပြည်သူတွေ မျှော်လင့်သလို အာဏာရှင်ကျဆုံး၊ ဒီမိုကရေစီအစိုးရတက်၊ တိုင်းပြည်ကြီးကို ပြန်လည်တည်ဆောက်ဆိုတဲ့ Happy Ending ဖြစ်လာခဲ့ရဲ့လားဆိုတာ သုံးသပ်ကြည့်သင့်ပါတယ်။ လစ်ဗျားမှာ လက်နက်တွေဟာ နိုင်ငံ့လူဦးရေထက်တောင် များခဲ့ပါပြီ။ အာဏာရှင်ကိုလည်း တွန်းလှန်ခဲ့ကြပါပြီ။ သို့သော် မြေပုံထဲက လက်ရှိလစ်ဗျားနိုင်ငံမှာ အစိုးရက နှစ်ခု၊ လက်နက်ကိုင်သူပုန်တွေက အပြည့်နဲ့၊ ဘယ်အင်အားကြီးနိုင်ငံ၊ ဘယ်အဖွဲ့အစည်းကနေမှ ဝင်ရောက်မဖျန်ဖြေနိုင်တော့လောက်အောင် သွေးချောင်းစီးခဲ့ရပြီး တိုင်းပြည်လည်း ပြာပုံဖြစ်ခဲ့ရပါပြီ။ လစ်ဗျားပြည်သူတွေဟာ သူတို့မျှော်မှန်းတဲ့ ဒီမိုကရေစီကို ပိုင်ဆိုင်ခွင့်ရခဲ့ကြပါသလား. . .**

*စာမျက်နှာ ၉ သို့*

# တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းစည်းဝေး

**ထားဝယ် ဧပြီ ၂၃**

တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီရုံး (၃)ထပ်ဆောင်၊ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးတင်အောင်က နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားသည့် မိန့်ခွန်းကို ထပ်ဆင့်ရှင်းလင်း ဆွေးနွေးပြောကြားကာ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်ရှိ အကျိုးသက်ရောက်သော အုပ်ချုပ်မှုလုပ်ငန်းဆိုင်ရာများကို တိုးမြှင့်ပေးကြရန်၊ အလေးထားပေးကြရန်နှင့် ကောင်းသော လုပ်ငန်းများကို ကူညီပေးစေလိုကြောင်း၊ တိုင်းဒေသကြီးအတွင်းရှိ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများ၊ အလုပ်ရုံနှင့် ရုံးများကို ကိုယ်ပိုင်ရုံး၊ ကိုယ်ပိုင်ပစ္စည်းကဲ့သို့ သဘောထားပြီး လုပ်ဆောင်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး ကျော်ဇေယျက နိုင်ငံတော်တာဝန် ကျေပွန်စွာ ထမ်းဆောင်ကြသော ဌာနဆိုင်ရာဝန်ထမ်းအား ကျေးဇူးတင်ရှိကြောင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် လူမှုကွန်ရက်ပေါ်တွင် ပျံ့နှံ့နေသော ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးပြောကြားပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးကြသည်။



ဆက်လက်၍ တက်ရောက်လာသော ဌာနဆိုင်ရာ တာဝန်ရှိသူများက ဌာနမှလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် ကြုံတွေ့ရသော အခက်အခဲများကို ရှင်းလင်းဆွေးနွေးတင်ပြရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

---

*စာမျက်နှာ ၆ မှ*

၁၉၈၁ ခုနှစ် ဧပြီလအတွင်း ပြည်တွင်းစစ်ပွဲအသစ် ထပ်မံဖြစ်ပွားပြန်သည်။ ဆီးရီးယားအာရပ်ဟန့်တားရေးတပ်များနှင့် ခရစ်ယာန်တပ်များ တိုက်ခိုက်မှုများဖြစ်ပွားနေစဉ်အတွင်း ဆီးရီးယားနှင့် အစ္စရေးတို့သည်လည်း ပဋိပက္ခအတွင်းပါဝင်လာကြသည်။ ဆီးရီးယားတို့က ပါလက်စတိုင်းများအား ကူညီရန်အတွက် လေယာဉ်ပစ်ဒုံးပျံများကို လက်ဘနွန်နိုင်ငံအတွင်း ပေးပို့ခဲ့သည်။

ပါလက်စတိုင်းတို့က အမြောက်များဖြင့် အစ္စရေးတို့အား ပစ်ခတ်မှုကြောင့် အစ္စရေးတို့က ဘေရွတ်မြို့တော်ကို ဗုံးကြဲတိုက်ခိုက်ခဲ့ကြရာ အရပ်သား ၃၀၀ ခန့် သေဆုံးခဲ့ရပြီး ၈၀၀ ကျော် ဒဏ်ရာရခဲ့သည်။

၁၉၈၂ ခုနှစ် ဇွန်လ ၆ ရက်နေ့တွင်မူ အစ္စရေးတပ်များသည် ပါလက်စတိုင်း ပြောက်ကျားများကို ချေမှုန်းရန်ဟုဆိုကာ လက်ဘနွန်နိုင်ငံအတွင်းသို့ စစ်ကြောင်းသုံးကြောင်းချီ၍ ဝင်ရောက်လာသည်။ ပါလက်စတိုင်းပြောက်ကျားတို့၏ ဌာနချုပ်တည်ရှိရာ ဘေရွတ်မြို့ကို ပြင်းပြင်းထန်ထန်ပိတ်ဆို့ တိုက်ခိုက်လေတော့သည်။

ထို့နောက် ... ထို့နောက်မှာတော့ အစ္စရေးကျောထောက်နောက်ခံ ခရစ်ယာန် ဖလန်းဂျစ်တပ်ဖွဲ့များက ပါလက်စတိုင်း ဒုက္ခသည်များ၏ ဆာဘရာနှင့် ရှာတီလာ ဒုက္ခသည်စခန်းများမှ ပါလက်စတိုင်းယောကျ်ား၊ မိန်းမနှင့် ကလေးနှစ်ထောင်ကျော်ကို အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့သည့် လူသတ်ပွဲကြီးများ။

အီရန်က ထိုသို့သေဆုံးခဲ့ရသည့် အပြစ်မဲ့ပြည်သူများအတွက် လက်စားချေသည့်အနေဖြင့် သူတို့၏ ကျောထောက်နောက်ခံပြုထားသည့် "ဘုရားသခင်၏ပါတီ"ဟု အဓိပ္ပာယ်ရသော ဟစ်ဘိုလာခေါ် လက်ဘနွန်ပြည်သူ့စစ်များက ၁၉၈၃ ခုနှစ် ဧပြီလတွင် ဘေရွတ်မြို့ရှိ အမေရိကန်သံရုံးကို ထရပ်ကားတစ်စီးဖြင့် အသေခံဗုံးဖောက်ခွဲခဲ့၍ အမေရိကန် ၆၀ ကျော် သေဆုံးခဲ့ရသည့်ဖြစ်ရပ်များ၊ ၁၉၈၃ ခုနှစ် အောက်တိုဘာလတွင် ဗုံးများတင်ဆောင်လာသည့် ထရပ်ကားနှစ်စီးဖြင့် ဘေရွတ်မြို့ရှိ အမေရိကန်နှင့် ပြင်သစ် ငြိမ်းချမ်းရေးတပ်ဖွဲ့ ဌာနချုပ်ကို အသေခံဗုံးခွဲကြပြန်ရာ အမေရိကန်မရိန်းတပ်သား ၂၄၃ ဦးနှင့် ပြင်သစ်တပ်ဖွဲ့ဝင် ၆၀ တို့ ထပ်မံသေဆုံးခဲ့ကြရသည့် ဖြစ်စဉ်များ ထပ်မံပေါ်ပေါက်လာခဲ့သည်။

**ဆယ်စုနှစ်များစွာ စစ်တလင်းဖြစ်ခဲ့ရ**

ဤသို့ဖြင့် ၁၉၆၀ ပြည့်လွန်နှစ်များက အာရပ်ကမ္ဘာ၏ ပဲရစ်မြို့ဟု တင်စားရလောက်အောင် အေးချမ်းသာယာလှပပြီး ကြွယ်ဝသော လက်ဘနွန်နိုင်ငံလေးသည် ပြည်တွင်းနိုင်ငံရေး၊ ပါတီအချင်းချင်းကြားက အာဃာတအမုန်းတရားများနှင့် ပြည်ပနိုင်ငံများ၏ ဝင်ရောက်စွက်ဖက်မှုများကြောင့် ဆယ်စုနှစ်များစွာ စစ်တလင်းဖြစ်ခဲ့ရလေသည်။

"ဗျို့ဆရာ၊ အာဃာတအမုန်းတရားတွေ မကုန်ဆုံးတဲ့ တစ်နေ့မှာရော ဘာတွေများ ဆက်ဖြစ်လာနိုင်မလဲလို့ မေးနေတာဖြေဦးလေဗျာ"

"အလုံးစုံပျက်သုဉ်းရေးပေါ့ဗျာ။ တကယ်တမ်း အမေကျော် ဒွေးတော်လွမ်းတဲ့သူတွေ မျှော်လင့်တောင့်တတဲ့အတိုင်း ပြည်ပတပ်တွေ၊ R2P တွေ၊ အနောက်က အင်အားတွေသာ ဝင်ခွင့်ပေးလိုက်ရင် သံလွင်မြစ်အရှေ့ခြမ်းက အစပြုပြီး ရှမ်းပြည်နယ်ကြီး မြန်မာပြည်မြေပုံကနေ ပြုတ်ထွက်သွားမယ်ဗျာ။ မြန်မာပြည်မြောက်ဖျားက ခေါင်းပိုင်းပဲ့ထွက်သွားမယ်ဗျာ။ မြန်မာပြည်က အနောက်တံခါးကြီး ပြုတ်ထွက်သွားမယ်ဗျာ။ ကျောက်တော်မြို့က မဟာမုနိဘုရားကြီးနဲ့ မြောက်ဦးရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ၊ မွန်ပြည်နယ်က ကျိုက်ထီးရိုးစေတီ၊ ကရင်ပြည်နယ်က သာစွဌာနေ ဖွဲ့ကပင်မြေတွေကို ခင်ဗျားတို့ ဘုရားဖူးထွက်ချင်ရင်၊ အလည်သွားချင်ရင် နိုင်ငံကူးလက်မှတ်ပတ်စ်ပို့ ဆောင်ရမယ်ဗျာ။ ဗီဇာတိုးသွားထုရမယ်ဗျာ။

"ရန်ကုန်၊ မန္တလေးမြို့ကြီးတွေမှာလည်း အေးအေးဆေးဆေးနေရမယ်ထင်သလား။ လူမှုကွန်ရက်ပေါ်မှာ တွေ့နေရတဲ့ ဖက်ဒရယ်လုံခြုံရေးတပ်မတော်တွေ၊ ဖက်ဒရယ်လုံခြုံရေးတပ်ဖွဲ့တွေ၊ မြို့နယ် လုံခြုံရေးနှင့် ကာကွယ်ရေးတပ်ဖွဲ့တွေအပြင် သူလျှိုတွေ၊ ဒလန်တွေလို့ အစွပ်စွဲခံရပြီး အသက်အိုးအိမ်စည်းစိမ်တွေ ဆုံးရှုံးနစ်နာခံကြရမယ့် လူအုပ်စုတွေကလည်း ဒီအတိုင်း ဘယ်ငုတ်တုတ်ငြိမ်ခံကြမလဲဗျ။ သူတို့ကလည်း အုပ်စုတစ်စုအဖြစ် ထပ်ပြီး ပေါ်ထွက်လာဦးမှာပေါ့။ အဲဒီတော့ ကျွန်တော်တို့ငယ်ငယ်က တွေ့မြင်ကြား သိခဲ့ရတဲ့ ဘေရွတ်မြို့က ဂိုဏ်းဂဏ အုပ်စုပေါင်းစုံရဲ့ တိုက်ပွဲတွေ၊ လက်ရှိတွေ့မြင်နေရတဲ့ ဒမတ်စကတ်တို့၊ ထရီပိုလီတို့၊ ဘင်ဂါဇီတို့လို မြို့လယ်ကောင် တိုက်ပွဲတွေကို မိတ်ဆွေကြီး မြင်ယောင်ကြည့်၊ မြင်အောင်ကြည့်ပေါ့ဗျာ"

ထိုသို့သောကျွန်တော့်၏ဆွေးနွေးပြောဆိုစကားများကို ကြားလိုက်ရသည့် အခိုက်ဝယ် မိတ်ဆွေကြီးသည် သကြံန်ကာလ ရေခဲရေအေးအေးဖြင့် အပက်ခံလိုက်ရသည့်အလား တစ်ကိုယ်လုံးတုန်တက်သွားလေသည်။

"အင်း၊ ဟုတ်တယ်ဗျာ။ အမှိုက်ကအစ ပြာသာဒ်မီးလောင်သလို ဖြစ်သွားနိုင်တယ်နော်။ ခင်ဗျား အခုလို ရှင်းပြတော့လည်း နိုင်ငံတော်ကို အာဃာတအမုန်းတရားနဲ့ မတည်ဆောက်နိုင်ဘူးဆိုတာ ပေါ်လွင်သွားတာပေါ့"

"ဒါပေါ့ဗျာ။ ငြိမ်းချမ်းရေးရဖို့အတွက်ဆို လူတစ်ဦးချင်းကိုယ်စီ ကိုယ်စီ Individual Peace ရှိဖို့ လိုအပ်တယ်လို့ သီတဂူဆရာတော်ကြီးက ကမ္ဘာ့ငြိမ်းချမ်းရေးတရားတော်မှာ ဟောပြောဖော်ညွှန်းပြဆိုဆုံးမခဲ့တယ်ဗျ။ တစ်ဦးချင်းက ငြိမ်းချမ်းတဲ့စိတ်မွေးနိုင်ထားနိုင်မှ ပတ်ဝန်းကျင်လည်း ငြိမ်းချမ်းမယ်၊ အေးချမ်းမယ်။ ဒေါသအမုန်းတရားတွေ ဖြစ်နေမယ်ဆိုရင် အိမ်က ခွေးလေးတွေ၊ ကြောင်လေးတွေတောင် မငြိမ်းချမ်းဘူးတဲ့၊ ဒေါသကြောင့် မဆီမဆိုင် အကန်ခံရနိုင်တယ်လို့လည်း ဥပမာပေး ဟောကြားတော်မူခဲ့တယ်ဗျ။"

"ခင်ဗျားတို့၊ ကျွန်တော်တို့စိတ်ထဲမှာ စွဲမြဲထားရမယ့် အရာတစ်ခုကတော့ ကျွန်ုပ်တို့သည် ကမ္ဘာမြေကြီးကို ဘိုးဘွားတို့ထံမှ အမွေဆက်ခံခဲ့ခြင်းမဟုတ်။ မျိုးဆက်သစ်တို့ထံမှ ခေတ္တခဏ ငှားရမ်းယူထားခြင်း မျှသာဖြစ်၏ဆိုတဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်တစ်ဦးရဲ့အဆိုအမိန့်ပဲဗျ။"

**တာဝန်ကိုယ်စီရှိ**

"ဒါကြောင့်မို့ မျိုးဆက်သစ်မြန်မာလူငယ်မောင်မယ်တွေထံက ခေတ္တခဏ ငှားရမ်းယူထားတဲ့ အမိမြန်မာနိုင်ငံတော်ကြီးကို ဆင်ခြင်တုံတရားကင်းမဲ့တဲ့ လုပ်ရပ်ကြောင့် တစ်စစီ ကျိုးပဲ့နေတဲ့နိုင်ငံငယ်လေးအဖြစ် ပြန်အပ်လို့မရဘူးဗျ။ တို့ခေတ်ထက်သာတဲ့၊ ကောင်းမွန်တဲ့၊ သာယာဝပြောတဲ့ နိုင်ငံတော်ကြီးအဖြစ် ပြန်လည်လွှဲပြောင်းပေးအပ်ဖို့ တာဝန်ကိုယ်စီရှိတယ်။ ဒါဟာ လက်ရှိမျိုးဆက်တစ်ဦးချင်းရဲ့ သမိုင်းပေးတာဝန်ပါပဲ။ ကဲ၊ ဒီလောက်နဲ့ပဲ တော်ကြစို့"။ ။

---

*စာမျက်နှာ ၈ မှ*

**ပြည်ပအစီအမံနဲ့ပေါ်ထွက်လာတဲ့ CDM**

အာရပ်နွေဦးကို စုတုပြုပြီး အမည်သစ်လွှယ်လွှယ်ပေးလိုက်တဲ့ မြန်မာ့နွေဦးဟာ အပြစ်မဲ့တဲ့ ပြည်သူတွေကို ဝါဒမှိုင်းတိုက်ပြီး လမ်းပေါ်ထွက်လို့ တိုင်းပြည်ကိုပြိုကွဲအောင် စနစ်တကျကြံစည်တဲ့ ထောင်ချောက်တစ်ခုလည်းဖြစ်ပါတယ်။

CDM လှုပ်ရှားမှုအပါအဝင်၊ လက်ရှိဖြစ်ပွားနေဆဲဖြစ်သော မင်းမဲ့စရိုက်ပုံစံနဲ့ အကြမ်းဖက်မှုများ၊ Social Bullying လုပ်ရပ်များနဲ့ တရားမဝင်အစိုးရကို လေလှိုင်းပေါ်ကနေ ဖွဲ့စည်းမှုများအားလုံးမှာ NLD နဲ့ အနောက်အုပ်စုများ၊ နိုင်ငံပြိုကွဲပျက်စီးကြောင်း ကြံဆောင်နေသူများက ပြည်ပအကြံပေးတွေရဲ့ အကြံဉာဏ်အတိုင်း လိုက်ပါဆောင်ရွက်နေကြတယ်လို့ ယူဆမိပါတယ်။ အစိုးရဌာနတွေနဲ့ ဘဏ်တွေကို မလည်ပတ်နိုင်အောင် လုပ်ဆောင်မယ်ဆိုရင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ထိန်းချုပ်အကျပ်ကိုင်နိုင်မယ်လို့ ယူဆပုံရပါတယ်။ ဒါကြောင့်သာ ရက်ပိုင်းအတွင်း ငွေကြေးထောက်ပံ့မယ့် အစီအစဉ်တွေကိုလည်း စတင်ခဲ့ကြတာဖြစ်ပါတယ်။

ဒါပေမယ့် အခုအချိန်မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ ပြတ်ပြတ်သားသား ထိန်းချုပ်စီမံမှုတွေကို ပိုပြီးခပ်စိပ်စိပ်မြင်တွေ့လာရပြီဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်ဖို့၊ ပြည်သူတွေ အေးချမ်းလုံခြုံစွာနေထိုင်နိုင်ဖို့နဲ့ တရားဥပဒေစိုးမိုးဖို့အတွက် လိုအပ်တဲ့ အစီအမံတွေအားလုံး အရှိန်မြှင့်ဆောင်ရွက်နေတာကိုလည်း တွေ့ရှိနေရပြီဖြစ်ပါတယ်။

**အမည်တူအောင်ယူထားတဲ့ အာရပ်နွေဦးတော်လှန်ရေးကတော့ သူတို့တိုင်းပြည်ရဲ့ ကြမ္မာဆိုးအစဖြစ်ခဲ့ရတယ်ဆိုတာ လူငယ်တွေကို သိစေလိုပါတယ်။ အာရပ်ကမ္ဘာက အာဏာရှင်တွေ ပြုတ်ကျဖို့ဆိုတဲ့ တိုက်ပွဲမှာ သူတို့ပြည်သူတွေ မျှော်လင့်သလို အာဏာရှင်ကျဆုံး၊ ဒီမိုကရေစီအစိုးရတက်၊ တိုင်းပြည်ကြီးကို ပြန်လည်တည်ဆောက်ဆိုတဲ့ Happy Ending ဖြစ်လာခဲ့ရဲ့လားဆိုတာ သုံးသပ်ကြည့်သင့်ပါတယ်။ လစ်ဗျားမှာ လက်နက်တွေဟာ နိုင်ငံ့လူဦးရေထက်တောင် များခဲ့ပါပြီ။ အာဏာရှင်ကိုလည်း တွန်းလှန်ခဲ့ကြပါပြီ။ သို့သော် မြေပုံထဲက လက်ရှိလစ်ဗျားနိုင်ငံမှာ အစိုးရက နှစ်ခု၊ လက်နက်ကိုင်သူပုန်တွေက အပြည့်နဲ့၊ ဘယ်အင်အားကြီးနိုင်ငံ၊ ဘယ်အဖွဲ့အစည်းကနေမှ ဝင်ရောက်မဖျန်ဖြေနိုင်တော့လောက်အောင် သွေးချောင်းစီးခဲ့ရပြီး တိုင်းပြည်လည်း ပြာပုံဖြစ်ခဲ့ရပါပြီ။ လစ်ဗျားပြည်သူတွေဟာ သူတို့မျှော်မှန်းတဲ့ ဒီမိုကရေစီကို ပိုင်ဆိုင်ခွင့်ရခဲ့ကြပါသလား။**

ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီး နယ်စင်နီမန်ဒဲလားက ဆိုခဲ့ဖူးပါတယ်။ "အမြော်အမြင် မပါတဲ့ အလုပ်ဟာ အချိန်ကုန်ရုံပါပဲ။ အလုပ်မပါတဲ့ အမြော်အမြင်ဟာ စိတ်ကူးယဉ်မှုပါပဲ။ အလုပ်နဲ့ အမြော်အမြင် ပေါင်းစည်းလိုက်တဲ့အခါမှာတော့ ကမ္ဘာကြီးကို ပြောင်းလဲပစ်နိုင်ပါတယ်"တဲ့။ လက်ရှိကာလက ဒီမိုကရေစီအယောင်ဆောင် အာဏာရှင်တွေရဲ့ လောဘကို ထိန်းချုပ်လိုက်နိုင်တဲ့ အချိန်ဖြစ်ပြီး ပြည်သူအားလုံး လိုလားတောင့်တတဲ့ ဒီမိုကရေစီခရီးလမ်းကြောင်း ဖြောင့်ဖြူးအောင် ပြင်ဆင်တည့်မတ်ချိန်ဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူများက အမြော်အမြင်ရှိရှိနဲ့ မိမိတိုင်းပြည်မထိခိုက်အောင်၊ တည်ငြိမ်အေးချမ်းအောင် ကြိုးပမ်းပြီး မြန်မာ့အနာဂတ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့်အတူ လက်တွဲပုံဖော်ဖို့သာ တိုက်တွန်းလိုက်ပါရစေတော့။ ။

❖ ရှေ့ဖုံးမှ

အပိုတွေ့ရှိရသော မဲလက်မှတ်မှာ ၇၈ စောင်ဖြစ်သည်။ မြို့နယ်အလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

### မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | မြို့နယ် | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရှိမည့် မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ဆွမ်ပရာဘွမ်မြို့နယ် | ၁၂ | ၃၁၅၀ | ၂၄၇၁ | ၆၇၉ | ၆၇၉ | | |
| ၂ | ရွှေကူမြို့နယ် | ၅၄ | ၇၄၅၃၉ | ၅၂၅၇၉ | ၂၁၉၆၀ | ၂၁၉၀၆ | ၈၅ | ၃၁ |
| ၃ | ဗန်းမော်မြို့နယ် | ၆၉ | ၁၀၃၈၃၉ | ၇၁၂၃၃ | ၃၂၆၀၆ | ၃၂၅၃၇ | ၁၁၆ | ၄၇ |
| | စုစုပေါင်း | ၁၃၅ | ၁၈၁၅၂၈ | ၁၂၆၂၈၃ | ၅၅၂၄၅ | ၅၅၁၂၂ | ၂၀၁ | ၇၈ |

### ဆွမ်ပရာဘွမ်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

၅။ မြေပြင်စစ်ဆေးချက်များအရ ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ ဆွမ်ပရာဘွမ်မြို့နယ်တွင် ရပ်ကွက် ၃ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၉ အုပ်စုရှိ မဲရုံပေါင်း ၁၂ ရုံမှ ထုတ်ယူခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၃၁၅၀ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော ဆန္ဒမဲလက်မှတ်ဖြတ်ပိုင်းများမှာ ၂၄၇၁ ဖြစ်သဖြင့် ကျန်ရှိရမည့် ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၆၇၉ ဖြစ်ပြီး မြေပြင်တွင်လည်း ၆၇၉ ဖြစ်ကြောင်း တွေ့ရှိရပါသည်။ စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရှိမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၃၁၀၀ | ၂၄၄၉ | ၆၅၁ | ၆၅၁ | | |
| ၂ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၅၀ | ၂၂ | ၂၈ | ၂၈ | | |
| | စုစုပေါင်း | ၃၁၅၀ | ၂၄၇၁ | ၆၇၉ | ၆၇၉ | | |

၆။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မဲဆန္ဒရှင်စာရင်းနှင့် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးချက်များ ထုတ်ပြန်ပြီးဖြစ်သည့် မြို့နယ်ပေါင်း ၁၃၇ မြို့နယ်တွင် ထုတ်ယူခဲ့သော မဲလက်မှတ်အရေအတွက်၊ အသုံးပြုခဲ့သော မဲလက်မှတ်အရေအတွက်၊ ကျန်ရှိရမည့် မဲလက်မှတ်အရေအတွက်နှင့် မြေပြင်လက်ကျန် မဲလက်မှတ်အရေအတွက် ကိုက်ညီမှုမရှိဘဲ ကွဲလွဲမှုများနှင့် မဲရုံအလိုက် လျော့နည်းပျောက်ဆုံးမှု/ အပိုသုံးစွဲမှုများကို စိစစ်တွေ့ရှိရသည်။ သို့ရာတွင် ဆွမ်ပရာဘွမ်မြို့နယ်၌ မဲလက်မှတ်အရေအတွက် ကွဲလွဲမှုတစ်စုံတစ်ရာ မတွေ့ရှိရဘဲ ထုတ်ယူရရှိ၊ အသုံးပြု၊ မြေပြင်လက်ကျန် အရေအတွက်များ ကိုက်ညီမှုရှိကြောင်း စိစစ်တွေ့ရှိရသည်။

၇။ ဆွမ်ပရာဘွမ်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းကလည်းကောင်း၊ ဆွမ်ပရာဘွမ်မြို့နယ် ပါဝင်သည့် ကချင်ပြည်နယ်အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ်(၁) (ပူတာအိုခရိုင်)တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းက လည်းကောင်း၊ ကချင်ပြည်နယ်လွှတ်တော် ဆွမ်ပရာဘွမ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းက လည်းကောင်း၊ ကချင်ပြည်နယ်လွှတ်တော် ဆွမ်ပရာဘွမ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)တွင် ကချင်ပြည်နယ် ပြည်သူ့ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်း ကလည်းကောင်း ရွေးကောက်တင်မြှောက်ခြင်းခံခဲ့ရသည်။ ဆွမ်ပရာဘွမ်မြို့နယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်လောင်းများ ရွေးကောက်တင်မြှောက်ခံခဲ့ရခြင်း မရှိကြောင်း စိစစ်တွေ့ရှိရသည်။

၈။ ဆွမ်ပရာဘွမ်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရှိမည့် မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ခင်ဒူယန်ကျေးရွာအုပ်စု | ၁ | ၁၅၀ | ၁၂၅ | ၂၅ | ၂၅ | | |
| ၂ | ဖုန်အင်ယန်ကျေးရွာအုပ်စု | ၁ | ၄၅၀ | ၃၄၆ | ၁၀၄ | ၁၀၄ | | |
| ၃ | အင်ဂေါမကျေးရွာအုပ်စု | ၁ | ၅၀ | ၃၉ | ၁၁ | ၁၁ | | |
| ၄ | ကဘာရန်ခူးရပ်ကွက် | ၁ | ၂၀၀ | ၁၉၂ | ၈ | ၈ | | |
| ၅ | မြို့မရပ်ကွက် | ၁ | ၆၀၀ | ၅၃၈ | ၆၂ | ၆၂ | | |
| ၆ | ဝါစပ်ခူးရပ်ကွက် | ၁ | ၂၀၀ | ၁၅၀ | ၅၀ | ၅၀ | | |
| ၇ | အင်တားဂလူကျေးရွာအုပ်စု | ၁ | ၁၅၀ | ၈၉ | ၆၁ | ၆၁ | | |
| ၈ | ဇနန်ခကျေးရွာအုပ်စု | ၁ | ၁၀၀ | ၅၇ | ၄၃ | ၄၃ | | |
| ၉ | မိုင်ထောင်းကျေးရွာအုပ်စု | ၁ | ၁၅၀ | ၁၁၄ | ၃၆ | ၃၆ | | |
| ၁၀ | ခကရန်းယန်ကျေးရွာအုပ်စု | ၁ | ၅၀၀ | ၃၉၃ | ၁၀၇ | ၁၀၇ | | |
| ၁၁ | ကဝါးပန်းကျေးရွာအုပ်စု | ၁ | ၃၀၀ | ၂၃၀ | ၇၀ | ၇၀ | | |
| ၁၂ | ဘွပ်ခါးကျေးရွာအုပ်စု | ၁ | ၂၅၀ | ၁၇၆ | ၇၄ | ၇၄ | | |
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၁၂ | ၃၁၀၀ | ၂၄၄၉ | ၆၅၁ | ၆၅၁ | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၅၀ | ၂၂ | ၂၈ | ၂၈ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၂ | ၃၁၅၀ | ၂၄၇၁ | ၆၇၉ | ၆၇၉ | | |

### ရွှေကူမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

၉။ မြေပြင်စစ်ဆေးချက်များအရ ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ ရွှေကူမြို့နယ်တွင် ရပ်ကွက် ၈ ရပ်ကွက် နှင့် ကျေးရွာအုပ်စု ၂၈ အုပ်စုရှိ မဲရုံပေါင်း ၅၄ ရုံမှ ထုတ်ယူခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၇၄၅၃၉ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော ဆန္ဒမဲလက်မှတ်ဖြတ်ပိုင်းများမှာ ၅၂၅၇၉ ဖြစ်သဖြင့် ကျန်ရှိရမည့် ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၁၉၆၀ ဖြစ်သော်လည်း မြေပြင်တွင် ၂၁၉၀၆ သာ ကျန်ရှိကြောင်း တွေ့ရှိရပါသည်။ ဆန္ဒမဲလက်မှတ်များ လျော့နည်း/ပျောက်ဆုံးမှုနှင့် အပို ဖြစ်ပေါ်မှုအခြေအနေများအား အောက်ပါအတိုင်း စိစစ်တွေ့ရှိရပါသည် -

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရှိမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၆၇၀၀၀ | ၅၂၃၃၈ | ၁၄၆၆၂ | ၁၄၆၀၆ | ၈၅ | ၂၉ |
| ၂ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၇၅၃၉ | ၂၄၁ | ၇၂၉၈ | ၇၃၀၀ | | ၂ |
| | စုစုပေါင်း | ၇၄၅၃၉ | ၅၂၅၇၉ | ၂၁၉၆၀ | ၂၁၉၀၆ | ၈၅ | ၃၁ |

၁၀။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ကျန်ရှိရမည့် ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၁၉၆၀ ဖြစ်သော်လည်း မြေပြင်လက်ကျန်မဲလက်မှတ် ၂၁၉၀၆ သာ တွေ့ရှိရသဖြင့် ၈၅ စောင် လျော့နည်းပျောက်ဆုံးနေပြီး ၃၁ စောင် ပိုနေသည်ကို စိစစ်တွေ့ရှိရပါသည်။

၁၁။ ရွှေကူမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရှိမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | အမှတ်(၁)ရပ်ကွက်၊ ရွှေကူမြို့ | ၂ | ၃၆၀၀ | ၂၅၈၅ | ၁၀၁၅ | ၁၀၁၀ | ၆ | ၁ |
| ၂ | အမှတ်(၂)ရပ်ကွက်၊ ရွှေကူမြို့ | ၂ | ၃၂၅၀ | ၂၅၈၆ | ၆၆၄ | ၆၆၀ | ၅ | ၁ |
| ၃ | အမှတ်(၃)ရပ်ကွက်၊ ရွှေကူမြို့ | ၁ | ၂၃၅၀ | ၁၉၃၇ | ၄၁၃ | ၄၀၅ | ၈ | |
| ၄ | အမှတ်(၄)ရပ်ကွက်၊ ရွှေကူမြို့ | ၂ | ၄၉၀၀ | ၃၂၆၃ | ၁၆၃၇ | ၁၆၃၅ | ၂ | |
| ၅ | နောင်မိုကျေးရွာအုပ်စု | ၂ | ၁၀၅၀ | ၈၁၈ | ၂၃၂ | ၂၂၈ | ၄ | |
| ၆ | သဘော်အင်းကျေးရွာအုပ်စု | ၂ | ၁၆၅၀ | ၁၃၅၅ | ၂၉၅ | ၂၈၈ | ၇ | |
| ၇ | မိုးစစ်ကျေးရွာအုပ်စု | ၁ | ၁၇၅၀ | ၁၄၃၂ | ၃၁၈ | ၃၁၈ | | |
| ၈ | ငါးဘတ်ကြီးကျေးရွာအုပ်စု | ၂ | ၁၇၅၀ | ၁၄၇၄ | ၂၇၆ | ၂၇၄ | ၂ | |
| ၉ | ပန်းတင်ကျေးရွာအုပ်စု | ၁ | ၁၃၅၀ | ၁၁၃၃ | ၂၁၇ | ၂၁၂ | ၅ | |
| ၁၀ | စီသာကျေးရွာအုပ်စု | ၁ | ၁၂၅၀ | ၉၉၃ | ၂၅၇ | ၂၅၇ | | |
| ၁၁ | စီသောင်ကျေးရွာအုပ်စု | ၁ | ၁၅၅၀ | ၁၃၀၁ | ၂၄၉ | ၂၄၉ | | |
| ၁၂ | စင်းဖုတ်ကျေးရွာအုပ်စု | ၁ | ၁၁၅၀ | ၉၀၀ | ၂၅၀ | ၂၅၀ | | |
| ၁၃ | မံဝိန်းကျေးရွာအုပ်စု | ၁ | ၁၂၀၀ | ၉၉၆ | ၂၀၄ | ၂၀၄ | | |
| ၁၄ | မြို့ကုန်းကျေးရွာအုပ်စု | ၁ | ၂၀၀၀ | ၁၄၆၁ | ၅၃၉ | ၅၄၇ | | ၈ |
| ၁၅ | စီသော်ကျေးရွာအုပ်စု | ၂ | ၂၁၀၀ | ၁၆၇၀ | ၄၃၀ | ၄၂၂ | ၈ | |
| ၁၆ | စီမော်ကျေးရွာအုပ်စု | ၁ | ၁၃၅၀ | ၁၁၃၆ | ၂၁၄ | ၂၁၄ | | |
| ၁၇ | ရေလဲကျေးရွာအုပ်စု | ၁ | ၂၂၀၀ | ၁၈၆၈ | ၃၃၂ | ၃၃၆ | | ၄ |
| ၁၈ | ရွှေဘုံသာကျေးရွာအုပ်စု | ၂ | ၂၁၅၀ | ၁၇၆၁ | ၃၈၉ | ၃၉၁ | | ၂ |
| ၁၉ | တိန်းဟွန်းကျေးရွာအုပ်စု | ၁ | ၁၉၀၀ | ၁၃၄၉ | ၅၅၁ | ၅၄၁ | ၁၀ | |
| ၂၀ | သရက်ကုန်းကျေးရွာအုပ်စု | ၁ | ၁၉၀၀ | ၁၅၇၁ | ၃၂၉ | ၃၂၇ | ၂ | |
| ၂၁ | ဘိုကုန်းကျေးရွာအုပ်စု | ၂ | ၂၉၀၀ | ၂၀၃၂ | ၈၆၈ | ၈၆၈ | | |
| ၂၂ | မဏိသြဂကျေးရွာအုပ်စု | ၂ | ၂၇၅၀ | ၂၂၁၆ | ၅၃၄ | ၅၃၅ | ၁ | ၂ |
| ၂၃ | သပြေလှကျေးရွာအုပ်စု | ၁ | ၁၃၅၀ | ၁၀၈၄ | ၂၆၆ | ၂၇၀ | | ၄ |
| ၂၄ | ကျောက်ကြီးကျေးရွာအုပ်စု | ၃ | ၃၀၀၀ | ၂၂၈၈ | ၇၁၂ | ၇၁၂ | | |
| ၂၅ | တောပုန်းကျေးရွာအုပ်စု | ၃ | ၅၁၅၀ | ၄၀၂၀ | ၁၁၃၀ | ၁၁၂၂ | ၈ | |
| ၂၆ | ဆိပ်သာကျေးရွာအုပ်စု | ၃ | ၂၁၅၀ | ၁၇၄၃ | ၄၀၇ | ၄၀၇ | ၂ | ၂ |
| ၂၇ | ဆင်တပ်ကျေးရွာအုပ်စု | ၁ | ၁၇၅၀ | ၁၄၄၈ | ၃၀၂ | ၃၀၂ | | |
| ၂၈ | စီမူကြီးကျေးရွာအုပ်စု | ၁ | ၁၂၀၀ | ၉၇၁ | ၂၂၉ | ၂၂၉ | | |
| ၂၉ | နောင်လက်ကြီးကျေးရွာအုပ်စု | ၂ | ၂၄၀၀ | ၁၇၇၈ | ၆၂၂ | ၆၁၅ | ၁၂ | ၅ |
| ၃၀ | ရွှေချောင်းသာကျေးရွာအုပ်စု | ၁ | ၁၀၅၀ | ၈၃၆ | ၂၁၄ | ၂၁၃ | ၁ | |
| ၃၁ | အမှတ်(၁)ရပ်ကွက်၊ မြို့လှ | ၁ | ၃၀၀ | ၂၁၅ | ၈၅ | ၈၅ | | |
| ၃၂ | အမှတ်(၂)ရပ်ကွက်၊ မြို့လှ | ၁ | ၃၅၀ | ၂၉၈ | ၅၂ | ၅၀ | ၂ | |
| ၃၃ | အမှတ်(၃)ရပ်ကွက်၊ မြို့လှ | ၁ | ၃၅၀ | ၂၉၉ | ၅၁ | ၅၁ | | |
| ၃၄ | အမှတ်(၄)ရပ်ကွက်၊ မြို့လှ | ၁ | ၃၀၀ | ၂၁၉ | ၈၁ | ၈၁ | | |
| ၃၅ | မင်းကျောင်းကုန်းကျေးရွာအုပ်စု | ၂ | ၁၀၅၀ | ၈၈၂ | ၁၆၈ | ၁၆၈ | | |
| ၃၆ | အမတ်ကြီးကုန်းကျေးရွာအုပ်စု | ၁ | ၅၅၀ | ၄၂၀ | ၁၃၀ | ၁၃၀ | | |

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

| | | | | | | | |
|---|---|---|---|---|---|---|---|
| ရပ်/ကျေးချုပ်စုစုပေါင်း | ၅၄ | ၆၇၀၀၀ | ၅၂၃၃၈ | ၁၄၆၆၂ | ၁၄၆၀၆ | ၈၅ | ၂၉ |
| မြို့နယ်လက်ကျန်မဲလက်မှတ် | | ၇၅၃၉ | ၂၄၁ | ၇၂၉၈ | ၇၃၀၀ | | ၂ |
| မြို့နယ်ချုပ်စုစုပေါင်း | ၅၄ | ၇၄၅၃၉ | ၅၂၅၇၉ | ၂၁၉၆၀ | ၂၁၉၀၆ | ၈၅ | ၃၁ |

## ဗန်းမော်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

၁၂။ မြေပြင်စစ်ဆေးချက်များအရ ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ ဗန်းမော်မြို့နယ်တွင် ရပ်ကွက် ၁၆ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၄၂ အုပ်စုရှိ မဲရုံပေါင်း ၆၉ ရုံမှ ထုတ်ယူခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၁၀၃၈၃၉ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော ဆန္ဒမဲလက်မှတ်ဖြတ်ပိုင်းများမှာ ၇၁၂၃၃ ဖြစ်သဖြင့် ကျန်ရှိရမည့် ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၃၂၆၀၆ ဖြစ်သော်လည်း မြေပြင်တွင် ၃၂၅၃၇ သာ ကျန်ရှိကြောင်း တွေ့ရှိရပါသည်။ ဆန္ဒမဲလက်မှတ်များ လျော့နည်း/ပျောက်ဆုံးမှုနှင့် အပို ဖြစ်ပေါ်မှုအခြေအနေများအား အောက်ပါအတိုင်း စိစစ်တွေ့ရှိရပါသည် -

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၉၅၇၄၈ | ၇၀၀၆၈ | ၂၅၆၈၀ | ၂၅၆၁၁ | ၁၁၆ | ၄၇ |
| ၂ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၈၀၉၁ | ၁၁၆၅ | ၆၉၂၆ | ၆၉၂၆ | | |
| | စုစုပေါင်း | ၁၀၃၈၃၉ | ၇၁၂၃၃ | ၃၂၆၀၆ | ၃၂၅၃၇ | ၁၁၆ | ၄၇ |

၁၃။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ကျန်ရှိရမည့် ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၃၂၆၀၆ ဖြစ်သော်လည်း မြေပြင်လက်ကျန်မဲလက်မှတ် ၃၂၅၃၇ သာ တွေ့ရှိရသဖြင့် ၁၁၆ စောင် လျော့နည်းပျောက်ဆုံးနေပြီး ၄၇ စောင် ပိုနေသည်ကို စိစစ်တွေ့ရှိရပါသည်။

၁၄။ ဗန်းမော်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | သာစည်ရပ်ကွက် | ၂ | ၆၄၀၀ | ၄၀၇၂ | ၂၃၂၈ | ၂၃၂၆ | ၂ | |
| ၂ | မြို့မရပ်ကွက် | ၁ | ၅၅၀ | ၄၇၇ | ၇၃ | ၇၃ | | |
| ၃ | မင်းကုန်းရပ်ကွက် | ၁ | ၁၂၀၀ | ၈၅၅ | ၃၄၅ | ၃၄၅ | | |
| ၄ | မင်းကျောင်းကုန်းရပ်ကွက် | ၁ | ၁၄၀၀ | ၁၀၁၀ | ၃၉၀ | ၃၉၀ | | |
| ၅ | ညောင်ပင်ရပ်ကွက် | ၂ | ၄၉၅၀ | ၃၅၆၁ | ၁၃၈၉ | ၁၃၈၉ | | |
| ၆ | နောင်ခိုရပ်ကွက် | ၂ | ၅၇၀၀ | ၄၀၉၉ | ၁၆၀၁ | ၁၅၅၇ | ၄၄ | |
| ၇ | ရွှေကျီးနားရပ်ကွက် | ၁ | ၁၉၅၀ | ၁၆၂၂ | ၃၂၈ | ၃၃၂ | | ၄ |
| ၈ | နမ့်ဖားရပ်ကွက် | ၂ | ၃၃၀၀ | ၂၃၈၉ | ၉၁၁ | ၉၁၁ | | |
| ၉ | အောင်သာရပ်ကွက် | ၁ | ၁၆၅၀ | ၁၀၀၆ | ၆၄၄ | ၆၄၄ | | |
| ၁၀ | ရွှေပြည်သာရပ်ကွက် | ၁ | ၂၉၀၀ | ၁၉၂၇ | ၉၇၃ | ၉၆၉ | ၄ | |
| ၁၁ | စီအင်ကျေးရွာအုပ်စု | ၁ | ၂၀၀၀ | ၁၄၁၉ | ၅၈၁ | ၅၈၁ | | |
| ၁၂ | နောင်လိုက်ကျေးရွာအုပ်စု | ၁ | ၉၅၀ | ၆၇၀ | ၂၈၀ | ၂၇၉ | ၁ | |
| ၁၃ | မံရေးကျေးရွာအုပ်စု | ၁ | ၅၀၀ | ၃၇၃ | ၁၂၇ | ၁၂၉ | | ၂ |
| ၁၄ | မအူပင်ကျေးရွာအုပ်စု | ၁ | ၉၀၀ | ၇၁၂ | ၁၈၈ | ၁၉၀ | | ၂ |
| ၁၅ | မလူလာကျေးရွာအုပ်စု | ၁ | ၇၅၀ | ၅၈၃ | ၁၆၇ | ၁၆၃ | ၄ | |
| ၁၆ | နန့်လှိုင်ကျေးရွာအုပ်စု | ၁ | ၈၀၀ | ၆၃၅ | ၁၆၅ | ၁၆၅ | | |
| ၁၇ | ခူးလီကျေးရွာအုပ်စု | ၁ | ၅၀၀ | ၃၄၀ | ၁၆၀ | ၁၆၀ | | |
| ၁၈ | မိုးဖိန်းကျေးရွာအုပ်စု | ၁ | ၂၁၀၀ | ၁၆၈၀ | ၄၂၀ | ၄၁၈ | ၂ | |
| ၁၉ | တာမိုင်းလုံကျေးရွာအုပ်စု | ၁ | ၉၀၀ | ၆၉၆ | ၂၀၄ | ၁၉၇ | ၇ | |
| ၂၀ | ဆိုင်ကင်ကျေးရွာအုပ်စု | ၁ | ၁၉၈ | ၁၆၁ | ၃၇ | ၃၇ | | |
| ၂၁ | ဟဲလုံသစ်ကျေးရွာအုပ်စု | ၁ | ၈၀၀ | ၆၈၉ | ၁၁၁ | ၁၁၁ | | |
| ၂၂ | ဟဲလုံဟောင်းကျေးရွာအုပ်စု | ၁ | ၁၅၀ | ၁၁၁ | ၃၉ | ၃၉ | | |
| ၂၃ | ကျွဲဂျိုကမ္ဘာ့ဇီကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၇၅၈ | ၂၄၂ | ၂၄၂ | | |
| ၂၄ | ချောင်းဝကျေးရွာအုပ်စု | ၁ | ၄၀၀ | ၃၃၉ | ၆၁ | ၆၁ | | |
| ၂၅ | တိန်းသော်ကျေးရွာအုပ်စု | ၁ | ၁၇၅၀ | ၁၄၉၅ | ၂၅၅ | ၂၆၃ | | ၈ |
| ၂၆ | စင့်ကင်ကျေးရွာအုပ်စု | ၁ | ၂၀၀၀ | ၁၇၂၅ | ၂၇၅ | ၂၆၇ | ၈ | |
| ၂၇ | ငှက်ပျောတောကျေးရွာအုပ်စု | ၁ | ၆၅၀ | ၅၂၁ | ၁၂၉ | ၁၂၇ | ၂ | |
| ၂၈ | သဖန်းပင်ကျေးရွာအုပ်စု | ၁ | ၁၀၅၀ | ၈၉၂ | ၁၅၈ | ၁၅၄ | ၄ | |
| ၂၉ | ကျွန်းကြီးကျေးရွာအုပ်စု | ၁ | ၁၃၅၀ | ၉၀၆ | ၄၄၄ | ၄၄၁ | ၃ | |
| ၃၀ | မိုင်းကာကျေးရွာအုပ်စု | ၁ | ၇၀၀ | ၄၁၀ | ၂၉၀ | ၂၈၂ | ၈ | |
| ၃၁ | ကုန်းခါးကျေးရွာအုပ်စု | ၁ | ၈၀၀ | ၆၁၅ | ၁၈၅ | ၁၈၅ | | |
| ၃၂ | မံပင်ကျေးရွာအုပ်စု | ၁ | ၂၅၀ | ၁၆၄ | ၈၆ | ၈၆ | | |
| ၃၃ | ခွန်သာရပ်ကွက် | ၂ | ၃၉၀၀ | ၂၈၆၅ | ၁၀၃၅ | ၁၀၃၄ | ၂ | ၁ |
| ၃၄ | ပေါက်ကုန်းရပ်ကွက် | ၃ | ၆၂၅၀ | ၄၆၉၈ | ၁၅၅၂ | ၁၅၅၂ | ၂ | ၂ |
| ၃၅ | သီရိရပ်ကွက် | ၁ | ၁၄၅၀ | ၈၈၂ | ၅၆၈ | ၅၆၈ | | |
| ၃၆ | ဆင်ကုန်းရပ်ကွက် | ၁ | ၁၁၀၀ | ၈၄၄ | ၂၅၆ | ၂၅၆ | | |
| ၃၇ | အလည်ရပ်ရပ်ကွက် | ၁ | ၆၀၀ | ၄၉၆ | ၁၀၄ | ၁၀၆ | | ၂ |
| ၃၈ | မြစေတီကျေးရွာအုပ်စု | ၁ | ၉၅၀ | ၆၈၇ | ၂၆၃ | ၂၆၅ | | ၂ |
| ၃၉ | ပါပေါင်းကျေးရွာအုပ်စု | ၁ | ၁၈၀၀ | ၁၃၂၉ | ၄၇၁ | ၄၇၅ | | ၄ |
| ၄၀ | မံမလင်းကျေးရွာအုပ်စု | ၁ | ၂၅၅၀ | ၁၇၇၀ | ၇၈၀ | ၇၇၆ | ၄ | |
| ၄၁ | ကောင်းစင့်ကျေးရွာအုပ်စု | ၁ | ၉၅၀ | ၇၇၉ | ၁၇၁ | ၁၆၉ | ၂ | |
| ၄၂ | ရေနီကျေးရွာအုပ်စု | ၁ | ၆၅၀ | ၅၀၂ | ၁၄၈ | ၁၄၈ | | |
| ၄၃ | ကံသာကျေးရွာအုပ်စု | ၁ | ၃၀၀ | ၂၄၂ | ၅၈ | ၅၆ | ၂ | |
| ၄၄ | နောင်မိုကျေးရွာအုပ်စု | ၁ | ၁၃၀၀ | ၈၆၄ | ၄၃၆ | ၄၃၆ | | |
| ၄၅ | စင်းခန်းကျေးရွာအုပ်စု | ၃ | ၄၃၅၀ | ၂၉၅၉ | ၁၃၉၁ | ၁၃၉၃ | | ၂ |
| ၄၆ | လက်ပန်တန်းကျေးရွာအုပ်စု | ၁ | ၇၀၀ | ၅၅၇ | ၁၄၃ | ၁၄၃ | | |
| ၄၇ | ကောင်းတုံကျေးရွာအုပ်စု | ၁ | ၁၂၅၀ | ၁၀၉၁ | ၁၅၉ | ၁၆၅ | | ၆ |
| ၄၈ | စာဝတီးကျေးရွာအုပ်စု | ၁ | ၁၃၅၀ | ၁၁၁၁ | ၂၃၉ | ၂၃၉ | | |
| ၄၉ | ညောင်ပင်သာကျေးရွာအုပ်စု | ၁ | ၁၆၀၀ | ၁၁၄၂ | ၄၅၈ | ၄၆၂ | | ၄ |
| ၅၀ | ကုန်းမဟတ်ကျေးရွာအုပ်စု | ၁ | ၁၆၅၀ | ၁၂၆၈ | ၃၈၂ | ၃၇၈ | ၄ | |
| ၅၁ | ဟန်းတဲရပ်ကွက် | ၃ | ၅၉၀၀ | ၃၉၂၉ | ၁၉၇၁ | ၁၉၆၉ | ၄ | ၂ |
| ၅၂ | ကမ္ဘာ့နီကျေးရွာအုပ်စု | ၁ | ၁၂၀၀ | ၉၂၃ | ၂၇၇ | ၂၇၇ | | |
| ၅၃ | သိန်လင်ကျေးရွာအုပ်စု | ၁ | ၁၆၀၀ | ၁၂၉၃ | ၃၀၇ | ၃၁၁ | | ၄ |
| ၅၄ | မံရွတ်ကျေးရွာအုပ်စု | ၁ | ၉၅၀ | ၆၅၁ | ၂၉၉ | ၂၉၂ | ၇ | |
| ၅၅ | စီဟဲကျေးရွာအုပ်စု | ၁ | ၈၅၀ | ၆၆၅ | ၁၈၅ | ၁၈၅ | | |
| ၅၆ | မံဖာကျေးရွာအုပ်စု | ၁ | ၅၅၀ | ၄၅၆ | ၉၄ | ၉၆ | | ၂ |
| ၅၇ | ခိုကျင်ကျေးရွာအုပ်စု | ၁ | ၉၀၀ | ၆၇၅ | ၂၂၅ | ၂၂၅ | | |
| ၅၈ | မံခွန်ကျေးရွာအုပ်စု | ၁ | ၆၀၀ | ၄၇၈ | ၁၂၂ | ၁၂၂ | | |
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၆၉ | ၉၅၇၄၈ | ၇၀၀၆၈ | ၂၅၆၈၀ | ၂၅၆၁၁ | ၁၁၆ | ၄၇ |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၈၀၉၁ | ၁၁၆၅ | ၆၉၂၆ | ၆၉၂၆ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၆၉ | ၁၀၃၈၃၉ | ၇၁၂၃၃ | ၃၂၆၀၆ | ၃၂၅၃၇ | ၁၁၆ | ၄၇ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်



ဗန်းမော်မြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်း။



ရွှေကူမြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်း။

# အမေရိကန်ဦးဆောင်သည့် ထိပ်သီးအစည်းအဝေးပွဲတွင် ရာသီဥတုပြောင်းလဲမှုအတွက် ကမ္ဘာ့ခေါင်းဆောင်များ ဆွေးနွေး

**ဝါရှင်တန် ဧပြီ ၂၃**

ရာသီဥတုပြောင်းလဲမှုကို ကိုင်တွယ်ဖြေရှင်းရန်အတွက်ပြုလုပ်သည့် အွန်လိုင်းဆွေးနွေးပွဲကို အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က အိမ်ရှင်အဖြစ်ပြုလုပ်ခဲ့သည်။ အပြည်ပြည်ဆိုင်ရာမှ ပူးတွဲကြိုးပမ်းအားထုတ်ကြရန် ၎င်းကတောင်းဆိုခဲ့သည်။ ထို့ပြင် အမေရိကန်နိုင်ငံအတွက် ဓာတ်ငွေ့လျှော့ချမှုသတ်မှတ်ချက်အသစ်ကိုလည်း ကြေညာခဲ့သည်။

ယခုဆယ်စုနှစ်အကုန်ပိုင်းတွင် ဖန်လုံအိမ်ဓာတ်ငွေ့ထက်ဝက်လျှော့ချရေးအတွက် သတ်မှတ်ထားသည်ဟု သမ္မတဘိုင်ဒင်က ပြောကြားခဲ့သည်။ ၂၀၃၀ ပြည့်နှစ်အရောက်တွင် ဓာတ်ငွေ့ထုတ်လုပ်မှုကို ၅၀ ရာခိုင်နှုန်းမှ ၅၂ ရာခိုင်နှုန်းအထိ လျှော့ချသွားရန် ရည်ရွယ်ထားသည်ဟု အမေရိကန်အရာရှိများက ပြောသည်။ ယခင်က ၂၀၂၅ ခုနှစ် အရောက်တွင် ဓာတ်ငွေ့ထုတ်လုပ်မှုကို ၂၆ မှ ၂၈ ရာခိုင်နှုန်းအထိ လျှော့ချရန် သတ်မှတ်ခဲ့သည်။ ယခင် သတ်မှတ်ချက်နှင့် နှိုင်းယှဉ်လျှင် ယခုသတ်မှတ်ချက်မှာ လျှော့ချမှုပမာဏပိုတိုးလာခဲ့သည်။ နှစ်ရက်ကြာကျင်းပသည့်ပွဲတွင် နိုင်ငံနှင့် အဖွဲ့အစည်းပေါင်း ၄၀ မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ယခုအစည်းအဝေးသည် ရာသီဥတု ပြောင်းလဲမှုတွင် အမေရိကန်၏ ဦးဆောင်မှုကိုပြသရန် သမ္မတ ဂျိုးဘိုင်ဒင်အတွက် အခွင့်အရေးတစ်ရပ်ပင်ဖြစ်သည်။ သမ္မတဂျိုးဘိုင်ဒင်သည် ဇန်နဝါရီလအတွင်း အမေရိကန်သမ္မတအဖြစ် တာဝန်ထမ်းဆောင်ပြီး နာရီပိုင်းအတွင်းမှာပင် ၂၀၁၅ ပါရီ ရာသီဥတုပြောင်းလဲမှု သဘောတူညီမှုတွင် ပြန်လည်ပါဝင်ရန် လက်မှတ်ရေးထိုးခဲ့သည်။ ယခင် အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့်သည် လွန်ခဲ့သည့်နှစ်အတွင်း ပါရီသဘောတူညီမှုမှ နုတ်ထွက်ခဲ့သည်။

အင်န်အိတ်ချ်ကေ



ရာသီဥတုပြောင်းလဲမှုဆိုင်ရာအွန်လိုင်းအစည်းအဝေးပြုလုပ်နေစဉ်။

# အိုလံပစ်ပြိုင်ပွဲ မကျင်းပမီ သုံးလအလိုတွင် တိုကျိုမြို့၌ ကူးစက်မှုများပြားလာ

**တိုကျို ဧပြီ ၂၃**

တိုကျိုအစိုးရသည် ကိုဗစ် -၁၉ ကူးစက်မှုများ များပြားနေသည့်ကြားထဲမှ နွေရာသီအိုလံပစ်ပြိုင်ပွဲအတွက် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည်။ အိုလံပစ် အားကစားပြိုင်ပွဲ ကျင်းပရန် သုံးလသာ ကျန်ရှိတော့သည်။ တိုကျိုမြို့တွင် ဗီဇပြောင်းကိုဗစ် -၁၉ ကူးစက်မှုမှာ များပြားလျက်ရှိပြီး မြို့တော်တွင် တတိယအကြိမ်မြောက် အရေးအပေါ်အခြေအနေအဖြစ် ကြေညာရန် ဗဟိုအစိုးရက မျှော်မှန်းလျက်ရှိသည်။

တိုကျိုအစိုးရသည် အိုလံပစ်အားကစားပြိုင်ပွဲကို ပြည်သူများ စိတ်ပါဝင်စားစေရန် ကြိုးပမ်းလျက်ရှိသည်။ ဈေးဝယ်သူများသည့် လမ်းများတွင် အားကစားပြိုင်ပွဲနှင့်ပတ်သည့် ကြော်ငြာစာတမ်းများကို ချိတ်ဆွဲထားသည်။ တိုကျို အိုလံပစ်ပြိုင်ပွဲအတွက် လာဘ်ကောင်အရုပ်ကို တိုကျိုအစိုးရရုံး၌ ဧပြီ ၁၄ ရက် က ပြသထားခဲ့သည်။



သို့သော်လည်း အများပြည်သူများကို မလိုအပ်ဘဲ အပြင်ထွက်ခြင်းမှ ရှောင်ရှားရန် တိုက်တွန်းထားသည့်အတွက် အဆိုပါ ရုပ်တုကို အများပြည်သူများရှေ့တွင် ပြသထားခြင်းမျိုး မရှိပေ။ အိုလံပစ်မီးတိုင်ကို လက်ဆင့်ကမ်းသယ်ဆောင်ခြင်းကိုလည်း အိုဆာကာနှင့် မတ်ဆုရာမမြို့ရှိ လမ်းမများထက်တွင် ပြုလုပ်သွားမည်မဟုတ်ပေ။ ယင်းဒေသများတွင် ရောဂါကူးစက်မှုမှာ လျင်မြန်စွာ များပြားလာလျက်ရှိသည်။

ကူးစက်မှု အခြေအနေပို၍ဆိုးရွားလာလျှင် မည်သို့လုပ်ဆောင်ရမည်ကိုလည်း တိုကျို အာဏာပိုင်များက လေ့လာလျက်ရှိသည်။

အင်န်အိတ်ချ်ကေ

# အီရတ်နိုင်ငံ ဘဂ္ဂဒက်လေဆိပ်အနီးတွင် ဒုံးကျည်သုံးစင်းကျရောက်

**ဘဂ္ဂဒက် ဧပြီ ၂၃**

အီရတ်နိုင်ငံ ဘဂ္ဂဒက်အပြည်ပြည်ဆိုင်ရာလေဆိပ်အနီးသို့ ဒုံးကျည်သုံးစင်းကျရောက်ထိမှန်ခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူမရှိဟု အီရတ်တပ်ဖွဲ့က ဧပြီ ၂၂ ရက်တွင် ပြောကြားခဲ့သည်။ ညအချိန်တွင် ဒုံးကျည်ထိမှန်ခဲ့ခြင်းဖြစ်ပြီး လေဆိပ်အစွန်သို့ ထိမှန်ခဲ့ခြင်းဖြစ်သည်ဟု အီရတ်ပူးတွဲစစ်ဆင်ရေးကွပ်ကဲမှုရုံးမှ သတင်းထုတ်ပြန်ရေးအဖွဲ့က သတင်းထုတ်ပြန်ခဲ့သည်။

ဒုံးကျည်သုံးစင်းအနက် တစ်စင်းမှာ အဘူဂါရစ် အကျဉ်းထောင်အနီးကျရောက်ခဲ့ပြီး နောက်ထပ်တစ်စင်းမှာမူ အကြမ်းဖက်တန်ပြန်တုံ့ပြန်ရေး အကယ်ဒမီအနီးကွင်းပြင်တွင် ကျရောက်ခဲ့သည်ဟု သိရသည်။ ဒုံးကျည်ပစ်လွှတ်သော ကိရိယာကို အဆောက်အအုံပျက်တစ်ခု၏ အမိုးပေါ်တွင် အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များက တွေ့ရှိခဲ့သည်။

မပစ်ခတ်ရသေးသည့် နောက်ထပ် ဒုံးကျည်ငါးစင်းကိုလည်း တွေ့ရှိခဲ့သည်။ ယင်းတိုက်ခိုက်မှုမှာ မည်သည့်အုပ်စု၏ လက်ချက်ဖြစ်ကြောင်း မသိရသေးပေ။ သို့သော်လည်း အီရတ်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များ အခြေချနေထိုင်ရာ အခြေစိုက်စခန်းများနှင့် အမေရိကန်သံရုံးရှိရာ ဂရင်းဇုန်ကို ပစ်မှတ်ထားကာ မကြာခဏ တိုက်ခိုက်ခံရလေ့ရှိသည်။

ဆင်ဟွာ

# အစ္စရေးနှင့် ဘာရိန်းနိုင်ငံတို့တွင် ကာကွယ်ဆေးထိုးပြီးသူများ အပြန်အလှန်ခရီးသွားလာခွင့်အတွက် လက်မှတ်ရေးထိုး

**ဂျေရုဆလင် ဧပြီ ၂၃**

အစ္စရေးနှင့် ဘာရိန်းနိုင်ငံတို့သည် ကာကွယ်ဆေးထိုးပြီးသည့် နိုင်ငံသားများ အပြန်အလှန်ခရီးသွားလာခွင့်အတွက် ဧပြီ ၂၃ ရက်တွင် သဘောတူညီမှု ရရှိခဲ့သည်ဟု သိရသည်။ ယင်းသဘောတူညီမှုအောက်တွင် ခရီးသွားမည့်သူ၏ ကာကွယ်ဆေး ထိုးပြီးကြောင်း လက်မှတ်ကို နှစ်နိုင်ငံအပြန်အလှန် အသိအမှတ်ပြု သဘောတူသွားမည်ဖြစ်သည်။

အစ္စရေး နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ ကာကွယ်ဆေး ထိုးပြီးသွားသည့် ခရီးသွားများသည် အသွားအလာကန့်သတ်ခံရခြင်းမှ ခြွင်းချက်ရမည်ဖြစ်သည်။ ယခုသဘောတူညီမှုသည် ခရီးသွားလုပ်ငန်းကို မြှင့်တင်ပေးနိုင်မည်ဖြစ်ပြီး စီးပွားရေးနှင့် ကိုဗစ် -၁၉ တိုက်ဖျက်ရေးတွင်လည်း အကူအညီဖြစ်မည်ဟု အစ္စရေးနိုင်ငံခြားရေးဝန်ကြီး ဂါဘီအက်ရှ်ကီနာဇီက တွစ်တာပေါ်တွင် ရေးသားခဲ့သည်။



ဘာရိန်းအပြည်ပြည်ဆိုင်ရာလေဆိပ်ကိုတွေ့ရစဉ်။

အစ္စရေးနှင့် ဘာရိန်းနိုင်ငံတို့သည် ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအတွင်းက အမေရိကန်ကကြားဝင်စေ့စပ်ပေးခဲ့သည့် ပုံမှန်ဆက်ဆံရေး ပြန်လည်ထူထောင်မှု သဘောတူညီမှုတွင် လက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်။ ယင်းနောက်ပိုင်းတွင် ယခုကို ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပြီးသည့် နိုင်ငံသားများကို အပြန်အလှန် ခရီးသွားလာခွင့် ပေးလိုက်ခြင်းမှာ နှစ် နိုင်ငံဆက်ဆံရေးကို တိုးမြှင့်လိုက်ခြင်းပင် ဖြစ်သည်။

အစ္စရေးနိုင်ငံတွင် ပြည်သူထက်ဝက်ကျော်ကို ကိုဗစ် -၁၉ ကာကွယ်ဆေး ထိုးပေးပြီးဖြစ်ကာ လေကြောင်းခရီးစဉ်များ ပြန်လည်စတင်ရန်နှင့် ခရီးသွားလုပ်ငန်းကို ပြန်လည် ဖွင့်လှစ်ရန်အတွက်လည်း မျှော်လင့်လျက်ရှိသည်။

ဆင်ဟွာ

# ထိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ထပ်မံဖြစ်ပွားမှုကြောင့် အတည်ပြုလူနာပေါင်း ၅၀၀၀၀ ကျော်အထိ ရှိလာ

ဘန်ကောက် မေ ၂၃

**ထိုင်းနိုင်ငံတွင် မေ ၂၃ ရက်က ကိုဗစ်-၁၉ ထပ်မံ ကူးစက်ဖြစ်ပွားသူ ၂၀၇၀ စံချိန်တင် တိုးလာပြီးနောက် နိုင်ငံအတွင်း စုစုပေါင်း ကိုဗစ်-၁၉ အတည်ပြု လူနာပေါင်း ၅၀၀၀၀ ကျော် ရှိလာခဲ့ကြောင်း ကိုဗစ်-၁၉ အခြေအနေစီမံခန့်ခွဲရေးဌာန၏ ဖော်ပြချက်အရ သိရသည်။**

ထိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၅၀၁၈၃ ဦး ရှိလာပြီဖြစ်ကြောင်း ကိုဗစ်-၁၉ စီမံခန့်ခွဲရေးဌာန ပြောရေးဆိုခွင့်ရှိသူ တာဝီဆင်ဗီဆာနုယိုသင်က ပြောသည်။

ထပ်မံကူးစက်ဖြစ်ပွားသော ကိုဗစ်-၁၉ လူနာများအနက် ၂၀၆၂ ဦးမှာ ပြည်တွင်းကူးစက်လူနာများဖြစ်ကာ ၇၄၀ မှာ မကြာသေးမီက ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားရာ ဗဟိုချက်နေရာဖြစ်သော မြို့တော်ဘန်ကောက်မှ ဖြစ်သည်။ ရှစ်ဦးမှာ ပြည်ပကူးစက်လူနာများ ဖြစ်ကြောင်း တာဝီဆင်က ပြောကြားလိုက်သည်။

နောက်ထပ် လေးဦးသေဆုံးကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း နိုင်ငံအတွင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးလူနာ ၁၂၂ ဦး ရှိလာပြီဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ထပ်မံဖြစ်ပွားလာသော ကိုဗစ်လှိုင်းဂယက်ကြောင့် စီးပွားရေးဆောင်ရွက်မှုများတွင် ဆုံးရှုံးမှုများဖြစ်ပေါ်လာပြီး အလုပ်သမားလိုအပ်ချက်များလည်း လျော့နည်းလာသောကြောင့် တစ်လလျှင် ထိုင်းဘတ် ဘီလီယံ ၁၀၀ (အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၉ ဘီလီယံ) ဆုံးရှုံးလျက်ရှိကြောင်း ထိုင်းကုန်သွယ်ရေးတက္ကသိုလ် စီးပွားရေးနှင့် လုပ်ငန်းများကြိုတင်ခန့်မှန်းရေးဌာနမှ ညွှန်ကြားရေးမှူး သာနာဝက်ပေါ်ဝီချိုင်းက ပြောကြားလိုက်သည်။



ထိုင်းနိုင်ငံ ဘန်ကောက်တွင် ကိုဗစ်-၁၉ စစ်ဆေးရန် ကျန်းမာရေးဝန်ထမ်းတစ်ဦးက ကလေးငယ်တစ်ဦး၏ နှာခေါင်းတို့ဖတ်နမူနာ ရယူနေစဉ်။

ဆင်ဟွာ

# အာဖရိကတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ လေးသန်းကျော်ရောက်ရှိ

**အဒစ်အဘာဘာ မေ ၂၃**

အာဖရိကနိုင်ငံတွင် မေ ၂၃ ရက် မွန်းလွဲပိုင်း၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၄၄၇၆၁၂ ဦး တိုးလာကြောင်း အာဖရိက ရောဂါကာကွယ်ထိန်းချုပ်ရေးဌာန (အာဖရိက စီဒီစီ) က ပြောသည်။

အာဖရိကတိုက်အတွင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသည့်အရေအတွက်သည် ၁၁၉၁၇၄ ဦးရှိပြီး ကိုဗစ်-၁၉ ကပ်ရောဂါမှ ပြန်လည်ကောင်းမွန်လာပြီးနောက် ဆေးရုံမှဆင်းသွားသူ ၄၀၁၆၈၃၄ ဦး ရှိလာပြီဖြစ်သည်။

တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှား၊ အီသီယိုးပီးယားနှင့် အီဂျစ်နိုင်ငံများသည် အာဖရိကတိုက်အတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအများဆုံး နိုင်ငံများဖြစ်သည်။

တောင်အာဖရိကသည် ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၁၅၇၁၃၄၈ ဦးဖြင့် ကူးစက်မှုအများဆုံး နိုင်ငံဖြစ်ပြီး မော်ရိုကိုသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၅၁၀၀၀၀ ဖြင့် ဒုတိယကူးစက်မှုအမြင့်ဆုံးဖြစ်ကာ တတိယအများဆုံး ကိုဗစ်-၁၉ ကူးစက်မှုဖြစ်ပွားနေသည့်နိုင်ငံမှာ တူနီးရှား ဖြစ်သည်။

ဆင်ဟွာ

# ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု လျှော့ချရန် ကမ္ဘောဒီးယား မြို့တစ်မြို့ကို သီတင်းပတ်နှစ်ပတ်ကြာ နေအိမ်ကန့်သတ်မှုချမှတ်

**ဖနောင်ပင် မေ ၂၃**

ပြည်တွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို လျှော့ချရန် ကမ္ဘောဒီးယားနိုင်ငံ ကမ်းရိုးတန်းမြို့တစ်မြို့ဖြစ်သည့် သီဟာနုတွင် သီတင်းပတ်နှစ်ပတ်ကြာနေအိမ်တွင်းနေထိုင်ရန် ကန့်သတ်မှုချမှတ်ခဲ့သည်။

အရှေ့တောင်အာရှ နိုင်ငံတစ်နိုင်ငံဖြစ်သော ကမ္ဘောဒီးယားနိုင်ငံတွင် မေ ၂၃ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၆၅၅ ဦးရှိပြီး ၎င်းအနက် ၁၁၃ ဦးမှာ ပရီသီဟာနု ပြည်နယ်မှဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။ ကမ္ဘောဒီးယားနိုင်ငံတွင် ယခုအချိန်အထိ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၈၈၄၈ ဦးရှိပြီး သေဆုံးသူ ၆၁ ဦး ရှိကြောင်း သိရသည်။

ပရီသီဟာနုပြည်နယ်သည် မြို့တော် ဖနောင်ပင်အနောက်တောင်ဘက် ကီလိုမီတာ ၂၃၀ အကွာတွင် တည်ရှိသည်။

မေ ၆ ရက်အထိ ကြာမည့် နေအိမ်ကန့်သတ်နေထိုင်မှုကာလအတွင်း ဒေသခံများအားလုံးကို ကျန်းမာရေးကိစ္စနှင့် အရေးကြီးကိစ္စရပ်များမှလွဲ၍ နေအိမ်ပြင်ပထွက်ခြင်းကို တားမြစ်ထားကြောင်း ပရီသီဟာနု အုပ်ချုပ်ရေးမှူးက ပြောသည်။




ကမ္ဘောဒီးယားနိုင်ငံ ပရီသီဟာနုပြည်နယ်ရှိ သီဟာနုမြို့မြင်ကွင်းတစ်နေရာကို တွေ့ရစဉ်။

ဆင်ဟွာ

# ဂျပန်ဝန်ကြီးချုပ် တတိယအကြိမ် နိုင်ငံတော်အရေးပေါ်အခြေအနေကြေညာ

**တိုကျို မေ ၂၃**

ဂျပန်ဝန်ကြီးချုပ်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို တားဆီးရန် တတိယအကြိမ်မြောက် နိုင်ငံတော်အရေးပေါ်အခြေအနေ ကြေညာခဲ့သည်။ အဆိုပါ နိုင်ငံတော်အရေးတော်အခြေအနေသည် တိုကျိုနှင့် ဂျပန်နိုင်ငံ အနောက်ပိုင်းခရိုင်သုံးခုတို့တွင် မေ ၂၅ ရက်မှစပြီး စတင်အာဏာသက်ရောက်မည် ဖြစ်သည်။

လတ်တလော ဂျပန်နိုင်ငံ၏မြို့ကြီးများတွင် ကိုဗစ်-၁၉ ကူးစက်မှုများလာခြင်းက နိုင်ငံတစ်ခုလုံးအပေါ်သို့ ကူးစက်လာနိုင်သည့်အတွက် စိုးရိမ်ပူပန်မိကြောင်း ဂျပန်ဝန်ကြီးချုပ် ဆူဂါ ယိုရှိဟိဒဲက ပြောကြားလိုက်သည်။

အဆိုပါအခြေအနေများကြောင့် မိမိအနေဖြင့် နိုင်ငံတော်အရေးပေါ်အခြေအနေ ကြေညာရန် ဆုံးဖြတ်ခဲ့သည်။ မိမိတို့အနေဖြင့် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်သွားရန် လိုအပ်သည်။

အဆိုပါကြေညာချက်သည် တိုကျို၊ အိုဆာကာ၊ ယိုဂိုနှင့် ကျိုတို ခရိုင်များတွင် မေလ ၁၁ ရက်အထိ သက်ရောက်သွားမည်ဖြစ်သည်။

အင်န်အိတ်ချ်ကေ

# ကိုဗစ်-၁၉ ကပ်ရောဂါ တိုက်ဖျက်ရာတွင် စုပေါင်းစွမ်းအားဖြင့်လုပ်ဆောင်ကြရန် အိန္ဒိယဝန်ကြီးချုပ် တိုက်တွန်း

**နယူးဒေလီ မေ ၂၃**

အိန္ဒိယဝန်ကြီးချုပ် နာရိန်ဒရာမိုဒီသည် ပြည်နယ်ဝန်ကြီးချုပ် ၁၀ ဦးနှင့်အတူ မေ ၂၃ ရက်က ကိုဗစ်-၁၉ အဆင့်မြင့်အစည်းအဝေးတစ်ခုကို ဥက္ကဋ္ဌအဖြစ်တာဝန်ယူကျင်းပခဲ့ရာ အဆိုပါအစည်းအဝေးတွင် သက်ဆိုင်ရာ ပုဂ္ဂိုလ်များက ကိုဗစ်-၁၉ ကူးစက်မှုများလာခြင်းကို တင်ပြခဲ့ကြောင်း သိရသည်။

မိုဒီက ကိုဗစ်-၁၉ ကို တိုက်ဖျက်ရာတွင် ပြည်နယ်အားလုံးကို ထောက်ပံ့မှုအပြည့်အဝပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါပြည်နယ် ၁၀ ခုသည် နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအရေအတွက်၏ ၇၅ ရာခိုင်နှုန်းနီးပါးရှိကြောင်း သိရသည်။

ဝန်ကြီးချုပ် မိုဒီက ကိုဗစ်-၁၉ ကပ်ရောဂါကို တိုက်ဖျက်ရာတွင် စုပေါင်းစွမ်းအားဖြင့် လုပ်ဆောင်ကြရန်လိုကြောင်း၊ အောက်ဆီဂျင်ပြတ်လပ်မှုများနှင့်ပတ်သက်ပြီး မိုဒီက ပြည်နယ်များတွင် အောက်ဆီဂျင် တိုးမြှင့်ထောက်ပံ့နိုင်ရေး အဆက်မပြတ် လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း၊ ဆေးနှင့်အောက်ဆီဂျင် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရာတွင် တစ်ဦးနှင့်တစ်ဦး ညှိနှိုင်းဆောင်ရွက်အလုပ်လုပ်ကြရန် ဆေးနှင့်အောက်ဆီဂျင်များကို လက်ဝါးကြီးအုပ်ပြီး မှောင်ခိုဈေးကွက် ဖြစ်ပေါ်လာခြင်းကိုလည်း စစ်ဆေးသွားရမည်ဖြစ်ကြောင်း တိုက်တွန်းထားသည်။

ထိုထိုသောအခြေအနေများတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခြင်းကိုလည်း အရှိန်မလျှော့သင့်ကြောင်း မိုဒီက ထပ်မံသတိပေးထားသည်။ အိန္ဒိယနိုင်ငံသည် ကိုဗစ်-၁၉ ကူးစက်မှုတိုးလာခြင်းနှင့်ကြုံတွေ့နေရသည်။ မေ ၂၃ ရက်သည် နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုနှင့် သေဆုံးမှုတွင် အမြင့်ဆုံးဖြစ်ပြီး ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၃၃၂၇၃၀ နှင့် သေဆုံးသူ ၂၂၆၃ ဦးရှိသည်။

ဆင်ဟွာ



အိန္ဒိယဝန်ကြီးချုပ် နာရိန်ဒရာမိုဒီနှင့် ပြည်နယ်ဝန်ကြီးချုပ်များ ဗီဒီယိုကွန်ဖရင့်ဖြင့် အစည်းအဝေး ကျင်းပနေစဉ်။

# ကိုဗစ်-၁၉ ကူးစက်မှုစံချိန်သစ်တင်လိုက်ပြီး အောက်ဆီဂျင်ပြတ်လပ်မှုတွေဖြစ်ပေါ်နေတဲ့ အိန္ဒိယ

## ထွန်းကျော်

အိန္ဒိယနိုင်ငံရဲ့ အကြင်နာမဲ့တဲ့ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုဟာ ဧပြီ ၂၁ ရက်က လူ ၂၀၀၀ ကျော်သေဆုံးမှုနဲ့ စံချိန်တင်လိုက်သလို နယူးဒေလီမှာရှိတဲ့ ဆေးရုံတွေမှာလည်း အန္တရာယ်ဖြစ်စေနိုင်လောက်တဲ့ အောက်ဆီဂျင်ပြတ်လပ်မှုတွေ ဖြစ်ပွားခဲ့ပါတယ်။



**ကိုဗစ်-၁၉ ဒုတိယလှိုင်းကို ခါးစည်းခံ**

ဒီအခြေအနေတွေက ကျန်းမာရေးအာဏာပိုင်တွေအပေါ် ဝန်ပိမှုတွေဖြစ်စေပြီး အောက်ဆီဂျင်ပြတ်တောက်မှုတွေကြောင့် ကိုဗစ်-၁၉ လူနာ ၂၂ ဦးသေဆုံးခဲ့ပါတယ်။

အိန္ဒိယနိုင်ငံဟာ ကိုဗစ်-၁၉ ဒုတိယလှိုင်းကို ခါးစည်းခံစားနေချိန်မှာ အစိုးရရဲ့ စည်းမျဉ်းစည်းကမ်းလျော့ရဲရဲနိုင်မှုအပေါ် ပြစ်တင်မှုတွေလည်းရှိနေပါတယ်။ ထို့အတူ ယခင်ကိုဗစ်-၁၉ ဗိုင်းရပ်စ်ထက် ကူးစက်ဖြစ်ပွားမှု နှစ်ဆကျော်မြန်ဆန်တဲ့ အသွင်ပြောင်း ကိုဗစ်-၁၉ ဗိုင်းရပ်စ်သစ်ကလည်း ဧပြီလတစ်လတည်းမှာပင် လူပေါင်း ၃ ဒသမ ၅ သန်းနီးပါးကို ကူးစက်ဖြစ်ပွားစေခဲ့ပါတယ်။

**စံချိန်တင်ကူးစက်မှုဖြစ်ပွား**

ကျန်းမာရေးဝန်ကြီးဌာနရဲ့ ဧပြီ ၂၁ ရက်က ထုတ်ပြန်လိုက်တဲ့ စာရင်းဇယားတွေအရ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကြောင့်ထပ်မံသေဆုံးသူ ၂၀၂၃ ဦးရှိပါတယ်။ ဒါ့အပြင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူပေါင်းလည်း ၂၉၅၀၀၀ ရှိခဲ့ပါတယ်။ ဧပြီ ၂၂ ရက်ရောက်တော့ အိန္ဒိယနိုင်ငံရဲ့ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၃၁၀၀၀၀ ဦးကျော်ရှိလာခဲ့ပါတယ်။

အတိအကျပြောရမယ်ဆိုရင် အိန္ဒိယနိုင်ငံရဲ့ တစ်နေ့တာ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၃၁၄၈၃၅ ဦး စံချိန်တင်ဖြစ်ပွားခဲ့ရာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၁၅၉၃၀၉၆၅ ဦးရှိလာခဲ့ပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနရဲ့ သတင်းထုတ်ပြန်ဖော်ပြချက်အရ ဧပြီ ၂၂ ရက်က ကိုဗစ်-၁၉ ကြောင့် ၂၁၀၄ ဦးသေဆုံးခဲ့မှုနဲ့အတူ ကိုဗစ်-၁၉ကြောင့်သေဆုံးသူပေါင်းဟာ ၁၈၄၆၅၇ ဦးအထိရောက်ရှိလာခဲ့ပါတယ်။

ကိုဗစ်-၁၉ ကူးစက်မှုစာရင်းဟာ နေ့စဉ်တိုးနေတဲ့အတွက် ဗဟိုအစိုးရက ယခုလိုဆိုးရွားပြင်းထန်လာသည့် အခြေအနေကို ထိန်းသိမ်းဖို့ ပြီးပြည့်စုံတဲ့ ကန့်သတ်ပိတ်ဆို့မှုတွေကို ချမှတ်သွားမှာဖြစ်ပါတယ်။

**အကြီးအကျယ်ရင်ဆိုင်တိုက်ခိုက်ရတော့မယ်**

ဧပြီ ၂၀ ရက်က နိုင်ငံကိုပြောတဲ့မိန့်ခွန်းမှာ အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီက လူပေါင်း ၁ ဒသမ ၃ ဘီလီယံရှိတဲ့ နိုင်ငံကြီးအနေနဲ့ နောက်ထပ်တစ်ဖန် ကိုဗစ်-၁၉ ကပ်ရောဂါကို အကြီးအကျယ်ရင်ဆိုင်တိုက်ခိုက်ရတော့မယ်လို့ ပြောကြားခဲ့ပါတယ်။

ဒီဆိုးရွားလှတဲ့ ကိုဗစ်-၁၉ အခြေအနေတွေကို အရင်ကထိန်းသိမ်းခဲ့သော်လည်း အခု ကိုဗစ်-၁၉ ဒုတိယလှိုင်းကတော့ မုန်တိုင်းတစ်ခုလို ရောက်ရှိလာခဲ့ပါပြီလို့ မိုဒီကပြောပါတယ်။

အိန္ဒိယနိုင်ငံဟာ မြို့နေထူထပ်ပြီး ကျန်းမာရေးစနစ် အားနည်းတာအသာထား။ ဒီကပ်ရောဂါဆိုးကြီးကို ကျော်လွှားနိုင်ဖို့ မျှော်လင့်ချက်ကတော့ ရှိနေပါတယ်။ ကမ္ဘာတစ်ဝန်းလူပေါင်း သုံးသန်းကျော်သေဆုံးခဲ့တဲ့ ဒီဗိုင်းရပ်စ်ကို အိန္ဒိယနိုင်ငံဟာ အကောင်းဆုံးကိုင်တွယ်နိုင်ဖို့ ကြိုးစားနေပါတယ်။

**အကြောင်းတရားတွေဖြစ်နိုင်**

မကြာသေးမီ သီတင်းပတ်တွေက လူစုလူဝေးတွေပြုလုပ်ခဲ့ကြတာ၊ ဘာသာရေးပွဲတော်တွေမှာ သန်းနဲ့ချီ လူထုစုဝေးခဲ့ကြတာ၊ နိုင်ငံရေးစည်းရုံးလှုံ့ဆော်မှုတွေလုပ်တာ၊ ထိမ်းမြားမင်္ဂလာပြုတာတွေ၊ အင်္ဂလန်နဲ့ ခရစ်ကက်ပြိုင်ပွဲတွေကျင်းပတာတွေဟာ ကိုဗစ်-၁၉ ကို ကူးစက်ပျံ့နှံ့စေတဲ့ အကြောင်းတရားတွေဖြစ်နိုင်ပါတယ်။

အဓိက ကိုဗစ်-၁၉ ကာကွယ်ဆေးထုတ်လုပ်မှုတွေ နှေးကွေးတာ၊ သို့မဟုတ် တချို့စက်ရုံတွေမှာ ရပ်ဆိုင်းသွားတာ၊ အောက်ဆီဂျင်ထုတ်လုပ်တဲ့ စက်ရုံတွေ ဖိတ်ခေါ်ဖို့ နှောင့်နှေးနေတာတွေရှိတယ်လို့ မီဒီယာတွေမှာ ဖော်ပြထားပါတယ်။

**ဖိအားတွေဖြစ်လာစေ**

ကိုဗစ်-၁၉ နဲ့ ပတ်သက်ပြီး အစိုးရိမ်ကြီးသူတွေ၊ စိတ်ဂယောက်ဂယက်ဖြစ်သူတွေကို ကာကွယ်ဆေးတွေကို မှောင်ခိုဈေးကွက်မှာ မတန်တဆဈေးတွေနဲ့ ပေးဝယ်ဖို့ထိတောင် ဖိအားတွေဖြစ်လာစေပါတယ်။

“အိန္ဒိယနိုင်ငံမှာ ယခုအချိန်အထိ သန်းပေါင်း ၁၃၀ ကျော် ကာကွယ်ဆေး ထိုးပေးနိုင်ခဲ့ပြီးတော့ မေ ၁ ရက်မှစကာ အရွယ်ရောက်ပြီးသူအားလုံး ကာကွယ်ဆေး ထိုးပေးနိုင်တော့မှာဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံမှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ပေါင်းကတော့ ၁၅ ဒသမ ၆ သန်းကျော်ရောက်ရှိလာပါပြီ။ သေဆုံးသူပေါင်းကလည်း နှစ်သိန်း နီးပါးရောက်လာ”

ကိုယ့်ကိုယ်ကိုယ် ကြောက်ရွံ့တာထက် မိဘတွေနဲ့ ဆွေမျိုးတွေအတွက် ပိုပြီးကြောက်ရွံ့တယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့တွေဟာ ထပ်ပြီး ငယ်လာကြမှာမဟုတ်တော့သလို ဆေးရုံတက်ရာမှာလည်း အခက်အခဲတွေရှိလာနိုင်တာကြောင့်ဖြစ်တယ်လို့ ဒေလီဒေသခံ တစ်ဦးက ပြောကြားလိုက်ပါတယ်။

**အောက်ဆီဂျင်ပြတ်လပ်မှုတွေဖြစ်ခဲ့**

မြို့တော်မှာရှိတဲ့ တချို့ဆေးရုံတွေဟာ အောက်ဆီဂျင်မရှိဘဲ နာရီအနည်းငယ်ကြာတဲ့အထိ ဖြစ်ခဲ့ရတယ်လို့ ဒေလီဝန်ကြီးချုပ် အာဗင်က လွန်ခဲ့တဲ့အင်္ဂါနေ့က ပြောခဲ့ပါတယ်။

အောက်ဆီဂျင်အိုးတွေဟာ လွန်ခဲ့တဲ့ အင်္ဂါနေ့က ဆေးရုံအတော်များများကို အချိန်မီရောက်ရှိခဲ့သော်လည်း ထောက်ပံ့မှုမှာတော့ ကျပ်တည်းမှုတွေရှိနေပါတယ်။ ပေးပို့မှုအပိုင်းမှာလည်း အိမ်နီးချင်း ဟာယာနာပြည်နယ်က ထိန်းချုပ်ထားတဲ့အတွက် အဆင်မပြေမှုတွေ ရှိပါတယ်။

အိန္ဒိယနိုင်ငံအနောက်ပိုင်း မဟာရက်ရှ်ထရာနဲ့ မွမ်ဘိုင်းမှာတော့ အဲဒီလိုမျိုး အောက်ဆီဂျင်ဘူးပြတ်လပ်မှုတွေနဲ့ ကြုံတွေ့ခဲ့ရတယ်လို့ သတင်းမီဒီယာတွေမှာ ဖော်ပြထားပါတယ်။

အောက်ဆီဂျင်မရှိတော့ရင် ပုံမှန်အားဖြင့် တချို့လူနာတွေကို တခြားဆေးရုံသို့ ရွှေ့ပေးရတာတွေရှိတယ်လို့ ဆရာဝန်တစ်ယောက်က ပြောကြားခဲ့တာကို အင်န်ဒီတီဗွီမှာဖော်ပြထားပါတယ်။

လူနာအများစုကိုတော့ ပြန်လွှတ်လိုက်ရတယ်။ ဘာဖြစ်လို့လဲဆိုရင် လူနာတွေကို ကုဖို့ရာ အောက်ဆီဂျင်အလုံအလောက်လည်း မရှိသလို ရမ်ဒက်ဆီဗာဆေးလည်း အလုံအလောက်မရှိတာကြောင့်ဖြစ်တယ်လို့ ဘင်္ဂလားမြို့ဆေးဘက်ဆိုင်ရာကောလိပ်ရဲ့ တွဲဖက်ဌာနမှူး ဟာရက်စ်ကပြောပါတယ်။

**ကန့်သတ်ပိတ်ဆို့မှုတွေပြုလုပ်**

အိန္ဒိယနိုင်ငံတစ်ဝန်းမှာ ကန့်သတ်ပိတ်ဆို့မှုတွေပြုလုပ်ခဲ့ပါတယ်။ ဒေလီမှာဆိုရင် တစ်ပတ်ကြာကန့်သတ်ပိတ်ဆို့မှုကို ပြဋ္ဌာန်းခဲ့ပါတယ်။ ထို့အတူ မဟာရက်ရှ်ထရာမှာ မလိုအပ်တဲ့ဆိုင်တွေကို ပိတ်ထားခိုင်းတာ ဥတ္တရာပရာဒေ့ရှ်မှာ အားလပ်ရက်ကန့်သတ်ပိတ်ဆို့တာတွေ လုပ်ခိုင်းတာတွေကို ပြုလုပ်ခဲ့ကြပါတယ်။

ဒေလီရဲ့ ပိတ်ဆို့မှုကြောင့် ရွှေ့ပြောင်းလုပ်သားထောင်ပေါင်းများစွာ နေရပ်ပြန်သွားကြပါတယ်။ လွန်ခဲ့တဲ့တစ်နှစ်က နိုင်ငံလုံးဆိုင်ရာ ကန့်သတ်ပိတ်ဆို့မှုကြောင့် စီးပွားရေးမှာ အထိနာပြီး အကျပ်အတည်းတွေ ပေါ်ပေါက်ခဲ့သလို လူ့ဒုက္ခတွေကိုလည်း ခံစားခဲ့ရပါတယ်။

**ခရီးသွားလာခြင်းမပြုဖို့ အကြံပြုထား**

အခုဆိုရင် အိန္ဒိယနိုင်ငံကို ခရီးသွားလာခြင်းမပြုဖို့ အမေရိကန်ပြည်ထောင်စုက အကြံပြုထားပါတယ်။ ထို့အတူ ဗြိတိန်နိုင်ငံကတော့ အိန္ဒိယနိုင်ငံကို အနီရောင်စာရင်းထဲထည့်ထားပါတယ်။ ဟောင်ကောင်နဲ့ နယူးဇီလန်ကလည်း လေကြောင်းလိုင်းတွေကို တားမြစ်ထားပါတယ်။

အိန္ဒိယနိုင်ငံမှာ ယခုအချိန်အထိ သန်းပေါင်း ၁၃၀ ကျော်ကာကွယ်ဆေးထိုးပေးနိုင်ခဲ့ပြီးတော့ မေ ၁ ရက်မှစကာ အရွယ်ရောက်ပြီးသူအားလုံး ကာကွယ်ဆေးထိုးပေးနိုင်တော့မှာဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံမှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်းကတော့ ၁၅ ဒသမ ၆ သန်းကျော်ရောက်ရှိလာပါပြီ။ သေဆုံးသူပေါင်းကလည်း နှစ်သိန်းနီးပါးရောက်လာပါပြီ။ ။

**ကိုးကား - အေအက်ဖ်ပီ**

## COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ စီမံခန့်ခွဲမှုဆပ်ကော်မတီ၏ အသိပေးကြေညာချက်

မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်)တွင် ဖွင့်လှစ်ထားရှိသော COVID-19 ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) မြန်မာကျပ်ငွေစာရင်း OA 013733 သို့ မေ ၂၀ ရက်မှ ၂၃ ရက်အထိ ပြည်တွင်း / ပြည်ပ အလှူရှင်များမှ ထည့်ဝင်လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် ၁၃၀ ဒသမ ၃၀၀ သန်း ဖြစ်သည်။ မေ ၂၃ ရက်အထိ ရန်ပုံငွေစာရင်း၏ အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ OA-013733 စာရင်း

| | ငွေကျပ် |
|---|---|
| ၂၀-၄-၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၃၀,၆၅၃,၉၅၀,၁၁၅.၃၉ |
| (+) ၂၀-၄-၂၀၂၁ မှ ၂၃-၄-၂၀၂၁ ရက်နေ့ထိ ရရှိငွေ | ၁၃၀,၃၀၀,၀၀၀.၀၀ |
| ၂၃-၄-၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၃၀,၇၈၄,၂၅၀,၁၁၅.၃၉ |

COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ EDC 600012 စာရင်း

| | အမေရိကန်ဒေါ်လာ |
|---|---|
| ၂၀-၄-၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၁၇၈,၁၄၀,၁၄၉.၅၃ |
| (+)၂၀-၄-၂၀၂၁ မှ ၂၃-၄-၂၀၂၁ ရက်နေ့ထိ ရရှိငွေ | - |
| ၂၃-၄-၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၁၇၈,၁၄၀,၁၄၉.၅၃ |

COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ(COVID-19 Vaccination Fund) OA 013733 သို့ အများပြည်သူများမှလှူဒါန်းငွေစာရင်း

(၂၀-၄-၂၀၂၁ ရက်နေ့မှ ၂၃-၄-၂၀၂၁ ရက်နေ့ထိ)

| စဉ် | လှူဒါန်းငွေပေးသွင်းသူအမည် | ကျပ် |
|---|---|---|
| | ၂၁-၄-၂၀၂၁ | ၃၀၀,၀၀၀ |
| ၁ | ဦးကျော်ရွှေ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀၀,၀၀၀ |
| | | |
| | ၂၂-၄-၂၀၂၁ | ၁၃၀,၀၀၀,၀၀၀ |
| ၁ | Zeya & Associates Families (ရန်ကုန်မြို့) | ၁၃၀,၀၀၀,၀၀၀ |
| | | |
| | (၂၀-၄-၂၀၂၁ ရက်နေ့မှ ၂၃-၄-၂၀၂၁ ရက်နေ့ထိ) စုစုပေါင်း | ၁၃၀,၃၀၀,၀၀၀ |

မှတ်ချက်။ (က) အလှူရှင်များက ပေးပို့ထားသည့် အချက်အလက်များနှင့် ဘဏ်သို့ထည့်သွင်းထားသည့် အချက်အလက်များအရ နေရပ်လိပ်စာဖော်ပြထားခြင်းဖြစ်ပါသည်။

(ခ) မြန်မာ့စီးပွားရေးဘဏ်ရှိ မြန်မာကျပ်ငွေစာရင်းနှင့် နိုင်ငံခြားငွေစာရင်းများသို့ ဝင်ရောက်ပြီးသည့် လှူဒါန်းငွေများ ဖြစ်ပါသည်။

COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ

### ၂၃-၄ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၂၆၇၁၀၂၅ | ၂၅၂၃၆၇၃၀ | ၅၈၄၂၅၃ |
| ၂။ | အိန္ဒိယ | ၁၆၃၇၈၅၇၁ | ၁၃၆၉၂၁၈၂ | ၁၈၇၃၉၀ |
| ၃။ | ဘရာဇီး | ၁၄၁၇၂၁၃၉ | ၁၂၆၇၃၇၈၅ | ၃၈၃၇၅၇ |
| ၄။ | ပြင်သစ် | ၅၄၀၈၆၀၆ | ၄၂၄၂၈၉၃ | ၁၀၂၁၆၄ |
| ၅။ | ရုရှား | ၄၇၄၄၉၆၁ | ၄၃၇၁၂၁၄ | ၁၀၇၅၀၁ |
| ၆။ | တူရကီ | ၄၅၀၁၃၈၂ | ၃၉၀၉၉၃၅ | ၃၇၃၂၉ |
| ၇။ | ဗြိတိန် | ၄၃၉၈၄၃၁ | ၄၁၇၁၇၉၈ | ၁၂၇၃၄၅ |
| ၈။ | အီတလီ | ၃၉၂၀၉၄၅ | ၃၃၃၀၃၉၂ | ၁၁၈၃၅၇ |
| ၉။ | စပိန် | ၃၄၅၆၈၈၆ | ၃၁၅၆၉၅၅ | ၇၇၄၉၆ |
| ၁၀။ | ဂျာမနီ | ၃၂၃၈၀၅၄ | ၂၈၆၅၀၀၀ | ၈၁၆၉၃ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၃ - ၄ - ၂၀၂၁

| နိုင်ငံ | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၆၃၂၂၄၈ | ၁၄၈၇၃၆၉ | ၄၄၃၄၆ |
| ဖိလစ်ပိုင် | ၉၇၉၇၄၀ | ၈၆၀၄၁၂ | ၁၆၅၂၉ |
| မလေးရှား | ၃၈၇၅၃၅ | ၃၆၃၆၀၈ | ၁၄၁၅ |
| မြန်မာ | ၁၄၂၇၀၄ | ၁၃၁၉၂၅ | ၃၂၀၆ |
| စင်ကာပူ | ၆၀၉၄၃ | ၆၀၆၀၃ | ၃၀ |
| ထိုင်း | ၅၀၁၈၃ | ၃၀၁၈၉ | ၁၂၁ |
| ကမ္ဘောဒီးယား | ၈၈၄၈ | ၃၁၄၈ | ၆၁ |
| ဗီယက်နမ် | ၂၈၃၀ | ၂၄၉၀ | ၃၅ |
| ဘရူနိုင်း | ၂၂၃ | ၂၁၀ | ၃ |
| လာအို | ၉၄ | ၄၉ | ၀ |

## ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက သွားရောက်၍ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မေ ၂၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံ၊ညောင်ရမ်းတိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းမြို့နယ် ပင်းတလဲတိုက်နယ်ဆေးရုံ၊သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ မတ္တရာပြည်သူ့ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဥ့်ကိုင်ပြည်သူဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ်ဆေးရုံ၊ မြစ်သားမြို့နယ် ပြည်သူ့ဆေးရုံ၊ ကူမဲတိုက်နယ်ဆေးရုံ၊ တောင်သာမြို့နယ် ဝဲလောင်တိုက်နယ်ဆေးရုံ၊ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ပြည်သူ့ဆေးရုံ၊ ရွှေကျင်မြို့နယ် ဒုံဇရစ်ကျေးရွာ တိုက်နယ်ဆေးရုံနှင့် လက်ပံတန်းမြို့နယ် ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက အကူအညီတောင်းခံမှုကြောင့် တပ်မတော်မှ ဆေးကုသရေးအဖွဲ့များအား စေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန်လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ထို့သို့ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ် အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများအား ဆေးကုသပေးထားမှု အခြေအနေများ၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင် ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

### တိမ်အသင့်အတင့် ဖြစ်ထွန်း

**နေပြည်တော် မေ ၂၃**

ဘင်္ဂလား ပင်လယ်အော် အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# ရုရှားနိုင်ငံနာမည်ကြီးသတင်းဌာနတစ်ခုဖြစ်သော RIA News သတင်းဌာနပိုင် အင်တာနက်စာမျက်နှာတွင် "မြန်မာဟာ ဒုတိယဆီးရီးယား လုံးဝဖြစ်လာမှာ မဟုတ်ဘူး - ဗိုလ်ချုပ်ဇော်မင်းထွန်း"

## ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားသော အင်တာဗျူး အမေးအဖြေဆောင်းပါး





❖ **မြန်မာ့တပ်မတော်နေ့ဖြစ်တဲ့ မတ်လ ၂၇ ရက်နေ့မှာ ပြည်သူ့တော်လှန်ရေးနေ့လို့ ခေါင်းစဉ်တပ်ပြီး ပြည်လုံးကျွတ်ဆူပူအုံကြွမှုတွေလုပ်ဖို့ စီစဉ်လာခဲ့ကြ၊ လမ်းပေါ်မှာ တာဝန်ထမ်းဆောင်နေတဲ့ ရဲတပ်ဖွဲ့ဝင်တွေကိုသာမက ရဲစခန်းများ၊ အစိုးရအုပ်ချုပ်ရေး အဆောက်အဦများနဲ့ အများပြည်သူနေအိမ်များကိုပါ ပစ်မှတ်ထားတိုက်ခိုက်လာကြ၊ ဧပြီလဆန်းမှစတင်ပြီး ၎င်းတို့ဟာ ဖောက်ခွဲရေးပစ္စည်းများ၊ လက်လုပ်ဗုံး၊ လက်လုပ်မိုင်းများ၊ လက်ပစ်ဗုံးများဖြင့် အစိုးရအဆောက်အဦများ၊ စာသင်ကျောင်းများ၊ သယ်ယူပို့ဆောင်ရေးယာဉ်များ၊ စက်ရုံအလုပ်ရုံများ၊ ၎င်းတို့နှင့် နိုင်ငံရေးအမြင်ချင်းမတူညီသော သာမန်ပြည်သူများကို ပစ်ခတ်ဖောက်ခွဲ အကြမ်းဖက်လုပ်ငန်းတွေကို စတင်ဆောင်ရွက်လာခဲ့ကြ၊ ဒီအဖျက်အမှောင့်လုပ်ငန်းတွေကို မိမိတို့ဘက်က တရားဥပဒေအတိုင်းပဲ တုံ့ပြန်ခဲ့။**

ဖေဖော်ဝါရီလဆန်းပိုင်းတွင် မြန်မာ့တပ်မတော်သည် အရပ်ဘက်အစိုးရကို အစားထိုးကာ နိုင်ငံတော်အာဏာကို လွှဲပြောင်းရယူကာ ယခင်အစိုးရခေါင်းဆောင်များကို ဖမ်းဆီးထိန်းသိမ်းခဲ့ပါသည်။ ထိုအချိန်မှစတင်ကာ ဆန္ဒပြမှုများ နိုင်ငံအနှံ့ဖြစ်ပွားလာခဲ့ပြီး အသက်သေကျေ ဆုံးရှုံးမှုများလည်း ဖြစ်ပေါ်လာခဲ့ပါသည်။ လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းပြန်ကြားရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက RIA News သတင်းဌာနနှင့် ပြုလုပ်ခဲ့သော အင်တာဗျူးတွင် မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေအပေါ် တပ်မတော်၏အမြင်၊ အင်အားသုံးဖြိုခွင်းမှုတွေ လုပ်ဆောင်ရသည့်အကြောင်းရင်း၊ နာမည်ကြီးနိုင်ငံရေးသမား နိုဘယ်ဆုရ ဒေါ်အောင်ဆန်းစုကြည်ကို လက်ရှိနေအိမ်အကျယ်ချုပ်ဖြင့်ထားရှိမှု အခြေအနေ၊ ၎င်းအပေါ် သံသယရှိနေသည့် အမှုများနှင့် ၎င်းနှင့် မည်သူမျှ တွေ့ရှိခွင့်မရသည့် အကြောင်းရင်းတို့ကို ပြည့်ပြည့်စုံစုံ ရှင်းလင်းဖြေကြားခဲ့ပါသည်။ ဆူပူဆန္ဒပြမှုများအတွင်း သေဆုံးခဲ့သူအရေအတွက်အမှန်ကို တရားဝင်ထုတ်ဖော် ပြောကြားခဲ့သလို ထိုဆူပူအကြမ်းဖက်မှုများ၏ နောက်ကွယ်တွင် မည်သည့်အဖွဲ့အစည်းက ထောက်ပံ့ပေးနေသည် ဆိုသည့် အကြောင်းအရာကိုလည်း သုံးသပ်ပြောကြားခဲ့ပါသည်။ ထို့အပြင် ဗိုလ်ချုပ် ဇော်မင်းထွန်းအနေဖြင့် ရုရှား-မြန်မာ စစ်ဘက်နည်းပညာပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများနှင့် ရုရှားနိုင်ငံထုတ် Sputnik-V ကိုဗစ်ကာကွယ်ဆေးကို အာရှနိုင်ငံအနေဖြင့် လိုအပ်မှု ရှိ/ မရှိအား တပ်မတော်အကြီးအကဲ အရာရှိကြီးများ ကာကွယ်ဆေးရွေးချယ်ထိုးနှံပုံအကြောင်းစုံကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးပြောကြားခဲ့ပါသည်။

**မေး ။ ။ ဘာလို့ မြန်မာနိုင်ငံမှာ တပ်မတော်က နိုင်ငံတော်အာဏာကို လွှဲပြောင်း ရယူဖို့ ဆုံးဖြတ်ခဲ့ရတာလဲဆိုတာ သိလိုပါတယ်။**

ဖြေ ။ ။ တပ်မတော်အနေနဲ့ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစတင်ပြီး နိုင်ငံ့တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် အကြောင်းရင်းမှာ ပြီးခဲ့သည့် နိုဝင်ဘာလ ရွေးကောက်ပွဲတွင် ဖွဲ့စည်းပုံအခြေခံဥပဒေချိုးဖောက်မှုများ ယခင်အာဏာရပါတီဘက်မှ ပြုလုပ်ခဲ့တဲ့အတွက် ဖြစ်ပါတယ်။ မဲပေးပိုင်ခွင့်ရှိသူ ၃၉.၄ သန်းရှိတဲ့အနက်မှ မဲမသမာမှုပေါင်း ၁၀.၄ သန်းကျော်ရှိကြောင်း စစ်ဆေးတွေ့ရှိခဲ့ပါတယ်။ မဲအားလုံးရဲ့ ၂၅ % ဟာ အလိမ်အညာတွေဖြစ်နေပါတယ်။ ဒီလိုမျိုးပမာဏရှိတဲ့ ချိုးဖောက်မှုတွေကို ဘယ်လိုနိုင်ငံကမှ လက်ခံနိုင်မှာမဟုတ်ပါဘူး။ တပ်မတော်အနေနဲ့ အဆိုပါချိုးဖောက်မှုတွေကို စစ်ဆေးဖော်ထုတ်ခဲ့ပါတယ်။ သက်သေအထောက်အထားနဲ့တကွ ထုတ်ပြန်ပြောကြားခဲ့ပါတယ်။ သတင်းစာရှင်းလင်းပွဲတွေ ပြုလုပ်ပြီး ရှင်းလင်းပြောကြားခဲ့ပါတယ်။ တာဝန်ရှိတဲ့ အစိုးရကိုလည်း ဖြေရှင်းပေးဖို့ တရားဝင်တောင်းဆိုခဲ့ပါတယ်။ ယခင်အာဏာရအစိုးရအဖွဲ့မှာ ဒါတွေကို ဖြေရှင်းဖို့အချိန် ၃ လ လုံလုံလောက်လောက် ရှိခဲ့ပါတယ်။ တာဝန်ရှိအဖွဲ့အစည်းများ ဖြစ်ကြတဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ လွှတ်တော်နှင့် အစိုးရထံတို့က လျစ်လျူရှုကာ တာဝန်ယူဆောင်ရွက်ပေးခြင်းမရှိတဲ့အပြင် ဖြေရှင်းချက်တစ်စုံတစ်ရာပင် မပြုလုပ်ခဲ့ပါဘူး။ ကျွန်တော်တို့က ဒီမိုကရေစီဆန်စွာ ညှိနှိုင်းအဖြေရှာဖို့ တောင်းဆိုခဲ့ပေမယ့် သူတို့က အာဏာရှင်ဆန်စွာ လျစ်လျူရှုငြင်းပယ်ခဲ့ကြပါတယ်။ ထိုအကြောင်းတွေကြောင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ မဖြစ်မနေ နိုင်ငံကို အရေးပေါ်အခြေအနေ ကြေညာရတဲ့အဆင့် ထိရောက်ရှိလာခဲ့ပါတယ်။ တစ်နည်းအားဖြင့် ပြောရမယ်ဆိုရင် ကျွန်တော်တို့သည်သာ ဒီမိုကရေစီရဲ့ အနှစ်သာရပျက်သုဉ်းမယ့်အရေးက ကာကွယ်ခဲ့တာ ဖြစ်ပါတယ်။ နိုင်ငံကို စစ်မှန်တဲ့ ဒီမိုကရေစီလမ်းကြောင်းပေါ်မှာ ဆက်လက်ထိန်းသိမ်းပေးနိုင်ခဲ့ပါတယ်။

**မေး ။ ။ ကျွန်တော်တို့အနေနဲ့ ဒီအကြောင်းအရာတွေကြောင့် မြန်မာတစ်နိုင်ငံလုံးမှာ ဆူပူဆန္ဒပြမှုအများအပြား ဖြစ်ပေါ်လာတာကို တွေ့မြင်နေရပါတယ်။ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး Mrs. Michelle Bachlelet က မြန်မာနိုင်ငံကို ဆီးရီးယားနဲ့ပင်နှိုင်းယှဉ်ပြောကြားထားတာ ရှိပါတယ်။ ဒီလိုပြောကြားလာတဲ့ အခြေအနေအပေါ် ဗိုလ်ချုပ်အနေနဲ့ ဘာများမှတ်ချက်ပေးလိုပါသလဲ။ ငြိမ်းချမ်းစွာဆန္ဒပြသူတွေအပေါ် မလိုလားအပ်တဲ့ အင်အားသုံးနှိမ်နင်းမှုတွေရှိတယ်လို့ ပြောနေကြတာကိုရော လက်ခံပါသလား။**

ဖြေ ။ ။ မိတ်ဆွေတို့ကြားသိနေရတဲ့ ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်းမှာ ဆန္ဒပြမှုတွေရှိနေတယ်ဆိုတာကတော့ မှန်ပါတယ်။ ကျွန်တော်တို့အနေနဲ့ နိုင်ငံအတွင်း ဖြစ်ပေါ်တိုးတက်နေတဲ့အခြေအနေတွေကို လေ့လာသုံးသပ်ဖို့အတွက် အချိန်လုံလုံလောက်လောက် ရရှိခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဆန္ဒပြမှုတွေကို အဆင့် ၅ ဆင့်ခွဲ သတ်မှတ်ထားပါတယ်။ ပထမအဆင့်ကို ဖေဖော်ဝါရီလ ၁၄ ရက်နေ့အထိ သတ်မှတ်ပါတယ်။ ထိုကာလတုန်းက အမှန်တကယ်ပဲ ဒီမိုကရေစီလိုလားတဲ့ ငြိမ်းချမ်းစွာ ဆန္ဒပြမှုတွေ ရှိခဲ့ပါတယ်။ ထို့အတူပဲ မိမိတို့ရဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ အနေနဲ့လည်း ပြဋ္ဌာန်းထားတဲ့ နည်းဥပဒေ စည်းမျဉ်းစည်းကမ်းများအတိုင်းသာ ကျင့်သုံးထိန်းသိမ်းခဲ့ပြီးတော့ မည်သည့် အင်အားသုံးဖြိုခွင်းမှုကိုမှ မပြုလုပ်ခဲ့ပါဘူး။ ဒါဟာ လက်တွေ့မြေပြင်မှာ တွေ့ရှိခဲ့ရတဲ့ အမှန်တရားတစ်ခုပါ။

ဒုတိယအဆင့်ကတော့ ဖေဖော်ဝါရီလ ဒုတိယအပတ်နောက်ပိုင်းမှာ စတင်လာခဲ့ပါတယ်။ ခုန ငြိမ်းချမ်းစွာ ဆန္ဒပြသူလို့ သတ်မှတ်ထားတဲ့အဖွဲ့တွေဟာ အစိုးရယန္တရားပျက်သုဉ်းရေးလုပ်ငန်းစဉ်တွေကို စတင်ဆောင်ရွက်လာကြပါတယ်။ CDM လှုပ်ရှားမှုတွေကို လှုံ့ဆော်ဖန်တီးလာကြပါတယ်။ ထိုလှုပ်ရှားမှုနှင့်အပြိုင် Shadow Government တစ်ခုကို ဖွဲ့စည်းလာခဲ့ကြပါတယ်။ ထိုကဲ့သို့ လှုံ့ဆော်မှုတွေကြောင့် သာမန်ဆန္ဒပြနေသော ပြည်သူလူထုဟာ လုံခြုံရေးတပ်ဖွဲ့ဝင်တွေကို စတင်တိုက်ခိုက်ရဲလာကြပြီး တရားဥပဒေစိုးမိုးရေးစတင်ယိုယွင်းလာခဲ့ပါတယ်။ ၎င်းတို့အနေနဲ့ ကိုယ့်အလုပ်ကို သွားနေတဲ့ နိုင်ငံ့ဝန်ထမ်းတွေကို နှောင့်ယှက်လာကြပါတယ်။ အခြားငြိမ်းချမ်းစွာ နေလိုတဲ့ ပြည်သူတွေကိုလည်း နှောင့်ယှက်ဖိအားပေးလာကြပါတယ်။ လူငယ်တွေကိုလည်း နည်းလမ်းအမျိုးမျိုးနဲ့ လမ်းပေါ်ထွက်လာအောင် သွေးထိုးလှုံ့ဆော်ခဲ့ကြပါတယ်။ မိမိတို့ဘက်မှ လုံခြုံရေးတပ်ဖွဲ့ဝင်တွေဟာ ဒီလိုလှုပ်ရှားမှုတွေအပေါ် အတတ်နိုင်ဆုံး သည်းခံတုံ့ပြန်နေခဲ့ပါတယ်။ ၎င်းတို့အနေနဲ့ Water Cannon တွေကိုသာ အသုံးပြုပြီး အသံပေးပစ်ဖောက်ခြင်းများကိုလည်း ဆောင်ရွက်ခဲ့ကြပါတယ်။

တတိယအဆင့်ကတော့ ဖေဖော်ဝါရီလ စတုတ္ထအပတ်မှာ စတင်လာခဲ့ပါတယ်။ ဆူပူဆန္ဒပြသူတွေအနေနဲ့ အကြမ်းဖက်နည်းဗျူဟာတွေကို အသုံးပြုပြီးတော့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေကို တိုက်ခိုက်လာကြပါတယ်။ ထိုကာလမှာ ငြိမ်းချမ်းစွာ ဆန္ဒပြသူဆိုတာ မရှိတော့ပါဘူး။ အကုန်လုံးဟာ လက်နက်ကိုယ်စီနဲ့ ဖြစ်ပါတယ်။ အဓိကအားဖြင့် ထိုအကြမ်းဖက်မှုတွေကို ဦးဆောင်သူတွေဟာ NLD ပါတီဝင်တွေနဲ့ ၎င်းပါတီကို အစွန်းရောက်ယုံကြည်သူတွေဖြစ်ကြပါတယ်။ ၎င်းတို့အနေဖြင့် "ငါနဲ့မတူ ငါ့ရန်သူ" ဆိုတဲ့ မူဝါဒကို ကျင့်သုံးလာခဲ့ကြပါတယ်။ တစ်စုံတစ်ဦးကများ ၎င်းတို့နဲ့ ဆန့်ကျင်ဘက်အမြင်ရှိပါက ထိုသူဟာ သာမန်ပြည်သူပင်ဖြစ်လင့်ကစား လက်ရှိဖြစ်ပျက်နေတဲ့ အခြေအနေများကို သူတို့နားလည်သလို နားမလည်ပါက အခြားမည်သည့်အကြောင်းပြချက်မှမရှိ သတ်ပစ်ရန် ဝန်မလေးကြတော့ပါ။ ထိုသို့ သတ်လိုတဲ့အခါများတွင် လက်ရဲဇက်ရဲရှိသော ကြေးစားလူသတ်သမားများကိုပင် ငှားရမ်းလုပ်ကြံ သတ်ဖြတ်တာတွေ ရှိခဲ့ပါတယ်။ ထိုအကြောင်းရင်းများကြောင့် ဖေဖော်ဝါရီလကုန်ပိုင်းမှစတင်ကာ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လက်နက်ကိုင်စွဲ အကြမ်းဖက်သောင်းကျန်းနေသော လူအုပ်ကြီးများကို ဖြိုခွင်းရန်အတွက် ပစ်ခတ်မှုတွေ စတင်ဆောင်ရွက်လာခဲ့ရပါတယ်။ ဒါတွေကိုပဲ အစီအစဉ်ရှိရှိ ရိုက်ကူးမှတ်တမ်းတင်ပြီး အနောက်နိုင်ငံမီဒီယာတွေနဲ့ အနောက်နိုင်ငံအထောက်ပံ့ခံ ပြည်တွင်းမီဒီယာတွေက ချဲ့ကားပုံဖော်ရေးသားခဲ့ကြတာပဲ ဖြစ်ပါတယ်။ လှုပ်ရှားသူနဲ့ ရိုက်ကူးသူ ဟန်ချက်ညီညီ ကြိုတင်ဇာတ်တိုက်ကာ ကမ္ဘာကို လုပ်ကြံပြသနေကြတာပဲ ဖြစ်ပါတယ်။ ဒီလို သတင်းမီဒီယာလွှမ်းမိုးမှုရပြီလို့ သူတို့ သုံးသပ်လိုက်ကြတဲ့ အချိန်မှာပဲ မကြာခင် မြန်မာနိုင်ငံအတွင်းကို R2P တွေ ဝင်လာတော့မယ်ဆိုပြီး သတင်းလွှင့်တော့တာပါပဲ။

အဲဒီနောက်မှာ အဆင့် ၄ ကို ကူးပြောင်းလာခဲ့ပါတယ်။ မြို့ရွာအုပ်ချုပ်ရေး အဆောက်အဦတွေကို ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်လာကြပါတယ်။ ဒီလို တိုက်ခိုက်လာတဲ့ အဖွဲ့တွေထဲမှာ အဖွဲ့ ၃ ဖွဲ့ခွဲ တွေ့မြင်နိုင်ပါတယ်။ ပထမအဖွဲ့ကတော့ NLD ပါတီဝင်တွေနဲ့ အစွန်းရောက်ထောက်ခံသူတွေ ဖြစ်ကြပါတယ်။ ဒုတိယတစ်ဖွဲ့ကတော့ လူရမ်းကားလူမိုက်တွေပဲ ဖြစ်ပါတယ်။ တတိယတစ်ဖွဲ့ကတော့ ကြေးစားအကြမ်းဖက်သမားတွေပါ။ ထိုအဖွဲ့ ၃ ဖွဲ့ ပေါင်းစပ်ထားတဲ့ အကြမ်းဖက်လူအုပ်ကြီးက သူတို့ကို သူတို့ "ငြိမ်းချမ်းစွာ ဆန္ဒပြသူ" ဆိုပြီး ဆက်လက်ခံယူထားကြပြီးတော့ စက်ရုံတွေကိုမီးရှို့တာတွေ၊ ရဲတပ်ဖွဲ့ဝင်တွေကို ဖမ်းဆီးသတ်ဖြတ်တာတွေ၊ အစိုးရ လုပ်ငန်းတွေကို နှောင့်ယှက်တိုက်ခိုက်တာတွေ ဆောင်ရွက်လာခဲ့ကြပါတယ်။ ၎င်းတို့အနေနဲ့ တဖြည်းဖြည်းနဲ့ ပြည်ပရော၊ ကုလသမဂ္ဂရော ဘယ်သူကမှ သူတို့ကို လာရောက်ကူညီတိုက်ခိုက်ပေးမှာ မဟုတ်ဘူးဆိုတာ သဘောပေါက်လာကြတဲ့အခါမှာ လူငယ်အချို့ဟာ ကြံရာမရသည့်အဆုံး လက်နက်ကိုင်သောင်းကျန်းသူများထံ ထွက်ပြေးကာ တောခိုလာကြပါတော့တယ်။ အဲဒီအခါမှာတော့ သူတို့ဟာ လက်ရှိအစိုးရကို တန်ပြန်တိုက်ခိုက်မယ့် ဖက်ဒရယ်စစ်တပ်အသစ်တစ်ခု တည်ထောင်တော့မယ်လို့ ကြွေးကြော်လာခဲ့ကြပါတယ်။

*စာမျက်နှာ ၁၇ သို့*

# လှိုင်သာယာမြို့၊ ရွှေပြည်သာမြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်တို့ရှိ ကျေးရွာ/ရပ်ကွက်အချို့တို့မှ ဒေသခံပြည်သူများကို ဆန်၊ ဆီ၊ ပဲများ ထောက်ပံ့ပေးအပ်

နေပြည်တော် ဧပြီ ၂၃

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း သွားလာမှုကန့်သတ်ချက်များကြောင့် ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရန်အတွက် နယ်မြေခံ တပ်မတော်သားများက ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို အိမ်အရောက် လိုက်လံပေးဝေလျှုဒါန်းလျက်ရှိသည်။

ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်းရှိ ရှမ်းကျောင်းကျေးရွာ အမှတ်(၃)ရပ်ကွက်၊ အမှတ်(၁၆)ရပ်ကွက်၊ အမှတ်(၁၇)ရပ်ကွက်၊ ကုလားကြီးစုရပ်ကွက်နှင့် ရွှေပြည်သာမြို့နယ် အမှတ်(၉)ရပ်ကွက်၊ အမှတ်(၁၁)ရပ်ကွက်နှင့် ဇီးကုန်းကျေးရွာတို့ရှိ အိမ်ထောင်စု စုစုပေါင်း ၁၅၄၁၀ အတွက် ဆန်၊ ဆီ၊ ပဲ များကို ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ တပ်နယ်အသီးသီးမှ နယ်မြေခံတပ်မတော်သားများက ပြည်သူများ၏ လက်ဝယ်အရောက် သွားရောက်ထောက်ပံ့ပေးအပ်ခဲ့သည်။

အလားတူ ယနေ့တွင်လည်း မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မိုင်ကုန်းကျေးရွာရှိ အိမ်ထောင်စု စုစုပေါင်း ၃၀၀ အတွက် ဆန်များကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ နယ်မြေခံတပ်မတော်သားများက ပြည်သူများ၏ လက်ဝယ်အရောက် သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ပြီး ဒေသခံပြည်သူများကို အဆိုပါကျေးရွာဓမ္မာရုံ၌ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူလူနာများ တပ်မတော်ဆေးရုံများ၌ ဆက်လက်လက်ခံကုသ

နေပြည်တော် ဧပြီ ၂၃

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသား ပြည်သူများအတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၁၅၈၄၇၁ ဦး၊ အတွင်းလူနာ ၄၂၁၆ ဦးကို ကုသပေးနိုင်ခဲ့ပြီး ၎င်းလူနာများအနက် အကြီးစား ခွဲစိတ်ကုသရန် လိုအပ်သူ ၇၄၄၇ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၃၈၁၀၊ စုစုပေါင်း ၁၁၂၅၇ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ် ကုသပေးလျက်ရှိသည်။

၎င်းအပြင် ကလေးမီးဖွား လူနာ ၃၈၇၉ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၆၀၁၁ ဦးကို သာမန်မွေးဖွား ပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၉၈၉၀ ကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။



တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေး စစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့် လူနာများကို ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန် အတွက်ကိုပါ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**


# AIBD မှ ကျင်းပသည့် သတင်းထောက်များ လုံခြုံဘေးကင်းမှုနှင့်သက်ဆိုင်သည့် အွန်လိုင်းဆွေးနွေးပွဲသို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှဝန်ထမ်းများ တက်ရောက်

နေပြည်တော် ဧပြီ ၂၃

**အာရှပစိဖိတ်ဒေသတွင်း ရုပ်သံလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်း Asia – Pacific Institute for Broadcasting Development (AIBD) မှ UNESCO's IPDC နှင့် ပူးပေါင်း၍ သတင်းထောက်များ လုံခြုံဘေးကင်းစေရေးအတွက် စိတ်ဒဏ်ရာစီမံခန့်ခွဲမှု ဆွေးနွေးပွဲကို ဧပြီ ၁၉ ရက်က ကျင်းပသည်။**

ဆွေးနွေးပွဲတွင် နိုင်ငံပေါင်း ၁၂ နိုင်ငံမှ သတင်းထောက် ၃၀ ကျော် တက်ရောက်ခဲ့ပြီး စိတ်ဒဏ်ရာ စီမံခန့်ခွဲနိုင်ရန်အတွက် ကိုယ်တိုင်ဆောင်ရွက်ရမည့်အချက်များနှင့် ပြန်လည်ကောင်းမွန်လာစေရန် ဆောင်ရွက်ရမည့်အခြေအနေ အပါအဝင် အန္တရာယ်ရှိသည့် အခြေအနေတွင် ဆောင်ရွက်ရသည့်အခါ လုံခြုံစိတ်ချရစေရန် ဆောင်ရွက်ရမည့်အချက်များကို ထည့်သွင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ သင်တန်းသည် ယခုခေတ်တွင် တွင်ကျယ်စွာ အသုံးပြုနေသည့် မိုဘိုင်းဖုန်းနှင့် ပတ်သက်သည့် အချက်အလက်များ လုံခြုံစိတ်ချရရေး၊ ဘေးအန္တရာယ်ကင်းစွာအသုံးပြုနိုင်ရေး၊ သတင်းအင်တာဗျူးများ ပြုလုပ်ရာတွင် ဆောင်ရန်ရှောင်ရန်နှင့် ပတ်သက်သည့် အချက်အလက်များကို ဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးပွဲကို အွန်လိုင်းမှတစ်ဆင့် ပြုလုပ်ခဲ့ပြီး တက်ရောက်လာသည့် နိုင်ငံအသီးသီးမှ သတင်းလုပ်ငန်းလုပ်ကိုင်နေသူများ အနေဖြင့် သတင်းရယူရာတွင် ကြုံတွေ့ရသည့်အခြေအနေများ၊ အရေးပေါ် အခြေအနေများအကြောင်းကို ဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးပွဲကို ဧပြီ ၁၉ ရက်မှ ၂၁ ရက်အထိ သုံးရက်ကြာ ကျင်းပခဲ့ခြင်းဖြစ်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများ ပါဝင်တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**




# မိဘပြည်သူများ စိတ်အေးချမ်းသာယာစွာ နေထိုင်နိုင်စေရေးနှင့် ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဧပြီ ၂၃

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်၍ လုံခြုံရေးအား နေ့ညမပြတ် ပြည့်ဝစွာ ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင်လည်း မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ လှည့်ကင်း၊ ပတ်ကင်းများဖြင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ်လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

*စာမျက်နှာ ၁၆ မှ*

အဆင့် ၅ ကိုတော့ မြန်မာ့တပ်မတော်နေ့ဖြစ်တဲ့ မတ်လ ၂၇ ရက်နေ့မှာ ပြည်သူ့တော်လှန်ရေးနေ့လို့ ခေါင်းစဉ်တပ်ပြီး ပြည်လုံးကျွတ်ဆူပူအုံကြွမှုတွေ လုပ်ဖို့ စီစဉ်လာခဲ့ကြပါတယ်။ လမ်းပေါ်မှာ တာဝန်ထမ်းဆောင်နေတဲ့ ရဲတပ်ဖွဲ့ဝင်တွေကိုသာမက ရဲစခန်းများ၊ အစိုးရအုပ်ချုပ်ရေး အဆောက်အဦများနဲ့ အများပြည်သူနေအိမ်များကိုပါ ပစ်မှတ်ထားတိုက်ခိုက်လာကြပါတယ်။ ဧပြီလဆန်းမှ စတင်ပြီး ၎င်းတို့ဟာ ဖောက်ခွဲရေးပစ္စည်းများ၊ လက်လုပ်ဗုံး၊ လက်လုပ်မိုင်းများ၊ လက်ပစ်ဗုံးများဖြင့် အစိုးရအဆောက်အဦများ၊ စာသင်ကျောင်းများ၊ သယ်ယူပို့ဆောင်ရေးယာဉ်များ၊ စက်ရုံအလုပ်ရုံများ၊ ၎င်းတို့နှင့် နိုင်ငံရေးအမြင်ချင်းမတူညီသော သာမန်ပြည်သူများကို ပစ်ခတ်ဖောက်ခွဲ အကြမ်းဖက်လုပ်ငန်းတွေကို စတင်ဆောင်ရွက်လာခဲ့ကြပါတယ်။ ဒီအဖျက်အမှောင့်လုပ်ငန်းတွေကို မိမိတို့ဘက်က တရားဥပဒေအတိုင်းပဲ တုံ့ပြန်ခဲ့ပါတယ်။

တကယ်လို့ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးအနေနဲ့ ဒါတွေကို ငြိမ်းချမ်းစွာ ဆန္ဒပြသူလို့ ပြောဆိုသုံးစွဲချင်တယ်ဆိုရင်တော့ ပထမအဆင့်ကာလအတွက်သာ မှန်ပါလိမ့်မယ်။ ယခုလက်ရှိအချိန်မှာတော့ လမ်းပေါ်ထွက် ဆန္ဒပြသူတွေဟာ အကြမ်းဖက်သောင်းကျန်းသူ အဆင့်ကိုရောက်ရှိပြီး ဖြစ်ပါတယ်။ သူတို့မှာ လက်နက်တွေ၊ ဖောက်ခွဲရေးပစ္စည်းတွေ ရှိတယ်။ ၎င်းတို့အနေနဲ့ "ငါနဲ့မတူ ငါ့ရန်သူ" ဆိုတဲ့ အယူဝါဒကို လက်ကိုင်ထားတယ်။ ၎င်းတို့အနေနဲ့ အစိုးရဝန်ထမ်းတွေနဲ့ သာမန်ငြိမ်းချမ်းစွာ အလုပ်လုပ်နေကြတဲ့ ပြည်သူတွေကို ဖမ်းဆီးသတ်ဖြတ်တယ်။ ဒီလူတွေကိုမှ Mrs. Michelle Bachlelet က "ငြိမ်းချမ်းစွာ ဆန္ဒပြသူတွေ" လို့ သတ်မှတ်သုံးနှုန်းနေရင်တော့ အမှားကြီး မှားသွားမှာပဲ ဖြစ်ပါတယ်။ ဒါကြောင့် သူ့ကိုမေးလိုတာက ကျွန်တော်တို့နိုင်ငံအတွင်း ဖြစ်ပေါ်တိုးတက်မှုအခြေအနေတွေကို အမှန်တကယ်ရော နားလည်ပါရဲ့လားဆိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံကို ဆီးရီးယားနိုင်ငံလို ဖြစ်စေချင်နေကြတာပါ။ အနောက်နိုင်ငံတွေက ဆီးရီးယားနိုင်ငံမှာ ဖြစ်ပျက်ခဲ့တာတွေကို ကျွန်တော်တို့နိုင်ငံထဲမှာ မြင်ချင်နေကြတာ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ယုံယုံကြည်ကြည် ပြောနိုင်တာကတော့ ကျွန်တော်တို့နိုင်ငံမှာ ဒီလိုမျိုး ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ပါဘူး။ မြန်မာ့တပ်မတော်နဲ့ လက်ရှိတာဝန်ယူထားရတဲ့အစိုးရဟာ ဒီမိုကရေစီလမ်းကြောင်းအတိုင်း လျှောက်လှမ်းနေတာဖြစ်ပြီး ပြည်သူက နားလည်ထားတဲ့ ဒီမိုကရေစီထက်ကို ပိုပြီး စစ်မှန်ခိုင်မာပါတယ်။ ကျွန်တော်တို့ လမ်းကြောင်းဟာ မှန်ကန်ပြီးသား ဖြစ်ပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*



# လူမှုကွန်ရက်အားအသုံးပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် လှုံ့ဆော်သူများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း ထပ်မံထုတ်ပြန်

နေပြည်တော် ဧပြီ ၂၃

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်စေရန်လှုံ့ဆော်ခြင်း၊ CRPH မတရားအသင်းအား ထောက်ခံသည့် အကြောင်းအရာများ၊ မမှန်သတင်းများအားဖြန့်ဝေခြင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေပြီး ဆူပူအုံကြွမှုဖြစ်ပေါ်စေရန်နှင့် အများပြည်သူအထိတ်တလန့်ဖြစ်စေရန်အတွက် သွေးထိုးလှုံ့ဆော်မှုများပြုလုပ်ခြင်း၊ Social Punishment ပြုလုပ်ခြင်းများကို လူမှုကွန်ရက် စာမျက်နှာများတွင် ရည်ရွယ်ချက်ရှိရှိဖြင့်ဖော်ပြခြင်းနှင့် ဖြန့်ဝေခြင်းများ ဆောင်ရွက်လျက်ရှိသည့် အနုပညာရှင်အချို့နှင့် အခြားပါဝင်ပတ်သက်သူများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်းကို နေ့စဉ်သတင်းထုတ်ပြန်လျက်ရှိပါသည်။

ထိုသို့ ထုတ်ပြန်ထားရှိသော အနုပညာရှင်အချို့နှင့် အခြားပါဝင်ပတ်သက်သူများမှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိသဖြင့် အောက်ဖော်ပြပါ အနုပညာရှင်အချို့နှင့် အခြားပါဝင်ပတ်သက်သူများကို ရာဇသတ်ကြီး ပုဒ်မ ၅၀၅ - က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်းကို ထပ်မံထုတ်ပြန်အပ်ပါသည်-

## ဥပဒေပုဒ်မ ၅၀၅ - က ဖြင့် အရေးယူထားရှိသူများစာရင်း

| စဉ် | အကောင့်အမည် | Profile | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ALINNYAUNG https://www.facebook.com/ALINNYAUNGOFFICIAL | အလင်းရောင်  | ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၂ | Chan Chan https://www.facebook.com/officialchanchan | ချမ်းချမ်း  | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ခေတ္တ အီတလီ) | ၅၀၅-က |  |
| ၃ | Nwe Darli Tun https://www.facebook.com/sweetjuly7777 | နွယ်ဒါလီထွန်း  | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၄ | Htet Myet https://www.facebook.com/htet.myet.581 | ထက်မြတ်  | ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၅ | Aung Khant Hmue https://www.facebook.com/100014930615060 | အောင်ခန့်မှူး  | ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၆ | Nan Khin Thet Htar https://www.facebook.com/nannkhinthethtar | နန်းခင်သက်ထား  | ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၇ | Ser Mal -စားမယ် https://www.facebook.com/sermalmm | စံလင်း  | လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၈ | Phoo Kyaw Zin https://www.facebook.com/phookyawzin.fw | ဖူးကျော်ဇင်  | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၉ | Moe Thway https://www.facebook.com/Moethway | မိုးသွေး  | ရွှေတောင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၀ | My Khayee-မိုင်ခရီး https://www.facebook.com/mykhayee | ခင်မြတ်မြတ်နိုင်  | မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၁ | Myo Htike Tan Thein https://www.facebook.com/myothein19 | မျိုးထိုက်တန်သိန်း  | ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၂ | Win Zaw Khaing https://www.facebook.com/winzaw.khaing.9 | ဝင်းဇော်  | မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၃ | Zayar Phyo (ဇေယျာဖြိုး) https://www.facebook.com/sawzayyar.phyo | ဇေယျာ  | တာချီလိတ်မြို့နယ်၊ ရှမ်းပြည်နယ် | ၅၀၅-က |  |
| ၁၄ | Aung Ye Pyae https://www.facebook.com/aungye.pyae | အောင်ရဲပြည့်  | ကလောမြို့နယ်၊ ရှမ်းပြည်နယ် | ၅၀၅-က |  |
| ၁၅ | Zay Yar Tun https://www.facebook.com/Zayarreal | ဇေယျာထွန်း  | တိုက်ကြီးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၆ | Bollyhood Khant https://www.facebook.com/Bollyhood.Khant | အေးမင်းခန့်ထွန်း  | ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်ကောင်စီနယ်မြေ | ၅၀၅-က |  |
| ၁၇ | Soe Win Naing https://www.facebook.com/KikoDido.SoeWinNaing | စိုးဝင်းနိုင်  | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၈ | Yan Naung Soe https://www.facebook.com/ynspersonal | ရန်နောင်စိုး  | မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၉ | Tin Win Soe https://www.facebook.com/tin.w.soe | တင်ဝင်းစိုး  | ခေတ္တ စင်ကာပူနိုင်ငံ | ၅၀၅-က |  |
| ၂၀ | Wai Wai Zin (Devil Wai) https://www.facebook.com/100008049333507 | ခိုင်ဝေဝေဇင်  | လယ်ဝေးမြို့နယ်၊ နေပြည်တော်ကောင်စီနယ်မြေ | ၅၀၅-က |  |

အထက်ပါပြစ်မှုကျူးလွန်သူများအား လက်ခံထားရှိသူများကိုလည်း အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ကျန်ရှိနေသည့် ထိုကဲ့သို့ဆောင်ရွက်နေသူများကိုလည်း ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

သတင်းစဉ်

❖ **တန်ဖိုးရှိလှတဲ့ လူငယ်ဘဝဆိုတာ လှပတဲ့ အနာဂတ်ကို တည်ဆောက်ကြဖို့ပါ။ နိုင်ငံနဲ့ လူမျိုးရဲ့ ကောင်းကျိုးကိုသာ ရှေးရှုပြုလုပ် ဆောင်ရွက်ကြရမှာ။**

## အသိပေးကြေညာချက်

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ (၂၀၁၄) အရ ပြန်ကြားရေးဝန်ကြီးဌာနက တရားဝင်ထုတ်ဝေခွင့်ပြုထားသည့် စာအုပ်စာစောင်စာရင်းတွင် မိုလိုတော့ဗ် စာစောင် မပါဝင်ပါ။

အဆိုပါ မိုလိုတော့ဗ်စာစောင်မှာ တရားမဝင် ထုတ်ဝေဖြန့်ချိနေသော စာစောင်သာဖြစ်ပါသည်။ ထိုကဲ့သို့ ခွင့်ပြုချက်မရရှိဘဲ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ထောက်ပံ့ကူညီခြင်းတို့ ပြုလုပ်ပါက တည်ဆဲတရားဥပဒေနှင့်အညီ မည်သူမဆို အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
(၁၂-၄-၂၀၂၁)

## အသိပေးကြေညာချက်

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ (၂၀၁၄)အရ ပြန်ကြားရေးဝန်ကြီးဌာနက တရားဝင်ထုတ်ဝေခွင့်ပြုထားသည့် စာအုပ်စာစောင်များတွင် ပါဝင်ခြင်းမရှိသည့် စာအုပ်စာစောင်အချို့အား ၂၀၂၁ ခုနှစ်၊ ဧပြီလ (၁၁) ရက်ခန့်မှစ၍ တရားမဝင် ထုတ်ဝေဖြန့်ချိ နေသည်ကို တွေ့ရှိနေရပါသည်။ ထိုကဲ့သို့ ခွင့်ပြုချက်မရှိဘဲ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ထောက်ပံ့ကူညီခြင်းတို့ ပြုလုပ်ပါက တည်ဆဲဥပဒေနှင့်အညီ မည်သူမဆို အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
(၁၄-၄-၂၀၂၁)

# ရန်ကုန်မြို့ရှိ ပန်းခြံများ ပုံမှန်အတိုင်းပြန်လည်ဖွင့်လှစ်ပြီ

**ရန်ကုန် ဧပြီ ၂၃**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်း ပန်းခြံပေါင်း ၆၁ ခုနှင့် အားကစားကွင်းပေါင်း ၁၆၁ ခုရှိရာ ရန်ကုန်တိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေး စည်းကမ်းချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်ရန် ညွှန်ကြားချက်အရ ပန်းခြံများနှင့် အားကစားကွင်းများအားလုံးကို မြို့တော်သူ၊ မြို့တော်သားများ ကိုယ်လက်လှုပ်ရှား ကျန်းမာရေးပြုလုပ်နိုင်ရန် ဇန်နဝါရီ ၂၁ ရက်မှစ၍ နံနက် ၅ နာရီမှ နံနက် ၉ နာရီခွဲအထိ အချိန် အကန့်အသတ်ဖြင့် ဖွင့်လှစ်ပေးခဲ့သည်။

ယခုအခါ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုနှုန်း လျော့နည်းလာပြီး မြို့တော်သူ၊ မြို့တော်သားများ မိမိတို့အားလပ်ချိန်များတွင် ပန်းခြံများ၌ အပန်းဖြေအနားယူနိုင်ရန် မဟာဗန္ဓုလပန်းခြံမပါ ရန်ကုန်မြို့ရှိ ပန်းခြံများနှင့် အားကစားကွင်းများအားလုံးကို ဧပြီ ၂၃ ရက်မှ စတင်၍ နံနက် ၅ နာရီမှ ညနေ ၆ နာရီအထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်ပေးပြီဖြစ်ကြောင်းနှင့် ယနေ့နံနက်ပိုင်းတွင် ပြည်သူများစိတ်အေးချမ်းသာစွာဖြင့် ကိုယ်လက်လှုပ်ရှားအားကစား ပြုလုပ်နေကြကြောင်း သိရသည်။

သတင်းစဉ်




**အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၃ - ၄ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၇၀၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၆၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၄၀ | ကျပ် | ၈၇၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၇၀ | ကျပ် | ၉၂၀ | ကျပ် |
| အောက်တိန်း ၉၂ | ၈၄၀ | ကျပ် | ၈၆၀ | ကျပ် |
| အောက်တိန်း ၉၅ | ၉၁၀ | ကျပ် | ၉၅၀ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၃၄ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၇၀၄ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၆၈ . ၄ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၁၉ . ၇ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၂၀ . ၃၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ . ၃၇၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၄၈ . ၈၆ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၃၀၀ | ၉၃၀၀ | ၁၁ | ၁၀၂၃၀၀ |
| MTSH | ၃၅၀၀ | ၃၅၀၀ | ၆၈ | ၂၃၈၀၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၁၅၀၀ | ၂၁၅၀၀ | ၅၆၆ | ၁၂၁၆၉၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၄၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၄၁၄၅၊ **ဖက်စ်** ၀၆၇-၃၄၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၄၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ဧရာဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဖလား ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကျင်းပရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**ပုသိမ် မေ ၂၇**

၂၀၂၁ ခုနှစ် ဧရာဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဖလား၊ အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၇ ရက်က တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ (၁) ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးရဲမြင့်က အမှာစကား ပြောကြားပြီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် (၁) ဗိုလ်မှူးကြီး ကျော်စွာလှိုင်က ပြိုင်ပွဲကျင်းပရေး လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးညွန့်က ပြိုင်ပွဲကျင်းပမည့် အစီအစဉ်များ၊ ဆောင်ရွက်ရမည့်လုပ်ငန်းများကိုလည်းကောင်း၊ ခရိုင် ခြောက်ခုမှအားကစားနှင့်ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးများက ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် ဆောင်ရွက်ထားမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးရဲမြင့်က နိဂုံးချုပ်စကားပြောကြားကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို တိုင်းဒေသကြီးအတွင်းရှိ ပုသိမ်၊ ဟင်္သာတ၊မြောင်းမြ၊ မအူပင်၊ ဖျာပုံနှင့် လပွတ္တာခရိုင်များမှ အသင်းများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲကို ကျောက်တိုင် ဘောလုံးကွင်း၌ မေ ၂၈ ရက်တွင် စတင်ကျင်းပမည်ဖြစ်ကာ ဗိုလ်လုပွဲကို မေ ၇ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်မြင့် (ပြန်/ဆက်)**





## ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ပြည်နယ်ပြည်သူ့ဆေးရုံကြီး(ဘားအံ)၌ ဆေးကုသမှုခံယူနေသူများအား အာဟာရဖြည့်စွက်အစားအစာများ ထောက်ပံ့လှူဒါန်း

**ဘားအံ မေ ၂၇**

ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးနှင့် ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများသည် မေ ၂၇ ရက်က ပြည်နယ်ပြည်သူ့ ဆေးရုံကြီး ဘားအံ၌ ဆေးရုံတက်ရောက် ကုသမှုခံယူနေသူများ၊ လူနာစောင့်များ၊ ဆရာဝန်၊ သူနာပြုနှင့် ကျန်းမာရေး ဝန်ထမ်းများအား ရင်းရင်းနှီးနှီးသွားရောက် တွေ့ဆုံ၍ အာဟာရဖြည့်စွက် အစားအစာများ ထောက်ပံ့လှူဒါန်းသည်။

ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးနှင့်အဖွဲ့သည် ပြည်နယ်ပြည်သူ့ ဆေးရုံကြီး(ဘားအံ)တွင် တက်ရောက် ကုသမှုခံယူနေသူများအား တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်လာမှုအခြေအနေများကို အားပေးစကားပြောကြားပြီး ကြက်ဥ၊ ကွေကာအုပ်၊ မုန့်ခြောက်၊ အချိုရည် အစရှိသော အာဟာရဖြည့်စွက် အစားအစာများ ထောက်ပံ့လှူဒါန်းပေးသည်။

ထို့ပြင် ဒေသခံပြည်သူများ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ကုသရေးလုပ်ငန်းများကို စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် ဆောင်ရွက်ပေးနေသော ပြည်နယ်ပြည်သူ့ ဆေးရုံအုပ်ကြီး ဒေါက်တာ ဘရန်အောင်၊ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ပြည်နယ်ပြည်သူ့ဆေးရုံကြီး(ဘားအံ)၌ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီနှင့် ဝိသာခါဖောင်ဒေးရှင်းတို့ ပူးပေါင်းလှူဒါန်းထားသော ငွေကျပ် သိန်းတစ်ထောင့်ငါးရာခန့် တန်ဖိုးရှိ Oxygen Plant တပ်ဆင်ထားရှိမှု အခြေအနေနှင့် ခာတ်မှန်ဌာနတို့အား ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ကယားပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် မြို့နယ်နှင့် ရပ်/ကျေးစီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ တွေ့ဆုံပွဲကျင်းပ

**ဘော်လခဲ မေ ၂၇**

ကယားပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဦးသည် ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မေ ၂၇ရက်က ဘော်လခဲမြို့ စောလဖော်ခန်းမ၌ ပြုလုပ်သည့် မြို့နယ်နှင့် ရပ်/ ကျေးစီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်သည်။ **(ယာပုံ)**

အခမ်းအနားတွင် ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသောပြည်သူများ အလုပ်အကိုင်ရရှိစေရေး အတွက် ပြည်သူများလက်ဝယ်ရှိ သေချာသည့် ကုန်ထုတ်လုပ်ငန်းဖြစ်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် ကုန်ထုတ်လုပ်ငန်းများကို သမားရိုးကျ မိရိုးဖလာ နည်းလမ်းများအစား ခေတ်မီနည်းပညာများ အသုံးပြုဆောင်ရွက်တတ်စေရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ပတ်သက်၍ နည်းပညာများ ပံ့ပိုးကူညီပေးရန်နှင့် အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် တောင်သူလယ်သမားများနှင့် မွေးမြူရေး လုပ်ငန်းရှင်များအား အတင်းအကျပ် ဖိအားပေး ဆောင်ရွက်စေသည့် သဘောမျိုး မသက်ရောက်စေဘဲ ၎င်းတို့ဆန္ဒအလျောက် လိုလားစွာ လိုက်ပါဆောင်ရွက်သည့် အခြေအနေမျိုးဖြစ်အောင် ပညာပေး ဆောင်ရွက်စေရန်၊ ပညာရေးကဏ္ဍနှင့် ပတ်သက်၍ ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် ကျောင်းသား ကျောင်းသူများ အင်အားအပြည့် ကျောင်းပြန်လည် တက်ရောက် ပညာသင်ယူနိုင်ရေးနှင့် ဆရာ ဆရာမများကလည်း အင်တိုက် အားတိုက်ဖြင့် သင်ကြားပေးနိုင်ရေးအတွက် ကြိုးကြပ်ဆောင်ရွက်ပေးရန်၊ ကျန်းမာရေးကဏ္ဍနှင့် ပတ်သက်၍ ကိုဗစ်-၁၉ ရောဂါစစ်ဆေးမှု လုပ်ငန်းများကို တိုးမြှင့်စစ်ဆေးကုသပေးနိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန်၊ ဘော်လခဲခရိုင်အတွင်းရှိ ပြည်သူလူထု၏ အခက်အခဲများအား ပွင့်လင်းစွာ တင်ပြကြရန်နှင့် ခရိုင်၊ မြို့နယ်နှင့် ရပ်/ကျေးစီမံအုပ်ချုပ်ရေးအဖွဲ့များအနေဖြင့်လည်း မိမိတို့ဒေသ၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ဦးစားပေးဆောင်ရွက်ကြရန် အမှာစကား ပြောကြားသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဒေသဆိုင်ရာ အချက်အလက်များနှင့် ဒေသလိုအပ်ချက်များကို ဆွေးနွေးတင်ပြခြင်း၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့် သက်ဆိုင်သော စိုက်ပျိုးရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေး တင်ပြခြင်း၊ ဘော်လခဲမြို့နယ်၊ ဖားဆောင်းမြို့နယ်၊ မယ်စဲ့မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက မိမိတို့ ဒေသဆိုင်ရာ အချက်အလက်များနှင့် ဒေသလိုအပ်ချက်များကို ဆွေးနွေးတင်ပြကြပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက မြို့နယ်အလိုက် လိုအပ်ချက်များအပေါ်ဆောင်ရွက်ပေးရမည့် အချက်များကို မှာကြားသည်။



ဆက်လက်ပြီး ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက မယ်စဲ့မြို့နယ် သီရိမင်္ဂလာရတနာသုခ မြို့မဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ ပြန်လည်ပြုပြင်ရန်အတွက် အလှူငွေကျပ် ၂၅ သိန်း၊ ဘော်လခဲမြို့ ၂၅ ခုတင်ဆံ့ တပ်မတော်ဆေးရုံတွင် ဆေးကုသနေသော ပြည်သူများ၏ ဆေးကုသစရိတ်အတွက် ထောက်ပံ့လှူဒါန်းငွေကျပ် ၂၆ သိန်းကို ပေးအပ်လှူဒါန်းကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## သစ်ပင်နည်းလာ တို့ကမ္ဘာ၊ လွန်စွာပူအေး ဥတုဘေး

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင် ပါဝင်သည့် ဆရာဝန်များအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းနှင့် ကျန်းမာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန် လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ CRPH မတရားအသင်းအား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ ဆရာဝန်များအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

| စဉ် | အမည် | ဆေးရုံအမည် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဒေါက်တာ အောင်သိုက်ထွန်း (လ/ထ ဆရာဝန်) | တနသ်ာရီ ပြည်သူ့ဆေးရုံ | မော်လမြိုင်မြို့၊ မွန်ပြည်နယ်။ | ၅၀၅-က |  |
| ၂ | ဒေါက်တာ တင်ထွန်းအောင် (လ/ထ ဆရာဝန်) | ကွတ်ခိုင် ပြည်သူ့ဆေးရုံ | ချမ်းမြေ့သာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၃ | ဒေါက်တာ မျိုးကိုကို (လ/ထ ဆရာဝန်) | ရေး ပြည်သူ့ဆေးရုံ | မော်လမြိုင်မြို့၊ မွန်ပြည်နယ်။ | ၅၀၅-က |  |
| ၄ | ဒေါက်တာ ကောင်းလျှန် (လ/ထ ဆရာဝန်) | မလှိုင် ပြည်သူ့ဆေးရုံ | မလှိုင်မြို့၊ မန္တလေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၅ | ဒေါက်တာ တေဇကျော် (လ/ထ ဆရာဝန်) | ပြင်ဦးလွင် ပြည်သူ့ဆေးရုံ | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၆ | ဒေါက်တာ အောင်ပြည့် (လ/ထ ဆရာဝန်) | တောင်ကြီး စဝ်စံထွန်းဆေးရုံ | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၇ | ဒေါက်တာ ရဲကျော်သူ (လ/ထ ဆရာဝန်) | နတ်တလင်း တိုက်နယ်ဆေးရုံ | နတ်တလင်းမြို့၊ ပဲခူးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၈ | ဒေါက်တာ ဇော်စိုးထိုက် (လ/ထ ဆရာဝန်) | နေပြည်တော်ပြည်သူ့ ဆေးရုံကြီး(ခုတင်-၁၀၀၀) | ဇမ္ဗူသီရိ မြို့နယ်၊ နေပြည်တော်။ | ၅၀၅-က |  |
| ၉ | ဒေါက်တာ စန်းဝင်း (လ/ထ ဆရာဝန်) | ပခုက္ကူ ပြည်သူ့ဆေးရုံကြီး | ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၀ | ဒေါက်တာ မေမြတ်အုန်းကျော် (လ/ထ ဆရာဝန်) | ပခုက္ကူ ပြည်သူ့ဆေးရုံကြီး | ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၁ | ဒေါက်တာ ဖွဲ့မင်းအောင် (လ/ထ ဆရာဝန်) | နေပြည်တော်ပြည်သူ့ ဆေးရုံကြီး(ခုတင်-၁၀၀၀) | ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။ | ၅၀၅-က |  |
| ၁၂ | ဒေါက်တာ နှင်းဝတ်ရည် (လ/ထ ဆရာဝန်) | နေပြည်တော်ပြည်သူ့ ဆေးရုံကြီး(ခုတင်-၁၀၀၀) | ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။ | ၅၀၅-က |  |
| ၁၃ | ဒေါက်တာ အိအိမို့ (လ/ထ ဆရာဝန်) | ပခုက္ကူ ပြည်သူ့ဆေးရုံကြီး | ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၄ | ဒေါက်တာ အောင်ရဲကျော် (လ/ထ ဆရာဝန်) | ပခုက္ကူ ပြည်သူ့ဆေးရုံကြီး | ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၅ | ဒေါက်တာ ခင်ဝင်းငွေ (မြို့နယ် ကုသရေးမှူး) | မြို့နယ်ကုသရေးဌာနမှူး ဘောလခဲမြို့နယ် | ဘောလခဲမြို့၊ ကယားပြည်နယ်။ | ၅၀၅-က |  |
| ၁၆ | ဒေါက်တာ ဇော်မိုးနိုင် (လ/ထ ဆရာဝန်) | တန့်ယန်း ပြည်သူ့ဆေးရုံ | တန့်ယန်းမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။ | ၅၀၅-က |  |
| ၁၇ | ဒေါက်တာ ညီပေါင်းစံ (လ/ထ ဆရာဝန်) | တန့်ယန်း ပြည်သူ့ဆေးရုံ | တန့်ယန်းမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။ | ၅၀၅-က |  |
| ၁၈ | ဒေါက်တာ ဆန်းမြင့်နိုင် (အထူးကု) | နမ့်ခမ်း ပြည်သူ့ဆေးရုံ | နမ့်ခမ်းမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။ | ၅၀၅-က |  |
| ၁၉ | ဒေါက်တာ ငွေငွေဝင်း (လ/ထ ဆရာဝန်) | ဘားအံ ပြည်သူ့ဆေးရုံ | ဘားအံမြို့၊ ကရင်ပြည်နယ်။ | ၅၀၅-က |  |
| ၂၀ | ဒေါက်တာ ဆက်ဆက် ဟေမာန် (လ/ထ ဆရာဝန်) | မြဝတီ ပြည်သူ့ဆေးရုံ | မြဝတီမြို့၊ ကရင်ပြည်နယ်။ | ၅၀၅-က |  |

ဖော်ပြပါ ဆရာဝန်များအနက် တန့်ယန်းမြို့နယ် ပြည်သူ့ဆေးရုံမှ ဒေါက်တာ ဇော်မိုးနိုင် (လ/ထ ဆရာဝန်) နှင့် ဒေါက်တာ ညီပေါင်းစံ (လ/ထ ဆရာဝန်)တို့သည် (စိစစ်ဆဲ) အထွေထွေရောဂါကုဆေးခန်း၌လည်းကောင်း၊ နမ့်ခမ်းပြည်သူ့ဆေးရုံမှ ဒေါက်တာ ဆန်းမြင့်နိုင် (အထူးကု) သည် (စိစစ်ဆဲ)ဆေးခန်းတွင်လည်းကောင်း၊ ဘားအံပြည်သူ့ဆေးရုံမှ ဒေါက်တာ ငွေငွေဝင်း (လ/ထ ဆရာဝန်) သည် (စိစစ်ဆဲ) ဆေးခန်း၌ လည်းကောင်း၊ မြဝတီပြည်သူ့ဆေးရုံမှ ဒေါက်တာ ဆက်ဆက်ဟေမာန် (လ/ထ ဆရာဝန်) သည် "အောင်"ဆေးခန်းနှင့် ဆေးဆိုင်၌လည်းကောင်း တာဝန်ကျရာ ဆေးရုံများတွင်ကုသခြင်းမပြုဘဲ CDM ပြုလုပ်၍ ပြင်ပပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများတွင် သွားရောက်ကုသလျက်ရှိကြောင်း မှတ်တမ်းဓာတ်ပုံများနှင့်အတူ အောက်ပါအတိုင်း စိစစ်တွေ့ရှိရပါသည်။



ဒေါက်တာ ဇော်မိုးနိုင်(တန့်ယန်းမြို့နယ်ပြည်သူ့ဆေးရုံ)ဆေးကုသနေသည့် အထွေထွေရောဂါကုဆေးခန်းမှတ်တမ်းဓာတ်ပုံ



ဒေါက်တာ ဇော်မိုးနိုင်

စာမျက်နှာ ၂၂ သို့

# ဗန်းမော်၊ မိုးညှင်း၊ မြိတ်၊ မိုင်းတုံနှင့် မူဆယ်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၂၃**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဧပြီ ၂၂ ရက် နံနက် ၉ နာရီတွင် ဗန်းမော်မြို့ ရွှေပြည်သာရပ်ကွက်တွင် ထက်မြက်ဆွေ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀ နှင့် ဆေးပြားအကြေ ၀ ဒသမ ၀၀၂၈ ကီလိုတို့ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ ညနေ ၄ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် မိုးညှင်းမြို့နယ် နန့်ပုတ်ကျေးရွာအနီးတွင် ဝင်းနိုင်ဦး မောင်းနှင်ပြီး မျိုးသူ လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၀ ဒသမ ၀၆ ကီလိုကိုလည်းကောင်း။

## မြိတ်မြို့နယ်

ထို့အတူ ယင်းနေ့ မွန်းလွဲ ၁ နာရီခန့်တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြိတ်မြို့နယ် ကလွင်ကျေးရွာအနီး မြို့ပတ် (၂)လမ်းတွင် မသင်္ကာဖွယ်တွေ့ရှိသူ ထွန်းမင်းလတ် (ခ) ဝက်ကြီးကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၂၂ ပြား သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ စန္ဒဝတ်ကျေးရွာနေ ထက်ပိုင်မျိုး၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ဇော်မင်းစိုး(ခ) ဂျာလာလူဒင်ကို တွေ့ရှိရကာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၉၅ ပြား၊ အိုက်စ် ၀ ဒသမ ၂၁၅ ကီလိုနှင့် မော်တော်ဆိုင်ကယ် တစ်စီးတို့ကို လည်းကောင်း။

## မိုင်းတုံမြို့နယ်

ထို့ပြင် ဧပြီ ၂၀ ရက် နံနက်ပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းတုံမြို့နယ် ပါချီးကျေးရွာအနီးတွင် အဲသဲ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၀၀၊ ဘိန်းစိမ်း ၀ ဒသမ ၃၂၆ ကီလိုနှင့် ဘိန်းဖြူ ၀ ဒသမ ၀၁၅ ကီလိုတို့ကို လည်းကောင်း၊ ထို့အတူ ဧပြီ ၂၂ ရက် ညပိုင်းတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့နယ် နောင်လောင်းကျေးရွာ အနီးရှိ ဇော်မျိုးအောင် (ခ)ကိုအောင်၏ တောင်ယာတဲသို့ ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ ၀ ဒသမ ၀၇ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ တို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**




ထွန်းမင်းလတ်(ခ)ဝက်ကြီး၊ ထက်ပိုင်မျိုး၊ ဇော်မင်းစိုး(ခ)ဂျာလာလူဒင်တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

*စာမျက်နှာ ၂၁ မှ*



ဒေါက်တာ ညီပေါင်းစံ(တန့်ယန်းမြို့နယ်ပြည်သူ့ဆေးရုံ)ဆေးကုသနေသည့် အထွေထွေရောဂါကုဆေးခန်းမှတ်တမ်းဓာတ်ပုံ



ဒေါက်တာ ညီပေါင်းစံ



ဒေါက်တာ မွေးမွေးဝင်း(လက်ထောက်ဆရာဝန်၊ဘားအံပြည်သူ့ဆေးရုံ) ဖွင့်လှစ်ထားသည့် အမည်မရှိ ဆေးခန်းမှတ်တမ်းဓာတ်ပုံ



ဒေါက်တာ မွေးမွေးဝင်း




ဒေါက်တာ ဆက်ဆက်ဟေမာန်(လ/ထ ဆရာဝန်၊ မြဝတီပြည်သူ့ဆေးရုံ) ဆေးကုသခွင့်ပေးထားသည့် "အောင်"ဆေးခန်းနှင့်ဆေးဆိုင် မှတ်တမ်းဓာတ်ပုံ



ဒေါက်တာ ဆက်ဆက်ဟေမာန်



ဒေါက်တာ ဆန်းမြင့်နိုင်(နမ့်ခမ်းပြည်သူ့ဆေးရုံ) ဆေးကုသနေသည့် ဆေးခန်းမှတ်တမ်းဓာတ်ပုံ



ဒေါက်တာ ဆန်းမြင့်နိုင်

အဆိုပါအမှုဖွင့်လှစ်ထားသော ဆရာဝန်များအား ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိရာ လက်ခံထားသူများအား တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည့်အပြင် ၎င်းတို့ကိုလက်ခံ၍ ဆေးကုသခွင့် ပေးထားသည့် ပြင်ပပုဂ္ဂလိက ဆေးရုံ/ ဆေးခန်းများကိုလည်း လုပ်ငန်းလိုင်စင်ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း၊ ဆေးရုံ/ဆေးခန်းပိုင်ရှင်များကိုလည်း တရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မည်သည့် ကျန်းမာရေးဝန်ထမ်းမဆို တာဝန်ကျရာဆေးရုံများ၌ CDM လှုပ်ရှားမှုတွင် ပါဝင်ကာ မူလတာဝန်များထမ်းဆောင်ခြင်းမရှိဘဲ အခြားပြင်ပပုဂ္ဂလိက ဆေးရုံ/ ဆေးခန်းများသို့ သွားရောက်၍ အခကြေးငွေရယူ ဆေးကုသခြင်း၊ ကူညီလုပ်ဆောင်ခြင်းများ ပြုလုပ်ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများအား လက်ခံထားသည့် ပုဂ္ဂလိက ဆေးရုံ/ ဆေးခန်းပိုင်ရှင်များအား CDM လှုပ်ရှားမှု၌ ပါဝင်သူများကို ထောက်ခံအားပေးခြင်းအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

**❖ ခေတ်သစ်နယ်ချဲ့အလိုကျ ရှုးရှုးနှမ်းနှမ်း လိုက်ပါမိရင် ဘဝတွေ ကြွေလွင့်ကြရမယ်။ မကောင်းမှု ရှောင်ကာ ကောင်းမှု ဆောင်နိုင်ကြပါစေ။ စိတ်ဖြူ နှုတ်ဖြူ - အလုပ်ဖြူတဲ့ လူငယ်တွေ။**




# ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ လင်းခေးခရိုင်ရှိ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် တွေ့ဆုံ

**နမ့်စန် ဧပြီ ၂၃**

ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းသည် အဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် ပြည်နယ်အဆင့် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဧပြီ ၁၉ ရက်က နမ့်စန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ လင်းခေးခရိုင်ရှိ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိုင်ငံတော်က ပေးအပ်သော တာဝန်ကို ဒေသတွင် အားလုံးပူးပေါင်း ဆောင်ရွက်နိုင်ရန် လာရောက်ကွင်းဆင်းရခြင်းဖြစ်ကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများ မလုပ်ရသေးပါက သက်ဆိုင်ရာ အဖွဲ့ဝင်များအား တင်ပြ၍ အမြန်ဆုံးပြုလုပ်ပေးကြရန်၊ နယ်မြေဒေသ အေးချမ်းတည်ငြိမ်ရေးနှင့် လုံခြုံရေးကိစ္စရပ်များကို တိုင်းစစ်ဌာနချုပ်တိုင်းမှူးများနှင့် ဆောင်ရွက်နေပါကြောင်း၊ ပြည်နယ်/ခရိုင်/မြို့နယ်များတွင်လည်း စီမံအုပ်ချုပ်ရေးအဖွဲ့တွင် ပါဝင်သည့် သက်ဆိုင်ရာ အဖွဲ့များကလည်း ပါဝင်ဆောင်ရွက်နေကြောင်း၊ ယခုအချိန်တွင် ရှမ်းပြည်နယ်သည် တည်ငြိမ်အေးချမ်းလာပြီဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှင့် ပတ်သက်၍ သက်ဆိုင်ရာ မြို့နယ် တာဝန်ရှိသူများက ဆေးမထိုးရသေးသည့်သူများ ရှိပါက ဆေးထိုးနိုင်ရန် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရန်၊ ဟိုတယ်နှင့် ခရီးသွားလာနိုင်ရေးအတွက်လည်း ဆောင်ရွက်နေကြောင်း၊ မကြာမီအချိန် ကျောင်းများပြန်လည်ဖွင့်တော့မည်ဖြစ်၍ စာသင်ကျောင်းများ ပကတိကောင်းမွန်ရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူးများက ဆောင်ရွက်ပေးကြရန်နှင့် ယခုတွေ့ဆုံပွဲကို ပြုလုပ်ပေးကြသည့် တာဝန်ရှိသူများကို ကျေးဇူးတင်ရှိပါကြောင်း၊ ယင်းတွေ့ဆုံပွဲတွင် ပြည်နယ်အဆင့် သက်ဆိုင်ရာဌာနများ ပါလာသဖြင့် လုပ်ငန်းနှင့် ပတ်သက်၍ တင်ပြကာ လုပ်ငန်းများ အောင်မြင်နိုင်ရန် ပူးပေါင်းဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက လင်းခေးခရိုင်နှင့် ပတ်သက်၍ ဒေသဆိုင်ရာ လုပ်ငန်း ဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြပြီး ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက ရှင်းလင်းကြကာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းက နိဂုံးချုပ်အမှာစကားပြောကြားသည်။

ထို့နောက် လင်းခေးခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့များအား ထောက်ပံ့ငွေ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ထောက်ပံ့ငွေများကို ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် အတွင်းရေးမှူးတို့က ပေးအပ်ရာ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များက လက်ခံယူကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**




# စိုက်ပျိုးရေရရှိရေး၊ လျှပ်စစ်မီးလင်းရေး၊ မြစ်ရေတင် လုပ်ငန်းများကို ဆိုလာစနစ်ဖြင့် အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်မည်

**မကွေး ဧပြီ ၂၃**

မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးတင့်လွင်နှင့် မင်းဘူးခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၊ မင်းဘူးခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ တွေ့ဆုံပွဲကို ဧပြီ ၂၁ ရက်က မင်းဘူးမြို့ မြို့နယ်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက CDM လှုပ်ရှားမှုသည် နိုင်ငံဖျက်သည့် လှုပ်ရှားမှုဖြစ်ကြောင်း၊ CDM လှုပ်ရှားမှုကို Country Destructive Movement ဟု ပြောလိုကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် နိုင်ငံတကာတွင်လည်း ဆန္ဒပြမှုများရှိသော်လည်း စီးပွားရေးလုပ်ငန်းများ ပျက်စီးအောင် မလုပ်ဆောင်ကြကြောင်း၊ မိမိတို့နိုင်ငံ၌ ဆေးရုံ၊ ကျောင်း၊ လမ်း၊ ရုံးဌာနများ၊ စက်ရုံ/အလုပ်ရုံများ လည်ပတ်၍မရအောင်၊ CDM ဆောင်ရွက်မှုသည် တိုင်းပြည်ပျက်စီးအောင် ဆောင်ရွက်ခြင်းသာဖြစ်ကြောင်း၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာရေး၊ ပညာရေးကဏ္ဍများကိုလည်း အဓိကထားဆောင်ရွက်ပေးရန်နှင့် ကိုဗစ်-၁၉ ကြောင့် ဖွင့်လှစ်နိုင်ခြင်းမရှိသည့် အခြေခံကျောင်းများအပါအဝင် တက္ကသိုလ်ကျောင်းများကိုလည်း အမြန်ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေရရှိရေး၊ လျှပ်စစ်မီးလင်းရေး၊ မြစ်ရေတင် လုပ်ငန်းများကို ဆိုလာစနစ်ဖြင့် အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း ပြည်တွင်းပြည်ပမှ ခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်လာစေရေးအတွက် ခရီးသွားလုပ်ငန်းကဏ္ဍများ တိုးတက်လာစေရေး ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ကျရာ အခန်းကဏ္ဍများအလိုက် နိုင်ငံ့ဝန်ထမ်းကောင်းပီသစွာဖြင့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်သွားကြရန်၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ နေထိုင်ကြရန် မှာကြားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးအဖွဲ့ဝင် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးလှိုင်တင့်က နယ်မြေလုံခြုံရေးနှင့် တရားဥပဒေ စိုးမိုးရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးမှာကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းဇော်ကံက မင်းဘူး(စကု) မြို့နယ် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး ဒေသဆိုင်ရာ အချက်အလက်များအား ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် စကုမြို့ မြို့မစည်ပင်သာယာဈေးကို အဆင့်မြှင့်တင်၍ ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်ရန်အတွက် စကုမြို့မစည်ပင်သာယာဈေးအတွင်း ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားပြီး စကုမြို့ ပုညရှင်ဘုရားသို့ သွားရောက်ဖူးမြော်ကာ ဘုရားကြီးအား ရှေးမူလက်ရာ မပျက်ပြန်လည်ပြုပြင်နိုင်ရေးအတွက် တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း၊ ဆက်လက်၍ မင်းဘူးမြို့ မြို့မအထက်တန်းကျောင်းခွဲ ကျောင်းဆောင် သစ်ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကာ ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူတို့အား လိုအပ်သည်များ မှာကြားကြောင်း သိရသည်။

၁၄၃

# ပဲခူးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်း ငါးသားပေါက်များ မွေးမြူထုတ်လုပ်နေမှု ကြည့်ရှုစစ်ဆေး


ငါးသားပေါက်များ ထုတ်လုပ်နေမှုအား ကြည့်ရှုစစ်ဆေးနေစဉ်

**ပဲခူး ဧပြီ ၂၃**

ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းနှင့်အဖွဲ့သည် ဧပြီ ၂၂ ရက်က ပဲခူးမြို့နယ်၊ ဘုရားကြီးမြို့၊ အမှတ်(၁) ရပ်ကွက်ရှိ ရွှေပြည်အေးကံထူးကျောင်းတိုက်၌ ဖွင့်လှစ်သင်ကြားနေသည့် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းသို့ သွားရောက်ကြည့်ရှု အားပေးခဲ့သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ရွှေပြည်အေးကံထူးကျောင်းတိုက် ကျောင်းထိုင်ဆရာတော်ထံသို့ ဆန်၊ ဆီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ပြီး ဖွင့်လှစ်သင်ကြားနေသည့် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်း ဖွင့်လှစ်သင်ကြားနေမှုအား ကြည့်ရှုအားပေးကာ သင်တန်းတက်ရောက်နေသည့် ကလေးများအတွက် အာဟာရမုန့်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနရုံးရှိ ငါးသားပေါက်စခန်းသို့ ရောက်ရှိခဲ့ပြီး စခန်းတာဝန်ခံ ဦးသူရမိုး မှ ငါးမြစ်ချင်း၊ ငါးခုံးမ၊ ခေါင်းပွငါးကြင်း၊ ငါးကြင်းဖြူ၊ တီလားပီးယား၊ ငွေရောင်ငါးကြင်း၊ ရွှေဝါငါးကြင်း၊ တောင်ပေါ်ငါးသလောက်များအား မြစ်ချောင်းများတွင် ဒေသငါးမျိုးများ စိုက်ထည့်မည့် အစီအမံအား ရှင်းလင်းတင်ပြခဲ့ရာ ပဲခူးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းက လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ပြီး ငါးသားပေါက်များ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ပဲခူးမြို့၊ ဟံသာဝတီရပ်ကွက်ရှိ ရှေးဟောင်းဂဝံသံပတ်စေတီတော်မြတ်ကြီး တည်ဆောက်နေမှုအား သွားရောက်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**တင်စိုး(ပဲခူး)**

# မီးညွန့် ကျိုးလု

**ထွန်းထွန်း (ခရေရိပ်)**

ဒီမိုကရေစီ၏ အသက်သည် ရွေးကောက်ပွဲများဖြစ်ပြီး လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရန်၊ ဒီမိုကရေစီ အန္တရာယ် မကျရောက်ရန်မှာ အစိုးရတစ်ရပ်က မဖြစ်မနေ ဖော်ဆောင်ပေးရမည့် လုပ်ငန်းစဉ် ဖြစ်သည်။ ထို့အတူ နိုင်ငံရေးတွင် စစ်မှန်ရိုးသားသည့် နိုင်ငံရေးဖြစ်ရန်၊ အခွင့်အရေး တန်းတူညီမျှသည့် ယှဉ်ပြိုင်မှုတစ်ခုဖြစ်ရန် လိုအပ်လှသည်။

NLD ပါတီက ဒီမိုကရေစီကို အရေခြုံပြီး တစ်ပါတီ စိုးမိုးချုပ်ကိုင်ရေး၊ မသမာ နည်းလမ်းများဖြင့် ရွေးကောက်ပွဲအနိုင်ရရှိရေးအတွက် မဲမသမာမှုများကို ဆောင်ရွက်ခဲ့ပြီး မြို့နယ် ၃၁၅ မြို့နယ်တွင် မဲသမာမှုဟု ယူဆရသည့် အရေအတွက် ၁၀ သန်းကျော် စစ်ဆေးတွေ့ရှိခဲ့ကြောင်း သတင်းထုတ်ပြန်ထားသည်ကို အားလုံးသိရှိပြီး ဖြစ်သည်။

**ရွေးကောက်ပွဲတစ်ခု၏ အနှစ်သာရပျောက်ဆုံးခဲ့**

မဲစာရင်း ဖောင်းပွအောင်လုပ်ဆောင်မှုကြောင့် ဒီမိုကရေစီနည်းကျ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲတစ်ခု၏ အနှစ်သာရပျောက်ဆုံးခဲ့ရသည်။ ရိုးရိုးသားသားဖြင့် လုပ်ဆောင်လျှင် ရွေးကောက်ပွဲတွင် အနိုင်ရရှိနိုင်မည်ဖြစ်သော်လည်း မတန်တဆဂုဏ်ထူးမှတ် လိုချင်သည့်အတွက် အောင်မြင်မှုနှင့် လွဲချော်ခဲ့ရခြင်းဖြစ်သည်ဟုလည်း ရှုမြင်မိပါသည်။

တပ်မတော်က မဲမသမာမှုများ၊ အဓမ္မနည်းဖြင့် ဥပဒေချိုးဖောက်မှုများ မပြုလုပ်သင့်ကြောင်း အကြိမ်ကြိမ်သတိပေး ပြောဆိုခဲ့သော်လည်း လျစ်လျူရှုကာ ရှေ့ဆက်တိုးနေခဲ့သည်။ ဥပဒေကို ကျော်လွန်၍ ဆောင်ရွက်ကြသည့်အခါ ယခုလို မထွေးနိုင် မအန်နိုင် အခြေအနေများ ဖြစ်လာရတော့သည်။

မြန်မာနိုင်ငံအနေဖြင့် ဆယ်စုနှစ် နှစ်ခုအကြာမှ ပြန်လည်ကျင်းပခဲ့ရသည့်၊ ပထမဆုံး အတွေ့အကြုံဟုလည်း ပြော၍ရသည့် ၂၀၁၀ ရွေးကောက်ပွဲနှင့် ၂၀၁၅ ခုနှစ် ပါတီစုံ ဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အသီးသီးက အောင်အောင်မြင်မြင် စီမံဆောင်ရွက်ပေးနိုင်ခဲ့သည်။

တပ်တွင်းမဲရုံများကို တပ်ပြင်ပတွင် ထားရှိဆောင်ရွက်စေသည်ကိုလည်း ရွေးကောက်ပွဲအောင်မြင်ရေးကိုသာ ရှေးရှု၍ တပ်မတော်က သဘောတူလိုက်လျော ဆောင်ရွက်ခဲ့သည်။ ရွေးကောက်ပွဲရလဒ်အရ အနိုင်ရပါတီကို အာဏာလွှဲအပ်ပြီး မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုခရီးလမ်းသည် သွေးထွက်သံယိုမရှိ သိမ်မွေ့ညင်သာခဲ့သည်ကိုလည်း အားလုံး အသိပင်ဖြစ်သည်။

၂၀၂၀ အထွေထွေရွေးကောက်ပွဲကို ထိုသို့ပင် ယုံကြည်မျှော်လင့်ခဲ့ကြသော်လည်း ရွေးကောက်ပွဲမတိုင်ခင် တစ်ရက်အလို နိုဝင်ဘာ ၇ ရက်အထိ မဲလက်မှတ်များ အပေးအယူ၊ အသွင်းအထုတ် မငြိမ်သေးဘဲ မဲပေးရေးလုပ်ငန်းစဉ်သည် ပြေပြစ်ချောမွေ့မှုမရှိ ရှုပ်ထွေး ပွေလီခဲ့သည်။

**တစ်ဖက်သတ် အခွင့်အရေးယူ**

ရွေးကောက်ပွဲအကြို မဲဆွယ်စည်းရုံးရေးကာလတွင် ကိုဗစ်-၁၉ ကို အကြောင်းပြကာ အခြား ပါတီများကို ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီသာ မဲဆွယ်ရန် ကန့်သတ်ခဲ့သော်လည်း အင်အားကြီးပါတီလည်းဖြစ်၊ အာဏာရပါတီလည်းဖြစ်သည့် NLD သည် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ မျက်နှာသာပေးမှုကိုရရှိခဲ့ပြီး တစ်ဖက်သတ် အခွင့်အရေးယူကာ မဲအနိုင်ရရှိရေးကို လူစုလူဝေးဖြင့် စည်းရုံး ဆောင်ရွက်ခဲ့သည်။

**အငြင်းပွားမှုများ ဆက်တိုက်ဖြစ်ပေါ်ခဲ့ရ**

ရွေးကောက်ပွဲကာလတွင်လည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် နိုင်ငံရေးပါတီများအကြား အငြင်းပွားမှုများ ဆက်တိုက်ဖြစ်ပေါ်ခဲ့ရပြီး ကန့်ကွက်လွှာတင်သွင်းထားသည့် အမှုပေါင်း ၂၁၇ မှုရှိခဲ့သည်။ ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး တရားမျှတမှု ရှိစေရေး ဖြေရှင်းပေးရန် နိုင်ငံရေးပါတီများ အနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ တောင်းဆိုမှုများ အကြိမ်ကြိမ် ပြုလုပ်ခဲ့သော်လည်း ဆောင်ရွက်ပေးခြင်း မရှိခဲ့ချေ။

**သတိပေးချက်များ အကြိမ်ကြိမ် ထုတ်ပြန်ခဲ့**

ရွေးကောက်ပွဲ အလွန်ကာလတွင်လည်း မဲမသမာမှုများကြောင့် ပြစ်တင်ဝေဖန်မှုများ ထွက်ပေါ်ခဲ့ရပြီး တပ်မတော်က ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲနှင့် ပတ်သက်၍ တရားမျှတမှု ရှိစေရေးအတွက် စိစစ်ဆောင်ရွက်ပေးရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ တောင်းဆိုမှုများ၊ ကြေညာချက်၊ သတိပေးချက်များ အကြိမ်ကြိမ် ထုတ်ပြန်ခဲ့သည်။

မဲမသမာမှုသံသယရှိစရာများ တွေ့လာရသည့်အတွက် စစ်ဆေးပေးရန် တောင်းဆိုခဲ့သော်လည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ငြင်းဆန်ခဲ့သည်။ ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေး ခေါ်ယူ၍ ဖြေရှင်းပေးရန် တင်ပြခဲ့သည်ကိုလည်း သမ္မတက ငြင်းပယ်ခဲ့သည်။

**လွှတ်တော်ကို ဇွတ်ခေါ်ရန် စီမံခဲ့**

ထိုကဲ့သို့ နိုင်ငံရေးပါတီများ၊ ပြည်သူများ မကျေမနပ် မယုံမကြည်ဖြစ်နေသည့် အခြေအနေများကို လျစ်လျူရှုကာ မတရားအဓမ္မအာဏာရယူရန် ဖေဖော်ဝါရီ ၁ ရက်တွင် လွှတ်တော်ကို ဇွတ်ခေါ်ရန် စီမံခဲ့ပြန်သည်။

ထို့ကြောင့် ယာယီသမ္မတ တာဝန်ပေးချက်အရ အရေးပေါ် အခြေအနေကြေညာပြီး နိုင်ငံတော်တာဝန်ကို တပ်မတော်က မလွှဲမရှောင်သာ ထိန်းသိမ်းလိုက်ရသည်။ စစ်မှန်သည့် ဒီမိုကရေစီ ဖြစ်စေရေး၊ စည်းကမ်းရှိပြီး ခိုင်မာသည့် ဒီမိုကရေစီဖြစ်စေရေးအတွက် ခေတ္တတာဝန်ယူ ထိန်းသိမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီက ထုတ်ပြန်ထားသည်။

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက် အထွေထွေရွေးကောက်ပွဲသည် ၂၀၁၀ နှင့် ၂၀၁၅ ခုနှစ်တွင် ကျင်းပပေးခဲ့သော ရွေးကောက်ပွဲများ၊ ကြားဖြတ်ရွေးကောက်ပွဲများနှင့် လုံးဝ ကွဲပြားခြားနားစွာ ဆန္ဒမဲလက်မှတ်များ ပိုနေခြင်း၊ ပျောက်ဆုံးခြင်း၊ ဥပဒေမဲ့ နှစ်ကြိမ်၊ သုံးကြိမ် ဆန္ဒမဲပေးခြင်းများကြောင့် မဲစာရင်းကွာခြားချက်အရေအတွက် ၁၀ သန်းမျှ ပေါ်ထွက်လာခဲ့သည်။

ယခုလက်ရှိအချိန်၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် တာဝန်ထမ်းဆောင်နေသူနှင့် တာဝန်ရှိခဲ့ကြသူများကို စစ်ဆေးချက်များအရ ၂၀၂၀ အထွေထွေရွေးကောက်ပွဲ မဲမသမာမှုများ၊ မတရားမှု၊ ဥပဒေဖောက်ဖျက် ကျူးလွန်မှုများစွာကို အထင်အရှား ပေါ်ပေါက်လာခဲ့ရသည်။

သို့သော် တပ်မတော်က နိုင်ငံတော်တာဝန်ကို ရယူလိုက်သည့် အခြေအနေကို ဆုပ်ကိုင်ကာ ကိုယ်ကျိုးရှာလိုသူ၊ NLD ပါတီကို ထောက်ခံသူ အစွန်းရောက်များ၏ သွေးထိုးမြှောက်ပင့် ပေးမှုများကြောင့် ဆူပူအုံကြွမှုများ ပေါ်ပေါက်လာခဲ့ရသည်။ အစိုးရ၏ အုပ်ချုပ်ရေး ယန္တရား ရပ်ဆိုင်းစေရန် သွေးထိုးလှုံ့ဆော်သူတို့ အလိုကျ နိုင်ငံ့ဝန်ထမ်းအချို့သည် အာဏာဖီဆန်ရေး လှုပ်ရှားမှု (CDM) တွင် ပါဝင်ခဲ့သည်။

ဂျန်နရေးရှင်းဇက်ဟု ခေါ်သည့် လူငယ်လူရွယ် ဆယ်ကျော်သက်များသည် နွေဦး တော်လှန်ရေးဟု ခေါင်းစဉ်တပ်ထားသည့် လူထုအုံကြွမှု ရေ့တန်းသို့ မြှောက်ပင့် တွန်းပို့ ခံလိုက်ရသည်။ လူငယ်တို့၏ စူးစမ်းလိုစိတ်၊ စွန့်စားလုပ်ကိုင်စိတ်ကို အသုံးချကာ ဆန္ဒပြရာမှ ဆူပူ အကြမ်းဖက်မှုများ ၊ ဥပဒေမဲ့ မီးရှို့၊ လူသတ်၊ ဗုံးခွဲ၊ မိုင်းထောင်၊ အုပ်စုဖွဲ့ အနိုင်ကျင့်စသည့် ကြမ်းတမ်းရက်စက်မှုများအထိ ပြုလုပ်လာခဲ့ကြသည်။

**မီးကြွင်းမီးကျန်များ ငြိမ်းသတ်နေရဆဲ**

ထိုသို့သော မင်းမဲ့စရိုက်ဆန်စွာ လုပ်ဆောင်နေမှု အခြေအနေများက တရားဥပဒေ ဘောင်အတွင်းမှ ငြိမ်းချမ်းစွာနေထိုင်လိုသူ ပြည်သူများကို မလုံခြုံမှု၊ စိုးရိမ်ထိတ်လန့်မှုများ ဖြစ်ပေါ်စေသည့်အတွက် တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူတို့၏ အသက် အိုးအိမ်စည်းစိမ်နှင့် အကျိုးစီးပွားအလို့ငှာ ကာကွယ်တားဆီးခဲ့ရသည်။

ပြည်သူတို့ကိုယ်တိုင် ရွေးကောက်တင်မြှောက်လိုက်သည့် အစိုးရတစ်ရပ်၏ ခေါင်းမာမှု၊ တဇွတ်ထိုးဆန် အမြော်အမြင်နည်းမှုကြောင့် ရရှိခဲ့သည် ရလဒ်ဟုပင် ဆိုရပေလိမ့်မည်။ သို့သော် ယခုအခါ မီးညွန့်ကျိုးလုနေပြီဖြစ်သည်။ မည်သို့ပင်ဖြစ်စေ မီးကြွင်းမီးကျန်များကိုမူ ငြိမ်းသတ်နေရဆဲ။ ။

> ❖ **မင်းမဲ့စရိုက်ဆန်စွာ လုပ်ဆောင်နေမှု အခြေအနေများက တရားဥပဒေဘောင်အတွင်းမှ ငြိမ်းချမ်းစွာနေထိုင်လိုသူ ပြည်သူများကို မလုံခြုံမှု၊ စိုးရိမ်ထိတ်လန့်မှုများ ဖြစ်ပေါ်စေသည့်အတွက် တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်နှင့် အကျိုးစီးပွားအလို့ငှာ ကာကွယ်တားဆီးခဲ့ရသည်**

## အငြိမ်းစားဝန်ထမ်းများအား (၄/၂၀၂၁)လအတွက် ပင်စင်လစာငွေများ ပုံမှန်ထုတ်ပေးလျက်ရှိ

**တနင်္သာရီ ဧပြီ ၂၃**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ် မြန်မာ့စီးပွားရေးဘဏ်၌ ဧပြီ ၂၃ ရက် နံနက် ၈ နာရီမှ မွန်းလွဲ ၂ နာရီအတွင်း အငြိမ်းစားဝန်ထမ်း ၅၄ ဦးတို့က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ ပင်စင်လစာငွေများကို ပုံမှန်အေးချမ်းစွာလာရောက်ထုတ်ယူခဲ့ကြကြောင်း သိရှိရသည်။

ဧပြီ ၂၂ ရက်က ဦးရေ ၉၀ လာရောက်ထုတ်ယူခဲ့ကြောင်း မြို့နယ်အတွင်း (၄/၂၀၂၁)လအတွက် အငြိမ်းစားဝန်ထမ်း ဦးရေပေါင်း ၁၂၄ ဦးရှိကြောင်းနှင့် အငြိမ်းစားလစာငွေများကို လကုန်ရက်အထိ ဘဏ်ဖွင့်ရက်များ၌ နေ့စဉ် နံနက် ၈ နာရီမှ မွန်းလွဲ ၂ နာရီ အထိ ကိုဗစ်-၁၉ လမ်းညွှန်ချက်များနှင့်အညီ ဆက်လက်ထုတ်ပေးသွားမည်ဖြစ်သဖြင့် ပင်စင်များမှ မိမိကြိုက်နှစ်သက်ရာနေ့တွင် စိတ်အေးချမ်းသာစွာ လာရောက်ထုတ်ယူနိုင်ပါကြောင်း မြို့နယ်မြန်မာ့စီးပွားရေးဘဏ်မှ သိရှိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# ရေထွက်ကုန်ပစ္စည်းနေ့စဉ်တင်ပို့ရာ မြန်မာပြည်တောင်ဘက်စွန်းက ကော့သောင်းမြို့

မြန်မာပြည်တောင်ဘက်စွန်းမြို့ဖြစ်သော ကော့သောင်းမြို့မှ ထိုင်းနိုင်ငံ ရနောင်းမြို့ငါးဈေးကွက်သို့ ပျမ်းမျှအားဖြင့် နေ့စဉ်ငါးဖမ်းစက်လှေစင်းရေ ၃၀ ခန့်ဖြင့် ရေထွက်ကုန်များကို တင်ပို့လျက်ရှိရာ ၂၀၂၀-ပြည့်နှစ် အောက်တိုဘာလ ၁ ရက်မှ ၂၀၂၂ ခုနှစ် ဧပြီလ ၆ ရက်အထိ တန်ချိန် ၁၉၆,၆၀၀ ကျော်တင်ပို့နိုင်ခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၆၆ သန်းကျော်ရရှိလျက် ကုန်စည်စီးဆင်းလျက်ရှိသည်။



ငါးဖမ်းစက်လှေများဆိုက်ကပ်ရာ ကော့သောင်းဆိပ်ကမ်းတစ်နေရာကို တွေ့ရစဉ်။

**တန်ဖိုးမြင့်ရေထွက်ကုန်များတင်ပို့ခဲ့**

ရာသီဥတုပြောင်းလဲမှုကြောင့် ပင်လယ်ပြင်၌ ငါးအထိအမိ နည်းလာလျက်ရှိပြီး ဒီဇင်ဘာ ၂၀ ရက်မှ မတ်လကုန်အထိ ငါးဖမ်းဆီးမှုများ၍ ဧပြီလကုန်လျှင် ကမ်းဝေးဖမ်းဆီးမှု နားရမည်ဖြစ်ရာ ငါးဖမ်းရာသီပိတ်ချိန်ဖြစ်သောကြောင့် နှစ်ဆန်းပိုင်းတွင် ကမ်းနီးကမ်းဝေး ငါးဖမ်းဆီးမှုများခြင်းဖြစ်သည်။ ယခုနှစ်ထူးခြားချက်မှာ ငါးဖမ်းစက်လှေတစ်စင်းလျှင် ပျမ်းမျှကီလို ၁၀၀၀ ဖမ်းဆီးရမိသော စက်လှေတို့မှာ ကီလို ၆၀၀ခန့်သာဖမ်းဆီးရရှိသောကြောင့် ရေထွက်ကုန်တင်ပို့မှု ကီလို ၆၀၀၀ ခန့်လျော့ကျသွားကြောင်း၊၂၀၁၉-၂၀၂၀ မတ်လကုန်အထိ ၆ လတာထက်၂၀၂၀-၂၀၂၂ ခုနှစ် မတ်လ ၆ လတာအထိ ရေထွက်ကုန် တင်ပို့မှု ကီလို ၆၀၀၀ ခန့်လျော့ကျသွားသော်လည်း ဝင်ငွေအမေရိကန်ဒေါ်လာတစ်သန်းကျော် ပိုမိုရရှိခဲ့သည်။ ထိုသို့ရရှိခြင်းမှာ ရန်ကုန်တွင်ရှိသောတန်ဖိုးမြင့် ကင်းမွန်နှင့်ကဏန်းရေထွက်ကုန်ပစ္စည်းများ ထိုင်းနိုင်ငံသို့ တင်ပို့နိုင်ခဲ့သောကြောင့်ဖြစ်သည်။

**ဝယ်လိုအားမြင့်၍ဝင်ငွေပိုရလာ**

ကော့သောင်းမှ ရေထွက်ကုန်များ တင်ဆောင်သည့် စက်လှေများတစ်ရက်လျှင် ပျမ်းမျှ စင်းရေ ၃၀ ခန့်ဖြင့် တစ်စင်းလျှင် တန်ချိန် ၁၀၀၀၊ တစ်ရက်လျှင် အမေရိကန်ဒေါ်လာ ၉သောင်းကျော် တင်ပို့လျက်ရှိသည်။ "တစ်ရက်ကို စက်လှေ စင်းရေ ၃၀၊ တစ်စင်းတန်ချိန် ၁၀၀၀ နဲ့ အမေရိကန်ဒေါ်လာ ၉၀၀၀၀ ကျော်ဖိုး ရေထွက်ပစ္စည်း တင်ပို့ပါတယ်။ အောက်တိုဘာ ၁ ရက်ကနေ မတ်လ ၃၀ ရက်နေ့အထိ ဆိုရင် အမေရိကန်ဒေါ်လာ ၁၆၂ သန်းကျော်တင်ပို့ထားတယ်။ ဧပြီ ၆ ရက်နေ့အထိဆိုရင် ကုန်ချိန် ၁၉၆၆၀၀ ကျော်တင်ပို့နိုင်တဲ့အတွက် အမေရိကန်ဒေါ်လာ၁၆၆ ဒသမ ၈၁၈သန်းကျော်ရရှိပါတယ်။ ထိုင်းနိုင်ငံကို အများဆုံးတင်ပို့တာက ပလာတူး၊ ပလာလန်း၊ ကင်းမွန်၊ ကဏန်းမည်း၊ ပုစွန်တင်ပို့တယ်။ အများဆုံးဂေါ်ထိုးငါးကို ဝယ်တယ်။ ရာသီဥတုကြောင့် ငါးအထိအမိနည်းလာပေမယ့် တစ်ဖက်ကဝယ်လိုအားမြင့်လာတဲ့အတွက် ပို့ကုန်လျော့ပေမယ့်ဝင်ငွေပိုရလာတယ်လို့ ဆိုရမှာပါ"ဟု ကော့သောင်းခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီးမှူး ဦးသန့်ဇင်က ပြောကြားသည်။

**နှစ်သစ်ကူးပွဲတော်နှင့်ငါးစားပွဲတော်**

ထိုင်းနိုင်ငံ ရနောင်းမြို့၊ ဆဖန်ဖလားရေထွက်ကုန်စည်ဒိုင်သို့ ကော့သောင်းမှနေ့စဉ် ငါးဖမ်းစက်လှေများဖြင့် တင်ပို့လျက်ရှိပြီး ကော့သောင်းတွင် ကမ်းဝေးငါးဖမ်းစက်လှေ ၁၉၃ စင်းနှင့် ကမ်းနီးငါးဖမ်း စက်လှေ ၁၃၀၀ ကျော်ရှိရာ ကမ်းနီးငါးဖမ်းစက်လှေ ၁၃၀၀ ကျော်တွင် စက်လှေ ၈၀၀ မှာ လုပ်ငန်းခွင်ဝင်ရောက်လျက်ရှိသည်။ ထိုင်းနိုင်ငံသို့ဖေဖော်ဝါရီလနှင့် မတ်လများတွင် ရေထွက်ကုန်အများဆုံး တင်ပို့ရသော လများဖြစ်ပြီး ဒီဇင်ဘာလနှောင်းပိုင်းနှင့် ဇန်နဝါရီလ ဆန်းပိုင်း၌ ရနောင်းတွင် နှစ်သစ်ကူးပွဲတော်နှင့် ငါးစားပွဲတော် (ပီမန်ပွဲတော်)ရှိသောကြောင့် တစ်ရက်လျှင်စက်လှေ ၁၅ စင်းခန့် ကုန်စည်စီးဆင်းမှု ရှိသည်။

**နိုင်ငံတော်အတွက်ဝင်ငွေပိုရနိုင်**

ထိုင်းနိုင်ငံမှ ဂေါ်ထိုးငါးဟုခေါ်သော ဗိုက်ပေါက်၊ ခေါင်းကြေနှင့် ငါးအကြေတို့ကို အများဆုံးဝယ်ယူပြီး စက်ဖြင့်ကြိတ်၍ ကုန်ချောအဖြစ် မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများသို့ ပြန်လည်တင်ပို့လျက်ရှိရာ ကော့သောင်းတွင် ငါးကြိတ်သော ကုန်ချောစက်ရုံမရှိသောကြောင့် အနည်းငယ်ပျက်စီးသော ရေထွက်ကုန်တို့ကို သတ်မှတ်ဈေးအတိုင်း ဂေါ်ထိုးငါးအဖြစ် ပြန်လည်ရောင်းချလျက်ရှိသည်။ "ကော့သောင်းမြို့ဟာ ပင်လယ်ထွက်ပေါက်ရဲ့ နောက်ဆုံးမြို့လည်းဖြစ်တယ်။ ရေထွက်ကုန်အများဆုံး ထွက်ရှိရာနေရာလည်းဖြစ်တယ်။ ဒါကြောင့် နိုင်ငံတော်ရဲ့ အစီအမံဖြစ်စေ၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု အစီအစဉ်ဖြစ်စေ အအေးခန်းစက်ရုံ၊ ငါးကြိတ်စက်ရုံ၊ ရေခဲစက်ရုံတွေ တည်ထောင်ဖို့လိုပါတယ်။ ကော့သောင်းမှာ ရေခဲစက်ရုံနှစ်ရုံပဲ ရှိတယ်။ ပြီးတော့ လျှပ်စစ်မီးလွယ်ကူသက်သာစွာရရှိမယ်ဆိုရင် ရေထွက်ပစ္စည်းကနေ ကုန်ချောထုတ်နိုင်မယ့်စက်ရုံတွေ လည်ပတ်နိုင်တဲ့အတွက် တစ်ဖက်နိုင်ငံကို ကုန်ချောတွေတင်ပို့နိုင်မယ်။ ရေလုပ်ငန်းမှာလည်း နိုင်ငံတော်အတွက် ဝင်ငွေပိုရနိုင်မယ်"ဟု ဦးသန့်ဇင်က ဖြည့်စွက်ပြောကြားသည်။

**ရေခဲပြန်တင်ရလေ့ရှိ**

မြန်မာပြည်တောင်ဘက်စွန်း ကော့သောင်းခရိုင်သည် ရေထွက်ကုန်ပစ္စည်းအများဆုံးထွက်ရှိရာ ဒေသဖြစ်ပြီး ထိုင်းနိုင်ငံကို ရေထွက်ကုန်တင်ပို့နေရမှုမှ ကော့သောင်းတွင် ရေထွက်ကုန်ဖြန့်ဖြူးရာကုန်စည်ဒိုင်ကြီးအဖြစ် ဖွင့်လှစ်နိုင်ပါက နိုင်ငံခြားဝင်ငွေအပြင် ပြည်တွင်းဝင်ငွေကို တိုးမြှင့်ရရှိမည်ဖြစ်သည်။ ထို့ပြင် ကော့သောင်းတွင်ရှိသော ရေခဲစက်ရုံမှ ငါးဖမ်းစက်လှေများလိုအပ်သော ရေခဲကို အပြည့်အဝ ထုတ်လုပ်ပေးနိုင်ခြင်းမရှိသောကြောင့် ရနောင်းတွင်ငါးရောင်းပြီး အပြန် ရေခဲပြန်တင်လာရလေ့ရှိသည်။

**မြန်မာပြည်တောင်ဘက်စွန်း ကော့သောင်းမြို့မှ**

ခရီးသွားလုပ်ငန်းဖြင့်ဆွဲဆောင်လျက်ရှိသော မြန်မာနိုင်ငံအနေဖြင့် ကော့သောင်းခရိုင်သည် သဘာဝအလှတို့ဖြင့် ဆွဲဆောင်လျက်ရှိရာ ပင်လယ်ပြင်တွင်ကျောက်ပုစွန်အပါအဝင်ရေထွက်ကုန်မွေးမြူသော ရင်းနှီးမြှုပ်နှံမှုအားနည်းသည့်အတွက် ဖော်ဆောင်နိုင်ပါက ဒေသခံများ ဝင်ငွေတိုးမြှင့်ရရှိမည့်အပြင် ဒေသအတွင်းခရီးသွားလုပ်ငန်းကို အရှိန်အဟုန်ဖြင့် တိုးမြှင့်နိုင်မည်ဖြစ်သည်။ ပင်လယ်ပြင်ရေထွက်ကုန်ဖမ်းဆီးမှုနှင့်အတူ မွေးမြူရေးလုပ်ငန်းကို ဟန်ချက်ညီညီ လုပ်ဆောင်ရန်လိုအပ်ပြီး လက်ရှိ ပင်လယ်ပြင်မွေးမြူရေးလုပ်ငန်းဧက ၄၀ လုပ်ကိုင်ခြင်းထက်တိုးမြှင့်လုပ်ဆောင်ရန် လိုအပ်ခြင်းဖြစ်သည်။ နိုင်ငံ၏ ပင်လယ်ထွက်ပေါက်မြို့ဖြစ်သော ကော့သောင်းခရိုင်တွင် နှစ်စဉ် ကမ်းနီး၊ ကမ်းဝေးမှရရှိသော ရေထွက်ကုန်တို့ကို ထိုင်းနိုင်ငံ ရနောင်းသို့ တင်ပို့လျက်ရှိပြီး ရေထွက်ကုန်ပစ္စည်းတင်ပို့ရာ မြန်မာပြည်တောင်ဘက်စွန်း ကော့သောင်းမြို့မှ ယခုနှစ်ဧပြီလ ၆ ရက်နေ့အထိ နိုင်ငံခြားဝင်ငွေ အမေရိကန်ဒေါ်လာ ရရှိခဲ့သည်။

**ညိမ်းသူ၊ ဓာတ်ပုံ - ကနူး**

> **"မြန်မာပြည်တောင်ဘက်စွန်း ကော့သောင်းခရိုင်သည် ရေထွက်ကုန်ပစ္စည်းအများဆုံးထွက်ရှိရာ ဒေသဖြစ်ပြီး ထိုင်းနိုင်ငံကို ရေထွက်ကုန်တင်ပို့နေရမှုမှ ကော့သောင်းတွင် ရေထွက်ကုန်ဖြန့်ဖြူးရာကုန်စည်ဒိုင်ကြီးအဖြစ် ဖွင့်လှစ်နိုင်ပါက နိုင်ငံခြားဝင်ငွေအပြင် ပြည်တွင်းဝင်ငွေကို တိုးမြှင့်ရရှိမည်ဖြစ်သည်။ ထို့ပြင် ကော့သောင်းတွင်ရှိသော ရေခဲစက်ရုံမှ ငါးဖမ်းစက်လှေများလိုအပ်သော ရေခဲကို အပြည့်အဝထုတ်လုပ်ပေးနိုင်ခြင်းမရှိသောကြောင့် ရနောင်းတွင်ငါးရောင်းပြီး အပြန်ရေခဲပြန်တင်လာရလေ့ရှိသည်"**

**❖ တန်ဖိုးရှိလှတဲ့ လူငယ်ဘဝဆိုတာ လှပတဲ့ အနာဂတ်ကို တည်ဆောက်ကြဖို့ပါ။ နိုင်ငံနဲ့ လူမျိုးရဲ့ ကောင်းကျိုးကိုသာ ရှေးရှုပြုလုပ် ဆောင်ရွက်ကြရမှာ။**

# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား လက်ဝယ်ထားရှိသူများနှင့်အတူ ဖော်ထုတ်ဖမ်းဆီး

**နေပြည်တော် ဧပြီ ၂၃**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား ပြုလုပ်သူ၊ လက်ဝယ်ထားရှိသူများအား ဆက်လက်ဖော်ထုတ်ဖမ်းဆီးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ခဲ့ရာတွင် ဧပြီ ၂၂ ရက် နံနက် ၁၀ နာရီတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ပုဏ္ဏားစုရပ်ကွက် ရေမြောင်းအတွင်း၌ လက်ပစ်ဗုံးနှင့် လက်လုပ်သေနတ်များ တွေ့ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါ ရေမြောင်းအတွင်း၌ ဆာလာအိတ် ၁ လုံးအား တွေ့ရှိရသဖြင့် ဖွင့်ဖောက်စစ်ဆေးခဲ့ရာ အဆိုပါအိတ်အတွင်းမှ လက်ပစ်ဗုံး ၁ လုံး၊ လက်လုပ်သေနတ် ၁၀ လက်၊ လက်လုပ်မိုင်း ၁ လုံး၊ ဖိုက်ဘာဦးထုပ် ၁ လုံး၊ လည်စည်း ၃ ထည်၊ အပစ်လက်ကိုင် ၃ ခုနှင့် ဂက်စ်ဘူး ၃ ဘူးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အလားတူ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မကွေးတိုင်းဒေသကြီး ထီးလင်းမြို့နယ်အတွင်း ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လှည့်ကင်း ဆောင်ရွက်နေစဉ် နံနက် ၁၀ နာရီ မိနစ် ၅၀ တွင် ထန်းပင်ကုန်းကျေးရွာအဝင် ထီးလင်း-ဂန့်ဂေါ ကားလမ်းမကြီးဘေးရှိ ချုံပုတ်အတွင်းမှ လက်လုပ်တူမီးသေနတ် ၁ လက်အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**လက်လုပ်သေနတ် သိမ်းဆည်းရမိ**

အလားတူ နံနက် ၁၁ နာရီ ၅ မိနစ်က စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ် တုတ္တလုပ်ကျေးရွာ၏ အရှေ့ဘက် တစ်မိုင်ခန့်အကွာရှိ သစ်ပင်အောက်တွင် လက်လုပ်သေနတ်များ တွေ့ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေရာ၌ လက်လုပ်သေနတ် ၅ လက်အား တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အလားတူ နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် အံ့ကြီးအနောက်ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ မအေးအောင် (၃၈) နှစ် (ဘ) ဦးတင်အေး၏ နေအိမ်အား သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ ၎င်းအား နေအိမ်အတွင်းမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။





ဇော်ဇော်ထွန်း (ခ) ဇော်ဇော် အား သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

အလားတူ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (စ)ရပ်ကွက်၊ ၁၂၆ လမ်းနှင့် ၆၀ (A) လမ်းထောင့်ရှိ "ကံကြီးမောင်" လက်ဖက်ရည်ဆိုင်သို့ သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ အဆိုပါဆိုင်အတွင်း ကံကြီးမောင်အား မတွေ့ရှိရဘဲ ဝိုင်းမော်မြို့နယ်နေ မျိုးဝင်း (ခ) ရှမ်ဆွတ်ဒင် (၂၉) နှစ် (ဘ) ဦးခင်မောင်ရွှေ ပါ အမျိုးသား ၃ ဦးအား တွေ့ရှိရပြီး ၎င်းဆိုင်အတွင်းမှ လက်လုပ်သေနတ် ၁ လက်၊ လက်လုပ်မိုင်း ၃ လုံး၊ မှန်ပြောင်း ၁ ခု၊ ဓာတ်ငွေ့ကာ မျက်မှန် ၂ ခုနှင့် ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့်ဆက်စပ်ပစ္စည်းများအား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

**ယမ်းမှုန့် ၃ ဒသမ ၁ ကီလိုဂရမ် သိမ်းဆည်းရမိ**

အလားတူ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ချင်းပြည်နယ် မင်းတပ်မြို့ အရှေ့ပြင်ရပ်ကွက်ရှိ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ယာဉ်စစ်ပိတ်ဆို့ဆောင်ရွက်နေစဉ် မွန်းလွဲ ၃ နာရီခွဲတွင် ထုံကိန်းကျေးရွာနေ ကီးဂေ (၃၇) နှစ် (ဘ) ဦးရှန်းလောကီ မောင်းနှင်လာသော ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးခဲ့ရာ ၎င်းလွယ်ထားသော ကျောပိုးအိတ်အတွင်းမှ ကော်ဘူးအတွင်း ထည့်၍ သယ်ဆောင်လာသော ယမ်းမှုန့် ၃ ဒသမ ၁ ကီလိုဂရမ်အား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အလားတူ မွန်းလွဲ ၃ နာရီ မိနစ် ၅၀ တွင် လုံခြုံရေး တပ်ဖွဲ့ဝင်များသည် ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်အတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် အောင်မင်္ဂလာရပ်ကွက် ချောင်းပတ်လမ်းအနီး ချောင်းစပ်၌ စတီးဒိုင်း ၂၁ ခု၊ ပီပါအဖုံး ၆ ခု၊ ဖိုက်ဘာဦးထုပ် ၃ လုံး၊ ဓာတ်ငွေ့ကာ ၃ ခုတို့အား တွေ့ရှိရသဖြင့် သိမ်းဆည်းခဲ့ကြောင်း သိရသည်။

အလားတူ ညနေ ၅ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့နယ်၊ မင်းကံကြီးကျေးရွာနေ ညွှန့်နိုင်၏ နေအိမ်သို့ သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ ၎င်းအားမတွေ့ရှိဘဲ နေအိမ်အတွင်းမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် လက်လုပ်ဂက်စ်သေနတ် ၁ လက်၊ ဂက်စ်ဘူး ၂ ဘူး၊ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အလားတူ ည ၆ နာရီ မိနစ် ၂၀ က ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဥဿာမြို့သစ် (၁) ရပ်ကွက် နယ်မြေ (၅)၊ (၅)လမ်းရှိ ဇော်ဇော်ထွန်း (ခ) ဇော်ဇော် (၂၇) နှစ်၏ နေအိမ်သို့ သတင်းအရ ဝင်ရောက်ရှာဖွေ ခဲ့ရာ နေအိမ်အတွင်းမှ ဇော်ဇော်ထွန်း (ခ) ဇော်ဇော် အား လက်လုပ်သေနတ် ၂ လက်၊ စတီးလေအိုး ၂ ခု၊ စတီးပိုက် ၆ ချောင်း၊ ခဲကျည် ၁၀၀ တောင့်၊ ဂျင်ကလိ ၁၄ ချောင်း၊ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိ**

အလားတူ ည ၁၀ နာရီတွင် ပြည်မြို့ ရတနာထီးဖြူရပ်ကွက်ရှိ စတီးသံပန်းလုပ်ငန်း လုပ်ကိုင်သည့် အောင်ဇော်ဝင်း (၅၁) နှစ် (ဘ) ဦးအုန်းမောင်၏ နေအိမ်အား သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ အဆိုပါနေအိမ်အတွင်းမှ အောင်ဇော်ဝင်းပါ အမျိုးသား ၃ ဦးအား လက်လုပ်သေနတ် ၁ လက်၊ စတီးပိုက် ၉ ချောင်း၊ ဂျင်ကလိ ၄၁ ချောင်း၊ လေးခွ ၃ လက်၊ မီးစာတပ်ဆင်ထားသည့် မီးပုလင်း ၁၁ လုံးနှင့် ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အလားတူ ယနေ့နံနက် ၁၀ နာရီတွင် ပြည်မြို့ ရွာဘဲရပ်ကွက်၊ ရတနာထီးဖြူရပ်နေ သူရအောင် (၃၉) နှစ် (ဘ) ဦးသိန်းအောင်၏ နေအိမ်အား သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ အဆိုပါနေအိမ်အတွင်းမှ သူရအောင်ပါ အမျိုးသား ၃ ဦးအား လက်လုပ်သေနတ် ၁ လက်၊ ဂျင်ကလိ ၄၁ ချောင်း၊ မီးစာတပ်ဆင်ထားသည့် ဓာတ်ဆီပုလင်း ၁၁ လုံး၊ လေးခွ ၃ လက်၊ ကုံးသီး ၂၀ လုံး၊ သံပိုက် ၃ ချောင်း တို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား လက်ဝယ်ထားရှိသူများနှင့် သိုဝှက်သိမ်းဆည်းထားရှိသူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့အဝင် စစ်ဆေးရေးဂိတ်၌ KKO အဖွဲ့ဝင် ၂ ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၂၃**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့အဝင် စစ်ဆေးရေးဂိတ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယာဉ်ဝင်/ထွက်မှုများအား စစ်ဆေးဆောင်ရွက်စဉ် ဧပြီ ၂၁ ရက် မွန်းလွဲ ၃ နာရီခွဲခန့်တွင် ကော့ကရိတ်မြို့ဘက်မှ ကျုံဒိုးမြို့ဘက်သို့ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ KKO အဖွဲ့မှ စောမိုသာ (ဘ) ဦးဖရှောင် နှင့် စောဖောရှူး (ဘ) ဦးဝင်းခင်း တို့ ၂ ဦးကို အမ် ၁၆ ကျည်ခွံ ၂ ခု၊ လက်ကိုင်ဖုန်း ၂ လုံး၊ KNU လက်မောင်းတံဆိပ်ပါ ယူနီဖောင်း ၁ စုံ၊ DKBA လက်မောင်း တံဆိပ် ၂ ခု၊ D.K.B.ARMY တံဆိပ် ၁ ခု၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ ဖမ်းဆီးရမိသူများအား တရားဥပဒေအရ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။


**သတင်းစဉ်**



## မြို့နယ်အချို့၌ နိုင်ငံတော်ပိုင်အဆောက်အဦ၊ တံတားများအား အကြမ်းဖက်သူများက မီးရှို့ဖျက်ဆီးခြင်းများပြုလုပ်

**နေပြည်တော် ဧပြီ ၂၃**

အကြမ်းဖက်သူများ အနေဖြင့် နိုင်ငံတော်ပိုင် အဆောက်အဦများအား မီးပုလင်းဖြင့် ပစ်ပေါက်မီးရှို့ခြင်း၊ အများပြည်သူသွားလာရေး အဆင်ပြေချောမွေ့စေရေးတို့အတွက် နိုင်ငံတော်ဘဏ္ဍာငွေများဖြင့် ဆောက်လုပ်ထားရှိသည့် တံတားများအား မီးရှို့ဖျက်ဆီးခြင်းများကို အမြော်အမြင်ဆင်ခြင်မဲ့စွာဖြင့် ပြုမူဆောင်ရွက်လျက်ရှိသည်။



ထိုသို့ လုပ်ဆောင်ရာတွင် ဧပြီ ၂၂ ရက် နံနက် ၅ နာရီ မိနစ် ၅၀ တွင် စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် မြင်းဒေါင်းကျေးရွာနှင့် သာဂရကျေးရွာကြား ခင်ဦး-ရေဦးကားလမ်း မိုင်တိုင်အမှတ် (၂/၁၁) ရှိ အလျားပေ ၁၆၀ သံပေါင်ဘေလီတံတားအား အကြမ်းဖက်သူများက မီးရှို့ဖျက်ဆီးနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်မီးငြှိမ်းသတ်ခဲ့ရာ နံနက် ၇ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် တံတားသစ်သားကြမ်းခင်း အရှည်ပေ ၄၀ ခန့် မီးလောင် ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အလားတူ ယနေ့နံနက် ၁ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့ မြို့မ (၂)ရပ်ကွက်၊ ရပ်ကွက် စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးအား အကြမ်းဖက်သူများက မီးပုလင်းဖြင့် ပစ်ပေါက်မီးရှို့ခဲ့ရာ မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ကြောင်း သတင်းအရ လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်ငြှိမ်းသတ်ခဲ့ရာ နံနက် ၁ နာရီ မိနစ်၅၀ တွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် အဆိုပါရုံး၊ ရုံးအတွင်းရှိ ပရိဘောဂများနှင့် ရုံးသုံး စာရွက်စာတမ်းများ မီးလောင် ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

အများပြည်သူ သွားလာအသုံးပြုလျက်ရှိသော လမ်းတံတားများနှင့် နိုင်ငံတော်ပိုင် အဆောက်အဦများအား မီးရှို့ဖျက်ဆီးခဲ့သူများအား ရှာဖွေဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဆူပူအကြမ်းဖက်သူလူစု အုပ်စုများအနေဖြင့် အကြမ်းဖက်ဖျက်ဆီးမှုလုပ်ရပ်များကို လုပ်ဆောင်

**နေပြည်တော် မေ ၂၃**

နိုင်ငံတော်အတွင်း ဆူပူအကြမ်းဖက်သူများအနေဖြင့် နိုင်ငံတော်ပိုင် အဆောက်အဦများကို လက်လုပ်ဗုံး၊ မီးပုလင်းများဖြင့် ပစ်ပေါက်ခြင်း၊ အများပြည်သူ သွားလာလှုပ်ရှားနေသော လမ်းမကြီးများပေါ်တွင် လက်လုပ်မိုင်း၊ လက်လုပ်ဗုံးများ ချထားခြင်းများ ကဲ့သို့ အဖျက်အမှောင့်လုပ်ရပ်များကို ဆောင်ရွက် လျက်ရှိသည်။

ထိုသို့လုပ်ဆောင်ရာတွင် မေ ၂၂ ရက် ည ၇ နာရီ ၁၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ငွေတော်ကျီကုန်းရပ်ကွက် သာယာဝတီမင်းကြီးလမ်းနှင့် ကျန်စစ်သားလမ်းကြား ရှိ "ကမ္ဘာ့ရတနာဘဏ်" (GTB) ရှေ့သို့ တုတ်/ဓားများ ကိုင်ဆောင်ထားသော အကြမ်းဖက်သူ အမျိုးသား ၁၂ ဦးခန့်က ဆိုင်ကယ် ၈ စီးဖြင့် ရောက်ရှိလာပြီး မီးပုလင်း၊ ဓာတ်ဆီအိတ်များဖြင့် ပစ်ပေါက်၍ ထွက်ပြေးသွားခဲ့ရာ အဆိုပါ မီးပုလင်း၊ ဓာတ်ဆီအိတ် များမှာ ဘဏ်ရှေ့မျက်နှာစာနှင့် ရေစက်တင်ထား သည့် ခုံတို့ကို ထိမှန်ပေါက်ကွဲ မီးလောင်ခဲ့သဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ ည ၇ နာရီ ၂၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် ဘဏ်တံခါးမှန် ၁ ချပ် ကွဲကြေပျက်စီး ဆုံးရှုံးခဲ့ကြောင်းနှင့် လူထိခိုက် ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

အလားတူ ယနေ့နံနက် ၅ နာရီ မိနစ် ၅၀ တွင် ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ်ကွက်ရှိ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးကို ၇၆ လမ်းဘက်မှ ၂၈ လမ်းအတိုင်း ဆိုင်ကယ်မောင်းနှင်လာသော အကြမ်းဖက်သူ အမျိုးသား ၂ ဦးက လက်လုပ်ဗုံး ၂ လုံးဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့ရာ အဆိုပါ လက်လုပ် ဗုံး ၂ လုံးမှာ ရုံးဝင်းအပြင်ဘက် အုတ်တံတိုင်အနီး ကျရောက်ခဲ့ပြီး ပေါက်ကွဲမှုမရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ ဝင်များက သက်မဲ့ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထို့အတူ နံနက် ၈ နာရီတွင် မဟာအောင်မြေ မြို့နယ်၊ မဟာမြိုင် (၁) ရပ်ကွက်၊ ၃၅ လမ်း ၆၅ လမ်း နှင့် ၆၆ လမ်းကြားရှိ ကျန်းမာရေးဝန်ထမ်း အိမ်ရာ ရှေ့တွင် မသင်္ကာဖွယ် အထုပ် ၁ ထုပ်တွေ့ရှိ ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက် စစ်ဆေးခဲ့ရာ အဆိုပါအိမ်ရာရှေ့ရှိ ဓာတ်တိုင်အနီးတွင် အမည်းရောင်ကြွပ်ကြွပ်အိတ် ၂ လုံးနှင့် ဓာတ်တိုင် ခြေရင်းတွင် ဖြောက်အိုးအကြီး ၁ လုံးကို တွေ့ရှိခဲ့ရပြီး အဆိုပါ အိတ်များကို ဖွင့်ဖောက်စစ်ဆေးခဲ့ရာ ဖြောက်အိုးအကြီး ၆ လုံး တွေ့ရှိရသဖြင့်လုံခြုံရေး တပ်ဖွဲ့ဝင်များက သိမ်းဆည်းခဲ့ကြောင်း သိရှိရသည်။



ပြည်ကြီးတံခွန်မြို့နယ်၌ ဆူပူအကြမ်းဖက်သောင်းကျန်းသူများက ကမ္ဘာ့ရတနာဘဏ်အား မီးပုလင်း/ဓာတ်ဆီအိတ်များဖြင့် လာရောက်ပစ်ပေါက်မှုအပြီး ပျက်စီးနေသည်ကို တွေ့ရစဉ်။

အလားတူ နံနက် ၈ နာရီခွဲတွင် ရန်ကုန် တိုင်းဒေသကြီး အလုံမြို့နယ် ဆင်မင်းရပ်ကွက်ရှိ ဆင်မင်းဈေးအနောက်ဘက် စည်ပင်အမှိုက်ပုံးများ အနီး၌ လက်လုပ်ဗုံးများတွေ့ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အမှိုက်ပုံးများအနီးတွင် ချထားသော အမှိုက်ခြင်း တစ်ခုအတွင်းမှ ကော်ပိုက်ဖြင့် ပြုလုပ်ထားသော လက်လုပ်ဗုံး ၆ လုံးကို တွေ့ရှိရသဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက သက်မဲ့ပြုလုပ်၍ သိမ်းဆည်းခဲ့ ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်များမှ ဖမ်းဆီးရမိသူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ် ကြောင်းနှင့် ပြစ်မှုကျူးလွန်သူများနှင့် ပါဝင်ပတ်သက် သူများအားလည်း စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

# တူမီးသေနတ်များ၊ လက်လုပ်သေနတ်များနှင့် ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်အပ်နှံ

**နေပြည်တော် မေ ၂၃**

နေပြည်တော်ကောင်စီ နယ်မြေ လယ်ဝေးမြို့နယ်၊ တပ်ကုန်းမြို့ နယ်၊ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ရွာငံမြို့နယ်၊ မကွေး တိုင်းဒေသကြီး ထီးလင်းမြို့နယ်၊ မင်းဘူးမြို့နယ်၊ ပွင့်ဖြူမြို့နယ်၊ ဂန့်ဂေါမြို့နယ်၊ ပဲခူးတိုင်းဒေသ ကြီး ပေါင်းတည်မြို့နယ်၊ ရန်ကုန် တိုင်းဒေသကြီး ကော့မှူးမြို့နယ် နှင့် ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်များအတွင်းရှိ ကျေးရွာအချို့၌ ဆူပူအကြမ်းဖက်



မှုတွင် အသုံးပြုသည့် လက်လုပ် သေနတ်များ ကိုင်ဆောင်နေ ကြောင်း သတင်းအရ မေ ၂၂ ရက် က သက်ဆိုင်ရာ တိုင်းစစ်ဌာန ချုပ်များရှိ တပ်နယ်အသီးသီးမှ လုံခြုံရေး တပ်ဖွဲ့ဝင်များက အုပ်ချုပ်ရေးမှူးများနှင့် အတူ သွားရောက်၍ ဒေသခံပြည်သူများ ကို တရားမဝင် လက်နက် ကိုင်ဆောင်ခြင်းသည် တရား ဥပဒေဖြင့် ထိရောက်စွာ အရေးယူ ခံရနိုင်ကြောင်း နားလည်သဘော ပေါက်အောင် ရှင်းလင်းပြောကြား သည်။

ယင်းသို့ ရှင်းလင်းပြောကြား မှုကြောင့် ကျေးရွာနေပြည်သူ များက နားလည်သဘောပေါက် ကာ တူမီး ၁၂ လက်၊ လက်လုပ် သေနတ် ၄၂ လက်နှင့် ဒူးလေး ၂ လက်တို့ကို ၎င်းတို့သဘော ဆန္ဒအလျောက် လုံခြုံရေး တပ်ဖွဲ့ဝင်များထံသို့ လာရောက် အပ်နှံခဲ့ကြကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**

● *ကျောဖုံးမှ*

အဆင့် (၅) နေရာတွင် ရပ်တည်နေသည့်အသင်းဖြစ်သည်။ ယနေ့ပွဲစဉ် သည် အဆင့် (၄) နှင့် (၅) နေရာမှ အသင်းနှစ်သင်းတွေ့ဆုံသောကြောင့် လာမည့်နှစ် ချန်ပီယံလိဂ်ဝင်ခွင့် ရရှိရေးအတွက် အကောင်းဆုံးပြင်ဆင် လာဖွယ်ရှိသောကြောင့် ပရိသတ်အကြိုက် ပွဲကောင်းတစ်ပွဲဖြစ်လာ ဖွယ်ရှိနေသည်။ ထို့အပြင် ဝက်စ်ဟမ်းအသင်းသည် ပြီးခဲ့သည့် နယူး ကာဆယ်အသင်းနှင့်ပွဲစဉ်တွင် သုံးဂိုး- နှစ်ဂိုးဖြင့် ရှုံးနိမ့်ထားသော ကြောင့်လည်းကောင်း၊ ယနေ့ပွဲစဉ်တွင် ချယ်ဆီးအသင်းကို အနိုင်ရရှိ လျှင် အဆင့် (၄) နေရာကို တက်လှမ်းနိုင်မည် ဖြစ်သောကြောင့် လည်းကောင်း အနိုင်ရရှိရန် အားစိုက်ကစားလာဖွယ်ရှိနေသည်။

ရှက်ဖီးလ်နှင့် ဘရိုက်တန်အသင်းတို့ပွဲစဉ်ကို မေ ၂၅ ရက် နံနက် ၁ နာရီခွဲတွင် ရှက်ဖီးလ်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ရှက်ဖီးလ်အသင်းသည် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ငါးပွဲတွင် ငါးပွဲ စလုံးရှုံးနိမ့်ထားသည့်အတွက် ခြေစွမ်းအားရစရာမရှိပေ။ ထို့အပြင် ရှက်ဖီးလ်အသင်းသည် ယခုနှစ်ရာသီမကုန်မီ ချန်ပီယံရှစ်သို့ တန်းဆင်း ခဲ့ရသည့် ပထမဆုံးအသင်းလည်းဖြစ်သည်။ သို့သော်လည်း ရှက်ဖီးလ် အသင်းအနေဖြင့် ဂုဏ်သိက္ခာအရ ဘရိုက်တန်အသင်းကို အနိုင်ရရှိ အောင် ကစားလာဖွယ် ရှိနေသည့်အတွက် ပရိသတ်အကြိုက်ပွဲကောင်း တစ်ပွဲဖြစ်လာဖွယ်ရှိနေသည်။ ဘရိုက်တန်အသင်းက တန်းဆင်းဇုန် အထက်နားတွင် ရပ်တည်နေသော်လည်း လာမည့်နှစ် ပရီမီယာလိဂ်တွင် တင်ကျန်ရန် ရုန်းကန်ရဦးမည်ဖြစ်သည်။

**အောင်ဇော်**

# မှော်ဘီမြို့နယ်၌ မီးလောင်မှုဖြစ်ပွား တဲ လေးလုံး မီးလောင်ဆုံးရှုံး

**နေပြည်တော် မေ ၂၃**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ မေ ၂၂ ရက်က မီးလောင်မှု ဖြစ်ပွားခဲ့ပြီး တဲ လေးလုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၂ ရက် ည ၇ နာရီက မှော်ဘီမြို့နယ် မြောင်းတကာ စက်မှုဇုန် ပြည်တော်သာလမ်းဘေး၌ နေထိုင်သည့် အောင်မျိုးစန်း (၃၂) နှစ်၏ နေအိမ်တဲ၌ ထင်းမီးဖြင့် ထမင်းအိုးတည်ရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ မှော်ဘီမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့က သွားရောက်ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၄ နာရီတွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် တဲ လေးလုံး မီးလောင်ဆုံးရှုံးခဲ့သဖြင့် အောင်မျိုးစန်း အား မှော်ဘီမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# မိုးညှင်းမြို့နယ်နှင့် ကော့သောင်းမြို့နယ်အတွင်း မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၃**

ကချင်ပြည်နယ် မိုးညှင်းမြို့၏ အနောက်တောင်ဘက် တစ်မိုင် ခွဲခန့်အကွာရှိ မန္တလေး-မြစ်ကြီးနား သွား ပြည်ထောင်စုလမ်းမကြီး၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင် သော ပူးပေါင်းအဖွဲ့သည် မော်တော် ယာဉ် ဖြတ်သန်းသွားလာမှုများ အား စစ်ဆေးဆောင်ရွက်စဉ် မေ ၂၂ ရက် ညနေ ၄ နာရီခွဲခန့်တွင် မော်ဟန်ကျေးရွာဘက်မှ မိုးညှင်း မြို့ဘက်သို့ အမျိုးသား ၂ ဦး မောင်းနှင်လာသည့် မော်တော် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေး ရာ ဆိုင်ကယ်မောင်းနှင်သူမှာ ရပ်တန့်ခြင်းမရှိဘဲ မောင်းနှင် ထွက်ပြေးသွားပြီး ဆိုင်ကယ် နောက်တွင် လိုက်ပါလာသည့် မျိုးသူ (ဘ) ဦးလှဆောင် အား ၎င်း၏ ကျောပိုးအိတ်အတွင်းမှ ၁၁ ဂရမ်ခန့်စီပါ ဘိန်းဖြူဆပ်ပြာ ခွက် ၆၆ ခွက်၊ ၇၂၆ ဂရမ် (ခန့်မှန်း တန်ဖိုးငွေကျပ်သိန်း ၅၀၈ သိန်း ကျော်) နှင့်အတူ ဖမ်းဆီးရမိ ခဲ့သည်။

အလားတူ ညနေ ၆ နာရီခန့် တွင် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ ရွှေပြည်စိုး ကျေးရွာအုပ်စု ထားဝယ်စုလမ်းရှိ နေအိမ်အား သတင်းအရလုံခြုံရေး တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်း အဖွဲ့က ဝင်ရောက်စစ်ဆေးရာ အိမ်ငှားနေထိုင်သည့် မင်းသူရိန်စိုး (ဘ) ဦးလှကြည်၊ ထွန်းထွန်းဝင်း




အောင် (ဘ) ဦးရဲနိုင်နှင့် ဖြူဖြူအေး (ဘ) ဦးအောင်မြင့်တို့ ၃ ဦးကို နေအိမ်အိပ်ခန်းအတွင်းမှ WY စာတန်းပါစိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၄ သိန်း) နှင့်အတူ ဖမ်းဆီးရမိ ခဲ့သည်။ (အပေါ်ပုံ)

အဆိုပါ မူးယစ်ဆေးဝါးများ နှင့်အတူ ဖမ်းဆီးရမိသူအား မိုးညှင်းမြို့ မူးယစ်တပ်ဖွဲ့စုနှင့် ကော့သောင်းမြို့မရဲစခန်းများသို့ စနစ်တကျ လွှဲပြောင်းအပ်နှံခဲ့ ကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဘူမိဖဿမုဒြာထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် တည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများကို ထည့်ဝင်လိုပါက **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆** သို့ ထည့်ဝင်လှူဒါန်းနိုင်ပါရန်နှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

**ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီ**
**မာရဝိဇယဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ရေးလုပ်ငန်း**
**ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်။**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ဒူကထောင်ရပ်ကွက်၊ ကွင်း/အကွက် အမှတ်နှင့်အမည် (၁၃/၁-ခ၊ တပ်ကုန်းတောင်)၊ ဦးပိုင်အမှတ် (၂၅+၂၈)၊ မြေဧရိယာ ၀ ဒသမ ၃၇၂ ဧကရှိ မြေကွက်အား ဦးပေါ်ခွန်နော် အမည်ဖြင့် အမှုတွဲအမှတ် ၁၀၅၂(V)၊ (၁၉၈၉-၁၉၉၀)အရ ၃၀-၆-၂၀၂၀ ရက်အထိ နှစ်(၃၀) မြေငှားဂရန်ရရှိခဲ့ပါသည်။ မြေငှားဂရန်အမည်ပေါက်သူ ဦးပေါ်ခွန်နော်မှာ ၃၁-၁၀-၂၀၁၉ ရက်တွင် ကွယ်လွန်သွားခဲ့ပြီး ၎င်း၏တရားဝင်ဇနီးဖြစ်သူ ဒေါ်မာလိန်မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုကာ ပိုင်ဆိုင်ခဲ့ပါသည်။ ထိုမှတစ်ဆင့် ဒေါ်မာလိန်မှ ဦးကမ်ရှောင်ထံသို့ ဦးပိုင်အမှတ် (၂၅+၂၈/က)၊ မြေဧရိယာ ၀ ဒသမ ၃၇၂ ဧကအနက်မှ ဧရိယာ ၀ ဒသမ ၂၂၆ ဧက အစိတ်အပိုင်းအား မြစ်ကြီးနားမြို့နယ် စာချုပ်စာတမ်း မှတ်ပုံတင်ဌာန၏ ၃၀-၁၂-၂၀၁၉ ရက်စွဲပါ စာချုပ်မှတ်ပုံတင်အမှတ် (၅၁၅/၂၀၁၉)အရ အိမ်ခြံမြေကွက် မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းစာချုပ်ဖြင့် ပေးကမ်းခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ အဆိုပါမြေကွက်အား ဦးကမ်ရှောင်အမည်ဖြင့် မြစ်ကြီးနားခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ မြေငှားဂရန် (ဦးပိုင်ခွဲ၊ အမည်ပြောင်း) လျှောက်ထားလာမှု အပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခု ကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင် ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လီတွော်အရာရှိ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက် ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်/ ဘဲ/ငုံးခြံများတွင် အဆိုပါ ရောဂါကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင် ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြု ဆောင်ရွက်ရန်၊

(ခ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင် ရွက်ရန်၊

(ဂ) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူနှင့် ယာဉ်အဝင်/အထွက် ထိန်းချုပ်ရန်၊

(ဃ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်/ လေထွက် ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(င) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက နှာခေါင်းစည်း၊ လက်အိတ် စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊

(စ) ကြက်၊ ငှက်များကိုကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေး ခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်း ရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊

(ဆ) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊

(ဇ) ကြက်၊ ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ် ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(ဈ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းမြို့၊ ပတ္တမြားရပ်ကွက်၊ လင်မလိုရွှေကူကွင်း၊ အမှတ်(၇၈၄)၊ ဦးပိုင်အမှတ် (ဆ/၃၁၉)၊ ဧရိယာ ၀ဒသမ ၀၈၃ မြေသည် ဦးသန်းထွန်းမြင့် (အငြိမ်းစား ညွှန်ကြားရေးမှူး)အမည်ပေါက် နှစ် (၃၀) ဂရန်မြေဖြစ်ပါသည်။ ဦးသန်းထွန်းမြင့်သည် ၁၀-၁၂-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်မြမြဝင်း (ခ) မြတ်မွန်အေးသည် ယင်းမြေအားပိုင်ဆိုင်စီမံခွင့် ရရှိသူဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယင်းမြေပေါ်ကျူးကျော်၍ အဆောက်အအုံဆောက်လုပ်နေထိုင်ခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းပေးခြင်းကို လက်ခံဆောင်ရွက်ခြင်း၊ အသုံးပြုခြင်း စသည်တို့မပြုလုပ်ပါရန်နှင့် အကယ်၍ ဖောက်ဖျက်ကျူးလွန်သူများရှိပါက ဥပဒေနှင့်အညီ ထိရောက်စွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်မောင်ဌေး (ဥပဒေတွဲ့)
တရားလွှတ်တော်ရှေ့နေ
(စဉ်-၁၄၆၅၁) (၂၉-၆-၂၀၁၈)
ဖုန်း-၀၉-၈၈၄၁၈၁၀၄၃

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ (၉၂) ရပ်ကွက်၊ (၈) လမ်း၊ (၅) ထပ်တိုက်၊ (၄) ခန်းတွဲ အဆောက်အဦးရှိ တိုက်အမှတ် (၂)၊ အခန်း (၄)၊ မြေညီထပ် (ဒေါင့်ခန်း) တိုက်ခန်း (၁) ခန်းနှင့်တကွ လျှပ်စစ်မီး+ရေ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးကို အဆက်အစပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ **ဒေါ်တင်တင်မော် (၁၀/မဒန (နိုင်) ၁၀၁၉၉၈)** ဆိုသူထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက (၂၂-၄-၂၀၂၁) ရက်စွဲပါ "နှစ်ဦးသဘောတူတိုက်ခန်းအရောင်းအဝယ်စရံငွေပေးကတိစာချုပ်" ဖြင့် ချုပ်ဆိုဝယ်ယူခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ် ပြုလုပ်သည့် တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ဤကြေညာသည့်နေ့မှ (၇) ရက် အတွင်းခိုင်လုံသော အထောက်အထား စာရွက်စာတမ်းများနှင့်အတူ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ကျွန်ုပ်၏ မိတ်ဆွေမှ တရားဝင်ပိုင်ဆိုင်မှုရရှိရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | | |
|---|---|---|
| **ဦးမျိုးမြင့် (ဘဏ်)** | **ဒေါ်အိအိအေး** | **ဒေါ်ပြည့်ပြည့်အောင်** |
| (စဉ်-၆၀၆၅/၉၄) | (စဉ်-၄၇၆၈၆) | (စဉ်-၄၉၂၂၁) |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေများ** | |

အမှတ် (၈၃)၊ အခန်း (၁၁)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - 09 5167237, 09 796290305, 09 423744414

**သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့**
**မြန်မာ့အလင်းသတင်းစာတွင်**
**ကြော်ငြာစို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)**
**မိတ္ထီလာခရိုင်တရားရုံးတော်**
**၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ် - ၁၄**

ဟာဂျီဦးမိုးအောင် **နှင့်** ၁။ ဒေါ်သီရိသန္တာအောင်
၂။ ဦးမင်းမင်းထွန်း

**တရားလို** **တရားပြိုင်များ**

မိတ္ထီလာမြို့၊ ပန်းတိမ်တန်းရပ်၊ မြို့မ(၄)ရပ်ကွက် ဂျီအီးစီလမ်းမနှင့် Grand ရုပ်ရှင်ရုံလမ်းကြား၊ ဦးမူတူးလမ်းသွယ်နေ ၁။ ဒေါ်သီရိသန္တာအောင်၊ ၂။ ဦးမင်းမင်းထွန်း (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ''တရားပြိုင်များသည် မိဘ၊ ဘိုးဘွားတို့နှင့်အတူ မိတ္ထီလာမြို့၊ ဈေးအနောက်ဂျာမေ့ဗလီဝတ်ကျောင်းတော်၏ မြေငှားအဖြစ်နေထိုင်သူဖြစ်ကြောင်းမြွက်ဟကြေညာပေးရန်နှင့် အချင်းဖြစ်ဝိုင်းမြေထဲရှိ အဆောက်အအုံများအား ဖျက်သိမ်းထွက်ခွာ၍ မြေအားလက်ရောက်ပေးအပ်စေလိုမှု'' ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၁ခုနှစ် မေ ၁၇ ရက် (၁၃၈၃ခုနှစ် ကဆုန်လဆန်း၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၁ ခုနှစ် ဧပြီလ ၁၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ညွှန့်လင်း)**
**ခရိုင်တရားသူကြီး**
**မိတ္ထီလာခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁ဂျေ၊ မြေကွက် အမှတ် – V ၄၅၊ မြေကွက်တည်နေရာ အမှတ် ၆၁၊ မြောင်းကြီးလမ်း၊ (၈) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ဒေါ်ခင်ခင်သိုက် ၁၂/ပဇတ(နိုင်)၀၁၄၂၈၈ အမည်ပေါက် နှစ်(၉၀)ဂရန်မြေအား အမည်ပေါက် (မိခင်)ဒေါ်ခင်ခင်သိုက်နှင့်(ဖခင်)ဦးသာထွန်းအောင်တို့ အသီးသီး ကွယ်လွန်သဖြင့် ကျန်သားသမီးများဖြစ်သော ဦးတင်ကိုအောင် ၁၂/ပဇတ(နိုင်) ၀၀၃၇၉၁ ၊ ဦးဌေးကိုအောင် ၁၂/ ပဇတ(နိုင်)၀၁၄၂၁၆၊ ဦးလွင်ကိုအောင် ၁၂/ပဇတ(နိုင်)၀၁၄၂၁၇ တို့က ကျမ်းကျိမ်လွှာများ၊ သေစာရင်းများ၊ ဂရန်မူရင်းတို့တင်ပြ၍ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာသဖြင့် တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**


နေ့စဉ် သတင်းမှန်၊ အပြစ်မှန်၊ တကယ်အချက်အလက်မှန်များကို
မှန်မှန် မြန်မြန် သိလိုပါသလား ?
မြန်မာ့အလင်း
Myanma Alinn Daily
ကြေးမုံ
The Mirror Daily
THE GLOBAL NEW LIGHT OF MYANMAR
ဖတ်ရှုနိုင်ပါပြီ။
ဆက်သွယ် မှာယူနိုင်ပါသည်-
မြန်မာ့အလင်း 09-448042214, 09-43036030, 09-420145613
ကြေးမုံ 09-450025145, 09-450025570, 09-773094931
The Global New Light of Myanmar
09-250204653, 09-770677513, 09-983924991

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၇ ဦး တွေ့ရှိ

## COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း ၁၄၂၇၀၄ ဦးရှိ

### (၂၃-၄-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂၂-၄-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၃-၄-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁,၅၀၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁၇) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၆၅,၀၀၇) ခု အား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၇၀၄) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၄) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၈၂၅) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်း ပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# ရန်ကုန်–ပြည်လမ်းပိုင်း၌ အမှတ် (၆၃) အဆန်၊ အမှတ် (၆၄) အစုန် စာပို့ရထားပြေးဆွဲမည်

**နေပြည်တော် ဧပြီ ၂၃**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားသည် ရထားစီးခရီးသွား မိဘပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ရန်ကုန်-ပြည် လမ်းပိုင်း၌ အမှတ် (၆၃) အဆန်၊ (၆၄) အစုန် စာပို့ရထားခရီးစဉ်ကို ဧပြီ ၂၄ ရက်မှစ၍ ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်-ပြည် လမ်းပိုင်း၌ အမှတ် (၆၃) အဆန်၊ အမှတ်(၆၄) အစုန် စာပို့ရထားခရီးစဉ်ကို အဆန်တစ်ရက်၊အစုန်တစ်ရက် ပြေးဆွဲသွားမည်ဖြစ်ပြီး ဧပြီ ၂၄ ရက်တွင် အမှတ် (၆၃) အဆန်စာပို့ရထားသည် ရန်ကုန် ဘူတာကြီးမှ နံနက် ၆ နာရီ ၄၅ မိနစ်တွင် စတင်ထွက်ခွာမည်ဖြစ်ပြီး ပြည်ဘူတာသို့ ည ၆ နာရီ ၄၅ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်သည်။

ထို့အတူ အမှတ် (၆၄) အစုန် စာပို့ရထားသည် ဧပြီ ၂၅ ရက်တွင် ပြည်ဘူတာမှ နံနက် ၆ နာရီတွင်ထွက်ခွာ၍ ရန်ကုန်ဘူတာသို့ ညနေ ၆ နာရီခွဲတွင် ဆိုက်ရောက်မည်ဖြစ်ပြီး အစုန်/ အဆန် ပြေးဆွဲပြီးတိုင်း တစ်ရက် ရပ်နားမည်ဖြစ်သည်။

တွဲဆိုင်းဖွဲ့ဆင်မှုအနေဖြင့် စက်ခေါင်း (၁)၊ အထက်တန်း(၁)တွဲ၊ ရိုးရိုးတန်း(၃)တွဲ၊ ဘရိတ်တွဲ (၁) တွဲ၊ လပ်ဂိတ်တွဲ(၁)တွဲ၊ ပါဆယ်တွဲ(၁) တွဲ စုစုပေါင်း(၈)တွဲဖြင့် ချိတ်ဆက်ပြေးဆွဲပေးသွားမည်ဖြစ်သည်။

ရန်ကုန်-ပြည် လမ်းပိုင်းတစ်လျှောက်တစ်ရှိ ဘူတာစဉ်များ၌ ရပ်တန့်ပေးမည်ဖြစ်ပြီး ရထားဖြင့် လိုက်ပါစီးနင်းလိုသော ခရီးသွား မိဘပြည်သူများအနေဖြင့် လုံခြုံစိတ်ချစွာ စီးနင်းနိုင်ကြောင်းနှင့် မန္တလေး–ကောလင်းလမ်းပိုင်း၌လည်း RBE (၂)တွဲပါ ရထားတွဲဆိုင်းဖြင့် ဧပြီ ၂၆ ရက်မှစ၍ မန္တလေး–ကောလင်း ခရီးစဉ်အဖြစ် စတင်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်


အာဃာတအမုန်းတရားများ မကုန်ဆုံးသည့်တစ်နေ့ ...

ဆောင်းပါး စာ – ၆

နိုင်ငံ့အနာဂတ်အတွက် လက်တွဲကူညီပါ

ဆောင်းပါး စာ – ၈

အိုလံပစ်ပြိုင်ပွဲ မကျင်းပမီ သုံးလအလိုတွင် တိုကျိုမြို့၌ ကူးစက်မှုများပြားလာ

နိုင်ငံတကာသတင်း စာ – ၁၂



# အဆင့် (၅)နှင့် (၄) နေရာတွင် ရပ်တည်နေသည့် ဝက်စ်ဟမ်းနှင့် ချယ်ဆီးတို့ ပွဲရလဒ်က ဘယ်လိုဖြစ်လာမလဲ

ပရီမီယာလိဂ်ပွဲစဉ် (၃၃) အဖြစ် ဧပြီ ၂၄ ရက် **(ယနေ့)** တွင် လီဗာပူးနှင့် နယူးကာဆယ်၊ ဝက်စ်ဟမ်းနှင့် ချယ်ဆီး၊ ရှက်ဖီးလ်နှင့် ဘရိုက်တန် အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ လီဗာပူးအသင်းနှင့် နယူးကာဆယ်အသင်းတို့ပွဲစဉ်ကို ယနေ့ည ၆ နာရီတွင် လီဗာပူး အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

လီဗာပူးအသင်းသည် ပြီးခဲ့သည့် ပရီမီယာလိဂ်ပြိုင်ပွဲတွင် လိဒ်စ် အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး တစ်ဖက်တစ်ဂိုးစီ သရေကျထားသည်။ အမှတ်ပေးဇယားတွင် ၃၂ ပွဲကစားထားရာ ၅၃ မှတ်ရရှိထားပြီး လာမည့်နှစ် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရန် ရုန်းကန်နေသည့် အသင်းဖြစ်သည်။ နယူးကာဆယ်အသင်းက ပြီးခဲ့သည့် ပရီမီယာလိဂ် နှစ်ပွဲဖြစ်သည့် ဘန်လေ၊ ဝက်စ်ဟမ်းအသင်းတို့နှင့် ပွဲစဉ်တွင် နှစ်ပွဲဆက် နိုင်ပွဲရရှိထားပြီး ခြေစွမ်းကောင်းမွန်နေသည်ကို တွေ့ရသည်။ ထို့အပြင် နယူးကာဆယ်အသင်းသည် ၃၂ ပွဲကစားပြီး ၃၅ မှတ်ဖြင့် လာမည့်နှစ် ပရီမီယာလိဂ်တွင် တင်ကျန်ရန် အားကောင်းလာသည့် အနေအထားတွင် ရှိနေသော်လည်း နိုင်ပွဲရရှိရန် ဆက်လက်ရုန်းကန်ရဦးမည်ဖြစ်သည်။ ထို့ကြောင့် ယနေ့ပွဲစဉ်တွင် မည်သည့်အသင်းက ရလဒ်ကောင်း ပိုင်ဆိုင်ပြီး အမှတ်ပြည့်ရယူသွားနိုင်မလဲ စောင့်ကြည့်ရမည်ဖြစ်သည်။

ဝက်စ်ဟမ်းနှင့် ချယ်ဆီးအသင်းတို့ပွဲစဉ်ကို ယနေ့ည ၁၁ နာရီတွင် ဝက်စ်ဟမ်းအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဝက်စ်ဟမ်း အသင်းသည် ၃၂ ပွဲကစားပြီး ချယ်ဆီးအသင်းနှင့် ရမှတ် ၅၅ မှတ်တူ ဂိုးကွာခြားချက်အသာဖြင့်

*စာမျက်နှာ ၂၇ ကော်လံ ၅* ●



ဝက်စ်ဟမ်းနှင့် ချယ်ဆီးတို့ ပထမအကျော့ တွေ့ဆုံစဉ်က ယှဉ်ပြိုင်မှုကို တွေ့ရစဉ်။